# နာနာဝါဒပုစ္ဆာဝိသဇ္ဇနီကျမ်း

ဗုဒ္ဓနိဗ္ဗာန် - စာကြည့်တိုက်
အမှတ် ..............................

ဗုဒ္ဓ၊ပြ[illegible]မနုဿအဘွား[illegible]ဖ[illegible]ဒ္ဒါ[illegible]မွတ်[illegible]လှ၊အစ ရှိသော ဒုလ္လ[illegible]တရေးသမ္ဗုတ္တိစက် [illegible]လေးပါဖြင့်၊ မြတ်စွာဘုရား သာသနာ[illegible]အရှင်နှ[illegible]ကြောင်းရင်း[illegible]ကြောင့်၊ အလင်းတွေ့[illegible]၊ ရတနာမြတ်[illegible]ပါးအားခိုလှုံ[illegible]ကာပ်သဖြင့်၊ပြု အပ်သောဒါနသီလဘာဝနာအရင်ပေ[illegible] မပြတ်အားထုတ်ခွင့် ရကြကုန်သော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်[illegible]တို့သည်၊မဂ်လမ်း ဖိုလ်[illegible]မ်းသို့ဆုံးခမ်းမပေါက်နိုင်ကြ[illegible]ဥပနိဿ[illegible] ပစ္စည်းကိုရ၍ ပညာသီလသမာဓိ[illegible]စရှိသော[illegible]တိ[illegible] နှင့်ပြည့်စုံသဖြင့်၊ အသင့်နှလုံးသွင်းခြင်းတည်းဟူ[illegible] ဘူတကမ္မသ ကတာ၊သစ္စာနှလောင်[illegible]ဉာဏ်၊ ရင့်သန်[illegible] သံသရာစက် ဝဲဩရက်မှ မထွက်မြောက်နိုင်သမျှ ကာလပ[illegible] လုံး၊ ဆုံးရှုံးနစ်မွန်းခြင်းမရှိ။ ဘဝ[illegible]မွတ်[illegible]သောဂဘ[illegible]မှုတ္တိပကာ[illegible] ပြည့်စုံနိုင်ကြစေခြင်းအကြောင်း။ မကောင်းသော မိစ္ဆာအမြင် မစင်ကြယ်သောမိစ္ဆာဝါဒတို့ကိုသုတ်သင်နိုင်ကြ၍ မဂ္ဂဖလမှ၊ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊အစရှိ သော လောကီ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို ရနိုင်ကြစေရန်၊ ရည်သန်လျက်၊အထက်ရေးသားသော နိဗ္ဗာနမ္မ[illegible]ထ[illegible]ကျမ်း တွင်တင်ပြသော အချက်များကိုထင်ရှားစွာ နားမလည်ကြရ[illegible] အချို့ဥပါသကာတို့သည် ဝိဝါဒမကွဲပြား၍၊ ဝိစိကိစ္ဆာ ဖြစ်ပွါး သည်အလျောက် စုံထော်မေးမြန်းလာကြ[illegible] ပုဂ္ဂိုလ်တို့၏အ လိုသို့လိုက်သဖြင့်၊ထိုက်သည့်အားလျော်စွာပြအံ့သနာအရှုပ်ချုပ် ကိုဆုံးဖြတ်ခဲ့ရာ မြတ်စွာဘုရား သာသနာကိုရှည်စွာတည်မိမှ သောငှာ။ချီးမြှောက်ထိုသော ဥပါသကာတို့တောင်းပန်ချက်အ

ရ၊နာနာဝါဒ ပုဏ္ဏာဝိသဇ္ဇနီ မည်[illegible]၏ကျမ်းကျကြီးပန်း အား ထုတ်ဘုတ်ချုပ်ငယ်ပြုလုပ် ရေးသား[illegible]ပါသည်။ ။ရေး

နိဒါန်း။

သားသော အချက်များသည် အလွန်ပင် နက်နဲခက်ခဲသောပရ မတ္ထသဘာဝ[illegible]ားဖြစ်သော[illegible]ကြောင့် စင်စစ်ဟုတ်မှန်သည်အ တိုင်းသိမြင်နိုင်ရန်၊ နိသမည[illegible]ကိုရှေ့သွားပြုသဖြင့်၊ ကိုယ်မှု ကိုယ်ကျိုးသူတပါးအကျိုးနှင့် သာသနာတော်မြတ်၏တိုးတက် ပြန့်ပွါးခြင်း အကြောင်းများကို ကြိုးစားအားထုတ်[illegible]ကြပေ တော့သည်။ ။သဗ္ဗမ္ဗိအတိဒုလ္လဘံ။ဟူသောတရားတော်အရ၊ အလွန်ကြားနာရခဲလှသော မဂ်တရားဖိုလ်တရားနိဗ္ဗာန် တရား ထူးများ၏ပါဒကအခြေဖြစ်သောကြောင့်၊ စင်စစ်အနှစ်[illegible]ရရှိ သောကျမ်းဖြစ်သည်နှင့်အညီ၊ မကြည်ဖြူမှုကို အဆောတလျင် မပြုမူ၍ အစအလယ် အဆုံးသုံးပါးလုံးကိုညှိနိုင်းသဖြင့် အသင့် နှလုံး သွင်းနိုင်ကြ စေကြောင်း၊ ၎င်းအချက်များကို အားရနှစ် သက်သောသူတော်ကောင်းတို့သည်။သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ။ ဓမ္မံပူဇေသောသမိတိ။ ယေဓမ္မဓရေပုဂ္ဂလေ။စတုဟိပစ္စယေဟိဥပ [illegible]ဟန္တာ။ပူဇန္တာ။သက္ကရောန္တာ။ ဓမ္မဥ္စဝိရဥ္စိတိကာံကရောန္တော။ ဓမ္မေဒါနံဒဒန္တိနာမ။ ဟူသောတရားတော်အရ၊ ဓမ္မဒါနဖြစ်လို သော သူတို့ အလွယ်တကူ လှူဒါန်း နိုင်ကြစေရန်၊ ကျွန်ုပ်တို့ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က၊ ပုံရိုက်လုပ်ဆောင်ထိုက် ပါသည်။

နိဗ္ဗာန် - စာကြည့်တိုက်
မောင်စိုးညွန့်

# မာတိကာစဉ်။


အကြောင်းအရာ။ စာမျက်နှာနံပါတ်

သင်္ခါရတရားများ၏ ပညတ်ပရမတ်သဘာဝဝင်းသင်္ခတ တခေါက်အသင်္ခတတခေါက်အပြားအကြောင်း ... ၃၀

ဉာဏ်နှင့်ပညာနှစ်ပါးလက္ခဏာ ... ... ... ... ၄၂

ဒွိဟိတ်ပုဂ္ဂိုလ်နှင့်တိဟိတ်ပုဂ္ဂိုလ်နှစ်ပါး၏ ခြားနားခြင်း လက္ခဏာ ... ... ... ... ... ... ၄၅

ကံဒုစရိုက်။ ကမ္မပထတရားများ၏ လက္ခဏာ။ အလုံးစုံ သောစေတနာတို့သည်ကံမည့်ကြောင်း ... ၄၈

ဒုသီလနှင့်သီလဝန္တရဟန်းများကိုအလှူခံပုဂ္ဂိုလ်၁၄ပါး တွင်ဂုဏ်အားလျော်စွာ အသီးအခြားလှူဉပါသ ကာများကဲ့သို့တပေါင်းတည်းသွတ်သွင်းထိုက် ကြောင်း ... ... ... ... ... ... ၆၀

လောကီ လောကုတ္တရာ သရဏဂုံနှင့် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်သရဏဂုံအပြား ... ... ၆၄

ပုဂ္ဂလိကဒါန၏ စင်ကြယ်ခြင်းမစင် ကြယ်ခြင်းနှင့် ပါပ ဓမ္မ ကလျာဏ ဓမ္မနှစ်ပါး၏ အနက်ကို ယောဇ နာခြင်း ... ... ... ... ... ... ၆၇

သံဃာ အနက် အဓိပ္ပါယ် နှင့် သံဃ ဂုဏ် ၉ ပါး အ ကြောင်း ... ... ... ... ... ... ၇၁

ရဟန်း အနွယ်မှ ဖြစ်ကျန်လျက် ရဟန်းဟူ၍ ဝန်ခံကြ သောပုဂ္ဂိုလ်များယခုကာလရှိမရှိအကြောင်း ၇၆

## နာနာဝါဒပုတ္တာဝိသဇ္ဇနီကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။မဂ်တရားဖိုလ်တရားများကို အားထုတ်နိုင်ကြစေရန် ရည်သန်၍ နိဗ္ဗာနမဂ္ဂကထာကျမ်းကို ဆရာစိုးရင်ရေးသားခဲ့၏။ ။ယခုအခါ ကာလ ဝိပတ္တိဖြစ်၍။ မဂ်တရား ဖိုလ်တရားပင်ရှိသေးသည်း။ပဋိပတ်ကျင့်နည်း ကမ္မဋ္ဌာန်းယူနည်းအပြီးကွယ်ခဲ့သဖြင့်။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက်နှစ်ပေါင်း ၅၀၀ ကျော်လောက်မှစ၍သောတာပန်သကဒါဂါမ်အနာဂါမ်ရဟန္တာမရှိဟုပြောကြားသော အချက်များ ကိုသာကြားသိရပါသည်။ ။ဆရာအဘယ်သို့သဘောရှိပါသနည်း။

အဖြေ။ ။သာသနာသုံးပါးကို တပါးစီပိုင်းခြားသဖြင့်ပရိယတ် သာသနာသာလျှင်၅၀၀၀။ ပဋိပတ်ပဋိဝေဓ သာသနာတော်သည် နှစ်ပေါင်း ၅၀၀၊ ၁၀၀၀ လောက် အတွင်းကွယ်လိမ့်မည်ဟုမြွတ်စွာဘုရားဟောတော်မမူ။ ။ပဋိပတ္တိ သာသနာသည်ပရိယတ္တိသာသနာကိုမှီ၍ဖြစ်၏။ ပဋိပတ်ရှိလျှင်သည်းပဋိဝေဓရှိမြဲ၊ ထို့ကြောင့် သုံးပါးကို တပေါင်းတည်း ပြုလုပ်ထားတော်မူခဲ့ကြောင်းကား။ ။သာသနဋ္ဌိတိယာပနပရိယတ္တိ ပမာဏံ၊ပဏ္ဍိတောဟိတေပိဋကံသုတွာခွေပိပူရေတိ။ ဟုသမ္မောဟဝိနောဒနီအဋ္ဌကထာ၌လာ၏။ ။အနက်ကား။ပန၊ အထူးကား။သာသနဋ္ဌိတိယာ၊သာသနာတော်မြင့်ရှည်စွာတည်ခြင်း၏။ပမာဏံ၊အတိုင်းအရှည်သည်။ပရိယတ္တိ၊ပရိယတ် သာသနာပင်တည်း။ဟိ၊မှန်၏။ပဏ္ဍိတော၊ ပညာရှိသောသူသည်။တေပိ

ဋ္ဌကာ၊ထိုပိဋကတ်တရားတော်ကို၊သုတွာ၊ နာရသည်ရှိသော်၊ ဧဠေပိ၊ နှစ်ပါးကုန်သော၊ ပဋိပတ္တိ ပဋိဝေဓ သာသနာတော်ကို လည်း၊ပူရေတိ၊ဖြည့်စေနိုင်၏။

အကယ်၍ ပဋိပတ်ကျင့်နည်း ကမ္မဋ္ဌာန်းယူနည်း ကွယ်ခဲ့ သည်သို့အံ့။ ယခုရရှိသောပိဋကတ် သုံးပုံသည်မစုံလင်သေး။ သင်္ဂါယနာငါးခါတင်သောအခါ၌လည်း မရလိုက်မိ။ရဟန္တာ အရှင်များအား ငုံ့ဆောင်၍ ထားရာ။ တဆင့်ထက် တဆင့်ပရိ နိဗ္ဗာန်ယူပြီးနောက်ပျောက်ပျက်၍ သွားသည်ဟု ဆိုရာရောက် ၏။ထိုသို့ဆိုသော်၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿအဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ။ ဟူ၍ လူဖြစ်လျှင်သ ပိတ်မှောက်ရှစ်ပါး။ ရဟန်းဖြစ်လျှင် စလောင်းမှောက်၊ အင်္ဂါ ရှစ်ပါးတွင်။ အမှုးအကြီးဖြစ်သောအင်္ဂါသုံးပါး ပါဝင်ရာ။ အ ရိယူပဝါဒကံ၊ထိုက်မထိုက်ကိုစဉ်းစားကြည့်စေလိုသည်။

အမေး။ ။အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ရေး သုံးပါးကို ထင်ရှားစွာသိမြင်ရုံမျှဖြင့်မဂ်ရမည်လော။

အဖြေ။ ။လက္ခဏာ ရေး သုံးပါးကို ထိုးထွင်း၍ သိနိုင် သော ဝိပဿနာ သမ္မာဒိဋ္ဌိကို ရသော်။ အယုတ်ဆုံးအားဖြင့် သော တာပန်အဖြစ်သို့ ရောက်နိုင် ရာသည်။ ။ထို့ကြောင့်၊ သစေဝိပဿနာသမ္မာဒိဋ္ဌိဘာဝိတာ၊ ဒိဋ္ဌေဝဓမ္မေအရဟတ္တံပါ ပေတုံသက္ကောတိ။ ဣဓစေတံကုသလံနောစေသက္ကောတိ၊သတ္တ ဘဝေဒေတိအာဝုသော။ ။အင်္ဂုတ္တရအဋ္ဌကထာ။

အနက်။ ။အာဝုသော၊ငါ့ရှင်တို့။သစေ၊အကယ်၍။ဝိပဿနာ သမ္မာဒိဋ္ဌိ၊ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ပွါးစေအပ်သည် ရှိသော်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ဘဝ၌။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ရောက်စေခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ တံကုသလံ၊ ထိုကုသိုလ်သည်။ ဣဓစေ၊ ဤသို့။နော စေသက္ကောတိ၊ အကယ်၍ ရဟန္တာအဖြစ်သို့ မရောက်စေနိုင် ငြားအံ့။ သတ္တဘဝေ၊ ခုနစ်ဘဝဖြင့်။ ဒေတိ၊ ပေး၏။ ။ထိုသို့

ဟောထားချက် ရှိသည့်အတိုင်း မျက်မှောက် သော ကိုယ်၏ အဖြစ်၌ ရဟန္တာ အဖြစ်သို့ ရောက် နိုင်ရာသည်။ အကယ်၍ ရဟန္တာမဖြစ်ခဲ့သော်။ရှစ်ခုမြောက်သောဘဝမရှိသော သောတာပန်အဖြစ်သို့ရောက်စေနိုင်ကြောင်းလာ၏။

အမေး။ ယခုအခါ အိမ်ရာထောင်သော လူဖြစ်သောသူသည်သောတာပန်အဖြစ်သို့ရောက်နိုင်မည်လော။

အဖြေ။ ခက်ခဲနိုင်ရာမရှိ၊တရားကိုမသိသော်လျှင်ခက်ခဲမည်။ ထို့ကြောင့်။ ဒီဃဘာဏကာလာန သံသရောသန္ဓမ္မံ အဝိဇာနတံ။ဟူ၍၊ ဓမ္မပဒပါဠိတော်၌လာ၏။ ။သောတာပန်ဂုဏ်ကို သိလိုလျှင်ပရိတ်ကြီး ပါဠိတော် ရတနသုတ်တွင်၊ ယေအရိယသစ္စာနိဝိဘာဝယန္တိ၊ဂမ္ဘီရပညေနသုဒေသိတာနိ။ကိဉ္စာပိတေ ဟောန္တိဘုသံပမတ္တာ၊ငရင်းအဆုံးယူအနက်နှင့်တကွသဘောရအောင် စဉ်းစား ကြည့်ရာသည်။ ထို့နောက်။ သဟာဝဿ ဒဿနသမ္ပဒါယ၊ဂါထာကိုလည်းကြည့်။ထို့ဖြင်ကိဉ္စာပိသော ကမ္မံက ရောတိ၊ ကိုလည်း အဆုံးတိုင် စဉ်းစား၍ ကြည့်လျှင် သောတာပန်ပုဂ္ဂိုလ်သည်သစ္စာလေးပါးကို မြင်ခြင်းဟူသော ဂုဏ်။ ။မကောင်းမှု ဒုစရိုက်ကို ပြုမိသော် လည်း ဖေသနာ ကြားခြင်း။ ။မပြုထိုက်သော အမှုမှာကား။ ဆဋ္ဌာဘိဌာနာနိ အဘဗ္ဗကာတုံ၊ အရ၊ပဉ္စာနန္တရိယကံငါးပါးနှင့်နိယတမိစ္ဆာဒိဋ္ဌိ တပါး။ပေါင်း ၆ ပါးသော လွန်စွာသော ကံကြီးများကို မပြုထိုက် ဟူ၍ဟောတော်မူ၏။

ထေရဂါထာပါဠိတော် အလာမှာလည်း။ ယဉ္စအဗ္ဘန္တသံယုတ္တံယာစဓမ္မကတာရတိ၊ တံသမာဒါယဝတ္တေယျ၊သာခေတိ ဥတ္တမံရတိံ၊ ဟူ၍ ဟောတော် မူခြင်းရှိ၏။ ။အနက်ကား၊ ယော၊အကြင်အိမ်ရာထောင်သောလူဖြစ်သေါသူသည်၊ အဗ္ဘန္တ၊အကျိုးနှင့်။ယဉ္စသံယုတ္တံ၊အကြင် ဆက်ဆန် ခြင်းသည်လည်း ကောင်း။ ဓမ္မကတာ။ဝိပဿနာ တရား၌ဖြစ်သော။ ဝါ၊တရား တော်၌။ ယာရတိ၊ အကြင် မွေ့လျော်ခြင်းသည်။ အတ္ထိ၊ရှိ၏။

ကံ၊ထိုတရားနှင့်ဆက်ဆန်သော်အကျင့်၌မွေ့လျော်ခြင်းကို။သမာဒါယ၊ဆောက်တည်၍။ ဝတ္တေယျ၊ဖြစ်စေငြားအံ့။ သော၊ထိုအိမ်ရာထောင်သောသူသည်၊ ဥဘယံ၊ မြတ်သော။ ရတိံ၊မဂ်မွေ့လျော်ရခြင်းကို။သာဓေတိ၊ပြီးစေနိုင်၏။

တနည်းကား။ ယဿ သဒ္ဓါဗလဝတိ။ ဝိပဿနာ စ အာရဒ္ဓါ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ။ နိသိန္နဿ၊ ဘုဉ္ဇန္တဿ စ မဂ္ဂဖလပ္ပဋိဝေဓော နာမ န ဟောတီတိ န ဝတ္တဗ္ဗံ။ (မဟာသာရောပမသုတ္တဋီကာ။)

အနက်ကား။ ။ယဿ၊အကြင်သူအား။သဒ္ဓါ၊သဒ္ဓါတရားသည်။ဗလဝတိ၊အားကြီး၏။ ဝိပဿနာစ၊ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း။အာရဒ္ဓါ၊အားထုတ်၏။တဿ၊ထိုသူအား။ဂစ္ဆန္တဿ၊သွားစဉ်။တိဋ္ဌန္တဿ၊ရပ်စဉ်။နိသိန္နဿ၊ထိုင်စဉ်။ဘုဉ္ဇန္တဿ၊စားစဉ်။မဂ္ဂဖလပ္ပဋိဝေဓောနာမ၊မဂ်ဖိုလ်ကိုထိုးထွင်း၍သိခြင်းမည်သည်။နဟောတိ၊မဖြစ်။ဣတိ၊ဤသို့။နဝတ္တဗ္ဗံ၊မဆိုအပ်။

တနည်း။ ။ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဋ္ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌာလဒ္ဓါ နာမ။ စူဠသောတာ ပန္နော နာမ ဟောတိ။ နိယတဂတိကော။ ။(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အနက်။ ဧဝံ၊ ဤသို့။ သင်္ခါရေ၊ သင်္ခါရ တရားတို့ကို၊ သလ္လက္ခေတွာ၊အကြောင်းတရားအကျိုးတရားမျှသာဟုမှတ်၍။ ဋ္ဌိတဿ၊တည်သော။ဘိက္ခုနောပန၊ရဟန်းအားကား။ ဒသဗလဿ၊မြတ်စွာဘုရား၏။သာသနေ၊သာသနာတော်၌။မူလံ၊ အမြစ်အရင်းသည်။ ဩတိဏ္ဏံနာမ၊ သက်ဆင်းသောမည်သည်၊ ဟောတိ၊ဖြစ်၏။ ပတိဋ္ဌာ၊တည်ရာကို။လဒ္ဓါနာမ၊ ရသည်မည်၏။ စူဠသောတာ ပန္နောနာမ၊ သောတာပန် ငယ်မည်သည်၊ ဟောတိ၊ဖြစ်၏။ နိယတဂတိကော၊မြဲသောနတ်ရွာသုဂတိအလားရှိသည်။ဟောတိ၊ဖြစ်၏။

တနည်း။ ။ဝင်းအဋ္ဌကထာ။ ။ဈာမိနာ ဉာဏေန သမန္နာ

ဂတော ဝိပဿကော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပ
တိဋ္ဌော။နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

အနက်။ ဣမိနာဉာဏေန၊ဤကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်
နှင့်။သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှု
တတ်သောပုဂ္ဂိုလ်သည်။ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသ
နာတော်၌။လဒ္ဓဿာသော၊ရအပ်သောသက်သာခြင်းရှိသည်။
ဟောတိ၊ ဖြစ်၏။လဒ္ဓပတိဋ္ဌော။ ရအပ်သော တည်ရာရှိသည်။
ဟောတိ၊ဖြစ်၏။ နိယတဂတိကော၊မြဲသောနတ်ရွာသုဂတိအ
လားရှိသည်။ ဟောတိ၊ဖြစ်၏။စူဠသောတာပန္နောနာမ၊ သော
တာပန်ငယ်မည်သည်။ဟောတိ၊ဖြစ်၏။

အမေး။ ဆရာ့နိဗ္ဗာန မဂ္ဂကထာကျမ်းတွင်၊ သံဃာကို
ဝေဘန်ရာ၌ဘိက္ခုနှင့်ဥဒ္ဒိဿဘိက္ခုနှစ်ပါးကို အကျဉ်းထား၍၊
ပုဂ္ဂိုလ်အားဖြင့် သံဃာ၊ အနွယ်အားဖြင့် သံဃာနှစ်ပါးကိုပိုင်း
ခြား၍ပြ၏။သို့ဖြစ်၍သမ္မုတိသံဃာတော်သည်သရဏဂုံထိုက်
မထိုက်ကိုသိလိုပါသည်။

အဖြေ။ သမ္မုတိသံဃာဟူက ပုထုဇဉ်သံဃာ၊ ပရမတ္ထ
သံဃာ နှစ်ပါး စုံပါဝင်၏။ ။ပရမတ္ထ သံဃာ မဟုတ်သော
ကြောင့်သမ္မုတိသံဃာဟူ၍ ခေါ်သည်မမှတ်ရာ။ ။သမ္မုတိ
သံဃာတွင်၊ သီလဝန္တကလျာဏ ပုထုဇဉ် ရဟန်းနှင့် ရှစ်ပါး
သောအရိယာပုဂ္ဂိုလ်တို့သည်၊ သရဏဂုံထိုက်၏။ ထိုပုဂ္ဂိုလ်
များအောက် ဖြစ်သော ရဟန်းများသည် ဥဒ္ဒိဿ သရဏဂုံမျှ
ထိုက်၏။ ပုဂ္ဂလိက သရဏဂုံ မထိုက် ဖြစ်သည်။ ။ထိုက်
ကြောင်းမထိုက်ကြောင်းသရဏအဓိပ္ပါယ်ကိုရှေးဦးစွာသိမှ ဝိ
စိကိစ္ဆာကျနိုင်မည်ဖြစ်၍ဝေဘန်အံ့။

သရဏဂတာနံတေနေဝ သရဏဂမနေန ဝဋ္ဋဘယံစိတ္တု
တြာသံကာယိကံဒုက္ခံ၊ဒုဂ္ဂတိပရိယာပန္နံ၊ သဗ္ဗမ္ပိဒုက္ခံဟနတိ ဝိ
နာသေတီတိသရဏံ။ (ဝိနည်းဋီကာ)။ ။ယံရတနတ္တယံ၊ အ
ကြင်ရတနာသုံးပါးအပေါင်းသည်။သရဏဂတာနံ၊ ကိုးကွယ်

လည်းလျှောင်းခြင်းသို့ရောက်ကုန်သောသူတို့အား။ တေနေဝသရဏာဂမနေန၊ ထိုသို့ကိုးကွယ်လည်းလျှောင်းခြင်းသို့ ရောက်သဖြင့်။ ဝဋ္ဋဘယံ၊ ဝဋ်တည်းဟူသောဘေးကိုလည်းကောင်း။ စိတ္တုတြာသံ၊ စိတ်၏ ထိတ်လန့်ခြင်းကိုလည်းကောင်း။ ကာယိကံဒုက္ခံ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲကိုဒင်း။ ဒုဂ္ဂတိပရိယာပန္နံ၊ အပါယ်ဘုံ၌အကြုံးဝင်သော။သဗ္ဗမ္ပိဒုက္ခံ၊ အလုံးစုံသောဆင်းရဲအပေါင်းကိုလည်းကောင်း။ ဟာနတိပိနာသေတိ၊ ပယ်ဖျောက်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ တံရတနတ္တယံ၊ ထိုရတနာသုံးပါးအပေါင်းသည်။သရဏံ၊သရဏမည်၏။

တ့ရားတော်၏ ဝစနတ္ထကား။ အတ္တာနံဓါရေန္တေသတ္တေစတူသုအပါယေသုဝဋ္ဋဒုက္ခေသုစအပတမာနေ ကတွာဓါရေတိတိဓမ္မော။ ။အနက်။ ။အတ္တာနံ၊ မိမိကိုယ်ကို။ ဓါရေန္တေ၊ ဆောင်ကုန်သော။သတ္တေ၊သတ္တဝါတို့ကို။စတူသု။လေးပါးကုန်သော။အပါယေသုစ၊အပါယ်ဘုံတို့၌လည်းကောင်း။ဝဋ္ဋဒုက္ခေသုစ၊အပါယ်မှကြွင်းသောဝဋ်ဒုက္ခတို့၌လည်းကောင်း။ အပတမာနေ၊မကျသည်တို့ကို။ ကတွာ၊ပြု၍။ဓါရေတိ၊ ဆောင်တတ်၏။ဣတိတသ္မာ၊ ထိုကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ ။ထိုသို့ပြသည့်အတိုင်း၊ သံသာဟူကအပါယ်ဘေးကြီးများသို့ မဆွဲဘဲ၊ ဒုက္ခဝဋ်ဆင်းရဲ ဟူသမျှမှ လွတ်စေသောကြောင့် သံသာမည်၏။ ။ဟောသောတရားလည်းအပါယ်ကိုမချဘဲ၊ သုခကိုဖြစ်စေမှ၊ တရား မည်လိမ့်မည်။ ။ကပိလ ရဟန်းကို သရဏသံသာအမှတ်ဖြင့်ကိုးကွယ်ဆည်းကပ်ကြသော များစွာသောဒါယကာ ဒါယိကာမ တို့သည် ယခုတိုင် အဝိစိ၌ ငြိလျက်ရှိသေးသည်ကိုထောက်သဖြင့်၊ ပုထုဇဉ်သံသာကိုကိုးကွယ်ရာဟူ၍ ဟောတိုင်းနားထောင်သဖြင့်။ ဆည်းကပ်ခြင်း၌ မအပ်သောကြောင့်၊ပုဂ္ဂလိကာသရဏဂုံမထိုက်ဟုဆိုလိုသည်။

အမေး။ ကပိလရဟန်းကိုလှူဒါန်းသောကြောင့် အပါယ်သို့လားသည်လားဟုဆိုလိုပါသည်။

အဖြေ။ လှူဒါန်းသောကြောင့် မဟုတ်၊ ဝါဒကိုနှစ်သက်၍ကပိလဝါဒီပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြသောကြောင့် နစ်မွန်းကြရတော့သည်။ ကပိလရဟန်းသည်ဒုဿီလမဟုတ်၊ သီလဝန္တဖြစ်၏၊ ကလျာဏဓမ္မ ဝါဒီ ဘားမဟုတ်။ ထိုပုဂ္ဂိုလ်သည် မဟာထေရ်ကြီးဟူသော ကျော်စောခြင်းဖြင့်ပုဂ္ဂိုလ်တပါးဟူ၍ထင်ရှား၏။ ။ပိဋကတ်သုံးပုံကိုသည်းအာဂုံဆောင်၍ အာစရိယဆရာကြီး တဦးဖြစ် သည် အလျောက်၊ သီလဝန္တ သံစာဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကြီးမဟာထေရ်ကြီးဟူ၍ လူများတို့သည် အပဖြစ်သောအမူအရာဖြင့်လွန်စွာကြည်ညိုကြ၍။ ဝါဒကို စွဲလမ်း ယူမိကြသောကြောင့် ဘေးထိကြရှာတော့လေသည်။

အမေး။ ကပိလရဟန်းသည်ဒုဿီလပုဂ္ဂိုလ်ဖြစ်ရာသည်။

အဖြေ၊ ထိုကပိလ ရဟန်းသည် ရှင်ဂေါတမ မြတ်စွာဘုရားလက်ထက် ခေတ္တခဏငါးကြီးဖြစ်လာသောအခါ။ကိုယ်သည် သီလဖြူစင်သည်အတွက်ကြောင့် ရွှေအဆင်းကဲ့သို့ တင့်တယ်လှပ၍ ခံတွင်းကသာ၊ မသမ္မာသော ဝါဒကြောင့် ပုပ်လှသည်ဟု ဘုရားရှင်ဟောတော်မူသည်ကိုထောက်၍ သိနိုင်ရာသည်။

အမေး။ ဆရာ့နိဗ္ဗါနမဂ္ဂကထာကျမ်းစာမျက်နှာ၁၈၀-၈၁၌ အယုတ္တဒါနေနဒါနံ၊အရမသင့်မတင့်သောဝတ္ထုပစ္စည်းကိုပေးလှူခြင်းသည် ဒါနမဟုတ် ဟူ၍ ရေးသားခဲ့၏။ အဘယ်ပစ္စည်းသည်မသင့်မတင့်သောပစ္စည်းဖြစ်ပါသနည်း။

အဖြေ။ မလှူအပ်၊လှူသဖြင့်လည်း ဒါနအကျိုးမဖြစ်သော အဒါနသမ္မတဝတ္ထု၊ ဆယ်ပါးရှိ၏။ ၎င်းဆယ်ပါးကား၊ ကချေသဘင်ပွဲအလှူဟူသောသမဇ္ဇဒါန၊သေရည်သေရက်အလှူဟူသော မဇ္ဇဒါန၊ကာမေသုမိစ္ဆာအဝင်ပျော်ရွှင်မှုဖြင့်မိန်းမအလှူဟူသော ဣတ္ထိဒါန၊ နွားလားဥသဘအစရှိသောတိရစ္ဆာန်ယောက်ျားအား တိရစ္ဆာန်မဖြင့် သားထိုးခြင်းဟူသောဥသဘဒါန၊ ကာမဂုဏ်

ကိုတိုက်တွန်းအပ်သော မတင့်တယ်သော ပန်း၍ ဆေးအရုပ်ကား အလှူဟူသော စိတ္တကမ္မဒါန၊ အသက်၏ အန္တရာယ်ဖြစ်သော လက်နက်အလှူဟူသော သတ္ထဒါန၊ သေစေတတ်သော အဆိပ် အလှူ ဟူသော ဝိသဒါန၊ သံခြေကျဉ်း လက်ထိပ်အလှူဟူ သော သင်္ခလိက ဒါန၊ ချိန် စည်းလဲ တင်း စည်းလဲအလှူဟူသော တုလာကူဋ မာနကူဋဒါန၊ သက်ရှိသတ္တဝါကို စားစေရန်ပေးလှူခြင်းဟူသောသတ္တဒါန။ ၎င်းဝတ္ထုဆယ်ပါးသည် အပါယ်သားကြောင်းဖြစ်သောကြောင့် မလျော်သည် အလျော်မသင့် မတင့်သောဝတ္ထုကို ပေးလှူခြင်းသည် ဒါနမဟုတ်ဟူ၍ ရေးသားအပ်၏။ ။ပရိသုဒ္ဓိ ဓမ္မဒါနံ အရလည်း၊ ဝတ္ထုမှန်သော ပစ္စည်းကိုလှူခြင်းဟူ၍ ယူရန်သင့်လှပေ၏။ ။ဓမ္မံ၊ တရား။ ပ သုဒ္ဓိ၊ စင်ကြယ်။ ၎င်းအဓိပ္ပါယ် အလာအတိုင်း ဟုတ်မှန်သော သမ္မာဒိဋ္ဌိတရားလျော်သောပစ္စည်းကိုပေးလှူခြင်းဟူ၍ အာမိသဒါန၊ ဓမ္မဒါန နှစ်ပါးကိုပင် ယူရာ၏။ နှစ်ပါးစုံကို ပင်ယူထိုက်ကြောင်းကား။ ရန်ကုန်အောင်ဘန်များသော်လည်းသူရဲကောင်းမဟုတ်၊ပိဋကတ်သုံးပုံကိုအာဂုံဆောင်၍တတ်သော်လည်းပညာရှိမဟုတ်၊ဤသို့အစရှိသဖြင့်၊ဧကန်အနေကန်၊ ပညတ်ပရမတ်နှစ်ပါးတွင်၊ဤအခါ၌ဧကန်ပရမတ်ကိုဘုရားရှင်ဟောတော်မူသောကြောင့် မစင်ကြယ်သော တရားနှင့်မလျော်သော ပစ္စည်းများကိုလှူခြင်းသည် ဒါနမဟုတ်ဟူ၍ ယူနိုင်ရာသည်၊ထိုသို့မဟုတ်ဟု ယောဇနာလျှင်၊ ရန်ကုန်အောင်ဘန်များကပုထုဇဉ်တို့အမြင်အတိုင်း သူရဲ ကောင်းဖြစ်ရာ၏။ ထိုနည်းတူ ပိဋကတ်သုံးပုံကို ကျနစ်အောင်တတ်လျှင်လည်း စာတတ်ပညာရှိ ဖြစ်ရာသည်၊ ဘုရားရှင်ကိုယ်တော်တိုင် ဟောအပ်သော တရားတော် ဖြစ်သောကြောင့်၊ တရားတော်၏ အကျိုးမဲ့ကို မပြောမိမဆိုမိစေခြင်းငှါ သတိပြုသင့်ကြတော့ပေ၏။

အမေး။ ဆရာရေးသားသောနိဗ္ဗာနမဂ္ဂကထာကျမ်းမပေါ်မီ၊ အချို့ကျမ်းပြုဆရာများ၏ဝါဒသို့သက်သဖြင့်တရားတော်၏

အန္တရာယ်ဖြစ်သော ကျမ်းငယ်များကို ဓမ္မဒါန အမှတ်ဖြင့်တယောက်သောပုဂ္ဂိုလ်သည် လှူဒါန်းရာဓမ္မဒါနဖြစ်ပါမည်လော၊ ၎င်းဆရာ့ကျမ်းကို မှားသည်ဟုအကျိုးမဲ့ပြောကြား၊ သူတပါးကိုလည်းဟန့်တားရာ၊အပြစ်ထိုက်မည်လော။

အဖြေ။ မမှန်သောတရားနှင့် မလျော်သော ဝတ္ထုကိုလှူဒါန်းခြင်းသည် ဒါနမဟုတ်ဟု ပြဆိုခဲ့သည် အတိုင်း ချွတ်ယွင်းသော တရားတော်ကို ချီးမြှောက်လှူဒါန်းရာ၌လည်း၊ ဓမ္မဒါနမဖြစ်နိုင်ရာ၊ ၎င်းအဒါနသမ္မတဆယ်ပါးကိုလှူရာ၌၊ ယောတံဒါနံဒေတိသော အပါယဂါမိ၊ ဟူ၍အပါယ်သို့လားထိုက်ကြောင်း မိလိန္ဒပဉှာ ကျမ်း၌ လာသည် အတိုင်း၊ အပြစ်ထိုက်ရာသည်၊ အဂတိလေးပါးတွင် ဘယာဂတိဟူ၍ ကြောက်ရွံ့ အားနာသဖြင့်၊ထိုအလှူတွင်ပါဝင်သည်ဖြစ်စေ၊ ဟုတ်မဟုတ်မှန်မမှန်ကိုမသိသဖြင့် ရေးသားခြင်း ပါဝင်ခြင်းများလည်းမောဟာဂတိသို့သက်သည် ဖြစ်သောကြောင့်၊ အပြစ်လွတ်ခွင့် မရှိနိုင်ရာ။ ။ ဖြောင့်သော တရား၊ မှန်သောတရား၊ အထူးသဖြင့်မဂ်ဖိုလ်နှင့်ဆိုင်သော တရားများကို ပိတ်ပင်တားဆီးခြင်း၌ကား ကြီးစွာသော အန္တရာယ်ဖြစ်ရာ၏၊ ဘုရားရှင်ကို လမ်းပိတ်ပင်တားဆီးသောဦးရိုးတော်သုပ္ပဗုဒ္ဓမင်း၏ မြေမျိုခြင်းကို ထောက်သဖြင့် ကြောက်ဘွယ်ကောင်းလှ၏။

အမေး။ ထိုအပြစ်လွတ်ရန်အဘယ်သို့ပြုရပါမည်နည်း။

အဖြေ။ ဤနိဗ္ဗာနမဂ္ဂကထာကျမ်းနှင့်နာနာဝါဒပုစ္ဆာဝိသဇ္ဇနီကျမ်းများကိုလှူဒါန်းလျှင်၊အပြစ်မှလွတ်ရာ၏။

အမေး။ ဆရာကျမ်းစာမျက်နှာ၄၄၌။ ကမ္မန္တရာယ်ကိုဝေဘန်၍ ပြရာ။ သံဃာဘေဒက၌ သမ္မုတိ သံဃာကိုသင်းခွဲခြင်းမျှဖြင့် မကွဲပြားပါ။ သင်းကွဲသည်ဆိုရာ အဘယ်နည်းဖြင့် ကွဲပါသနည်း။

အဖြေ။ ဥပမာဖြင့်ရှေးဦးစွာပြသော်။ခရေဇ်ယံဘာသာ၌။ ရောမခရာဇ်ယံဘာသာ။ အမေရိကံခရာဇ်ယံဘာသာ။အင်္ဂလိ

ရာဇ်ယံဘာသာ အစရှိသဖြင့်။ ဂိုဏ်းဆရာ တပါးတည်းဖြင့်တရားဝါဒကွဲပြား၍တပါးသည်တပါးအားအပါယ်လားကြောင်းမကောင်းပြောခြင်းထင်မှတ်ခြင်းရှိကြ၏။ ။ဤနည်းသည်သင်းကွဲနည်းမည်၏။ ။ရန်ကုန်ရောမအသင်း။ တောင်ငူရောမအသင်း။ ပုသိမ်ရောမအသင်းဟူ၍ရောမတိုင်းကြီးရှိခရာဇ်ယံသာသနာပိုင်ကြီး၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ကြီးများ လက်အောက်အာဏာခံတသင်းတည်းဖြစ်ကြ၏။

ဤသို့သောနည်းဖြင့် သင်းကွဲသည် မမည်။ အမြို့မြို့မှ လာရောက် တွေ့ဆုံ ကြသော ရောမ ဘုရင်ကျွဲဘုန်းကြီးများသည် တစ်ပေါင်းတည်း ပြု၍ တရားဟောခြင်း ကျောင်းမှုပြုခြင်းဖြင့်ပေါင်းသင်းကြ၏။ဤနည်းဖြင့်သင်းမကွဲဖြစ်၏။

အမေး။ ကိလေသာအဏ္ဏဝါရာယ်၌မိစ္ဆာဒိဋ္ဌိကြီးများကိုဖျေ သားပြရာ။မြန်မာဗုဒ္ဓဘာသာ၌နတ္ထိကအစရှိသောဒိဋ္ဌိကြီးများရှိပါ၏လော။

အဖြေ။ ·တရားတော်၌မရှိ။တရားကိုဆောင်ကြသောပုဂ္ဂိုလ်များ၌မဖြစ်ဟုမဆိုအပ်ချေ။ ။နတ္ထိကဒိဋ္ဌိအပြားဆယ်ပါးရှိ၏၊ ထိုဆယ်ပါးသည်အင်္ဂါအားဖြင့်မဟုတ်။တပါးတပါးပင်လျှင်အသီးအသီးနိယတမိစ္ဆာဒိဋ္ဌိကြီးဖြစ်၏။ပုညကိရိယာဝတ္ထုဆယ်ပါး။ အကုသိုလ်ကမ္မပထဆယ်ပါးတို့ကဲ့သို့ အသီးအခြားရှိကြ၏။

အမေး။ ။နတ္ထိဒိန္နံ၊ပေးအပ်လှူဒါန်းအပ်သောအကျိုးသည်မရှိဟူ၍ယူရာ၌။ပုညာဘိသင်္ခါရသဉ်ကာမာဝစရကုသိုလ်ဖြစ်၍အကျိုးမရှိ။ ပါရမီဆယ်ပါးသာလျှင် လောကုတ္တရာကုသိုလ်ဖြစ်၍အကျိုးရှိ၏ဟုယူခဲ့သော်နတ္ထိဒိန္နံကံထိုက်ပါမည်လော။

အဖြေ။ ။ပါရမီ ဆယ်ပါးသည်လည်း လောကီကုသိုလ်ပင်ဖြစ်၏။မဂ်စိတ်ဖိုလ်စိတ်ယူသောမဂ္ဂင်တရား ၈ ပါး၌ရှိသောအပ္ပနာဘာဝနာမှ သာလျှင် လောကုတ္တရာမည်၏။ အကယ်၍လောကီကုသိုလ်သည် အကျိုးမရှိက။ တရားဟောခြင်းလည်း

လောကီကုသိုလ်၊ ရှိခိုးပူဇော်ခြင်းလည်းလောကီကုသိုလ်၊ ထိုမှတပါးအပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန အစရှိသောပုညကိရိယဝတ္ထုဆယ်ပါးလည်းလောကီကုသိုလ်မှုဖြစ်၏။ ရူပအရူပဈာန်လည်းလောကီကုသိုလ်ပင် ဖြစ်၏။ ။ဤသို့ အချို့ဗုဒ္ဓဘာသာဝင်လူမျိုးတို့အယူရှိသလိုကြားသိရသောကြောင့် မနာလိုဘွယ်သောစကားကိုမဆိုလို။ နိယတမိစ္ဆာဒိဋ္ဌိကြီးပင်ဖြစ်သည်။ ပါဒကအခြေမျှပင်ဖြစ်သည်။ သမ္မာဒိဋ္ဌိအယူပင်ဖြစ်သည်ဟူ၍စဉ်းစားသဖြင့်ကြည့်ရန်သင့်သည်။

အမေး။ ။စဉ်းစားနိုင်ရန်အကြောင်းကိုအနည်းငယ်ထပ်မံပြစေလိုပါသည်။

အဖြေ။ ။မဂ္ဂင်ရှစ်ပါးတွင်ပါဝင်သော တရားတပါးကား။ သမ္မာဝါယာမတည်း။ ။ကတမောစ ဘိက္ခဝေ သမ္မာဝါယာမော။ ဣဓဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ။ ဝါယမတိ။ ။ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ။ ဝါယာမတိ။ ။အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ။ ။ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ။ အသမ္မောသာယ၊ ဘိယျောဘာဝါယ၊ ဝေပုလ္လာယ၊ ဘာဝနာယ၊ ပါရိပူရိယာယ ဆန္ဒံ ဇနေတိ ဝါယမတိ။ ။အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။ ။အနက်လွယ်၏။ ။လောကီကုသိုလ်သည် နိဗ္ဗာန်တိုင်အောင်အကျိုးပေးစွမ်းနိုင်၏။ ထိုကြောင့်။ သဒ္ဓါပုဗ္ဗင်္ဂမံ ဒါနံ၊ အပ္ပကဋ္ဌာပိ ယေကာတံ။ ပသန္နာ ပတိ သုကာလေသု၊ လဘန္တိ တိဝိခံ သုခံ၊ ဟူ၍ ငင်း။ ။သုမနသုတ်၌ ကောသလမင်းကြီး၏ သ္မီးတော်သုမနမင်းသ္မီးသည် မြတ်စွာဘုရားကို လျှောက်မေးရာ၌ မြတ်စွာဘုရားရှင်ဖြေဆိုတော်မူချက်။ သောတာပန်ပုဂ္ဂိုလ်သည် အလှူပေးသဖြင့်။ အကျိုးထူးပါသေးသလားဟူ၍။ ။ဣဓဿ ဘန္တေ ဘဂဝတော သာဝကာ သမသဒ္ဓါ၊ သမသီလာ၊ သမပညာ၊ ဧကောဒါယကော၊ ဧကောအဒါယကော။ တေကာယဿ

ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇေယျုံ။ ဒေဝဘူတာနံ ပန နေသံဘန္တေ သိယာဝိသေသော။ သိယာနာနာကရဏန္တိ။

ဘုရားရှင်ဖြေတော်မူသည်မှာ။ ။သိယာစသုမနေယော သောသုမနေဒါယကော။သောအမုံအဒါယကံဒေဝဘူတောသမာနော၊ပဉ္စဟိဌာနေဟိအဓိဂဏှာတိ။ဒိဗ္ဗေန အာယုနာ၊ဒိဗ္ဗေန ဝဏ္ဏေန၊ဒိဗ္ဗေနသုခေန၊ဒိဗ္ဗေနယသေန၊ ဒိဗ္ဗေနအာဓိပတေယျေန။ ။ယောသောသုမနေဒါယကော။သောအမုံအဒါယကံဒေဝဘူတောသမာနော၊ဣမေဟိပဉ္စဟိဌာနေဟိအဓိဂဏှာတိ။ ။သုမနမင်းသမီးနောက်ထပ်မေးပြန်သည်မှာ။ ။သစေပန တေဘန္တေဥဘောတတောစုတာဣတ္ထတ္တံအာဂစ္ဆန္တိ။ မနုဿဘူတာနံ ပနနေသံဘန္တေသိယာဝိသေသော။သိယာနာနာကရဏန္တိ။

ဘုရားရှင်အဖြေ။ ။သိယာသုမနေ၊ယောသောသုမနေဒါယကော သော အမုံအဒါယကံ မနုဿဘူတောသမာနော၊ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။ မာနုသကေန အာယုနာ မာနုသကေန ဝဏ္ဏေန မာနုသကေန သုခေနမာနုသကေနယသေန မာနုသကေန အာဓိပတေယျေန။ ယောသော သုမနေဒါယကော။ သောအမုံအဒါယကံမနုဿဘူတောသမာနောဣမေဟိပဉ္စဟိ ဌာနေဟိအဓိဂဏှာတိ။

နောက်ထပ်အမေး။ ။သစေပနတေဘန္တေဥဘောအဂါရသ္မာအနာဂါရိယံပဗ္ဗဇန္တိ။ ပဗ္ဗဇိတာနံ ပနနေသံဘန္တေသိယာဝိသေသော။

အဖြေ။ ။သိယာနာနာကရဏန္တိ။သိယာသုမနေ။ ယောသော သုမနေဒါယကော၊ သောအမုံအဒါယကံပဗ္ဗဇိတောသမာနော၊ ပဉ္စဟိဌာနေဟိအဓိဂဏှာတိ။ ယာစိတောဝဗဟုလံစီဝရံပရိဘုဉ္ဇတိ။ အပ္ပံအယာစိတော၊ယာစိတောဝဗဟုလံပိဏ္ဍပါတံပရိဘုဉ္ဇတိ။အပ္ပံအယာစိတော။ယာစိတောဝဗဟုလံသေနာ

သန္နံပရိဘုဉ္ဇတိ။အပ္ပံအယာစိတော။ ယာစိတောဝဗဟုလံဂိလာ
နပစ္စယဘေသဇ္ဇပရိက္ခာရံဘုဉ္ဇတိ။အပ္ပံအယာစိတော။

သုမနအခါ။ ။ယဒိဒံပိရတ္တိံယာဝိရတ္တိံ။ အစ္ဆရိယံဘန္တေ
အဗ္ဘုတံဘန္တေ။ယာဝဉ္စိဒံပုညံဘန္တေအလမေဝဒါနာနိဒါတုံအ
လံပုညာနိကာတုံ။ ယတြဟိနာမဒေဝဘူတဿ ပိဥပကာရာနိ
ပုညာနိ။မနုဿဘူတဿပိဥပကာရာနိပုညာနိ။ ပဗ္ဗဇိတဿပိ
ဥပကာရာနိပုညာနိ။

ဘုရားရှင်ဟောတော်မူသည်မှာ။ ။ဧဝမေတံသုမနေ။အ
လမေဝဒါနာနိဒါတုံ။အလံပုညာနိကာတုံ။ ဒေဝဘူတဿပိဥပ
ကာရာနိပုညာနိ။ မနုဿဘူတဿပိဥပကာရာနိပုညာနိ။ပဗ္ဗဇိ
တဿပိဥပကာရာနိပုညာနိ။ ။ယထာပိစန္ဒောဝိမလောဂစ္ဆံ
အာကာသဓာတုယာ။ သဗ္ဗေတာရဂဏေလောကေ။ အာဘာ
ယအတိရောစတိ။ ။ဧဝံသီလသမ္ပန္နော။ သဒ္ဓါသဒ္ဓပုဂ္ဂလော
ကော။မစ္ဆရိအဓိဂစ္ဆာတိ။ပဉ္စဋ္ဌာနေဟိပဏ္ဍိတော။

အနက်။ ။ဘန္တေ။အရှင်ဘုရား။ဇာ၊ ဤသာသနာတော်၌။
အဿဘဂဝတော။ အရှင်မြတ်စွာဘုရား၏။သာဝကာ။တပည့်
တော်တို့သည်။ ။သမသဒ္ဓါ၊တူမျှသောသဒ္ဓါတရားရှိကြကုန်
၏။သမသီလာ၊ တူမျှသောသီလရှိကြကုန်၏။ သမပညာ၊ တူမျှ
သောပညာရှိကြကုန်၏။ဧကော၊တယောက်သောတပည့်သား
တော်သည်။ဒါယကော၊ပေးကမ်းလှူဒါန်း၏။ ဧကော၊တယော
သောတပည့်တော်ကား။အဒါယကော၊မပေးမကမ်းမလှူဒါန်း။
တော၊ထိုသူနှစ်ဦးတို့သည်၊ ကာယဿဘေဒါ၊ကိုယ်ခန္ဓာပျက်စီး
သည်မှ၊ ပရမ္မရဏာ၊စုတိကျသည်နောက်၌။ သုဂတိ၊ ကောင်း
သောလားခြင်းရှိသော။ သဂ္ဂံလောကံ၊နတ်ပြည်နတ်ရပ်၌။ ဥပ
ပဇ္ဇေယျုံ၊ဖြစ်ကြကုန်အံ့။ဘန္တေ၊အရှင်ဘုန်းတော်ရှင်ဘုရား။ ဒေဝ
ဘူတာနံ၊နတ်ဖြစ်ကုန်သော။ နေသံ၊ထိုသူနှစ်ယောက်တို့အား။
ဝိသေသော၊အထူးသည်။ သိယာ၊ ဖြစ်ရာသလော။ နာနာကရ
ဏံ၊အထူးထူးသောအကြောင်းသည်။သိယာ၊ဖြစ်ရာသလော၊

သုမနေ၊ သုမန။ ဘိယော၊ ထူးရာ၏။ သုမနေ၊ သုမန။ ယော
သော၊အကြင်တပည့်သား တယောက်သည်။ဒါယကော၊ ပေး
ကမ်းလှူဒါန်း၏။သော၊ ထိုသူသည်။အမုံဒါယကံ၊ မပေးလှူသော
သူထက်။ဒေဝဘူတော၊ နတ်ရုပ်ခွင်၍။ သမာနော၊ အတူတကွ
ဖြစ်သည့် ရှိသော်၊ ပဉ္စဟိ၊ ငါးပါး ကုန်သော။ ဌာနေဟိ၊ အ
ကြောင်းတရားတို့ဖြင့်။ အဓိဂဏှာတိ၊ အလွန်ခံစားရ၏။ ။
ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။အာယုနာ။ အသက်ရှည်ခြင်းဖြင့်လည်း
ကောင်း။ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ ဝဏ္ဏေန။ အဆင်းလှခြင်းဖြင့်
လည်းကောင်း။ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ သုခေန၊ ချမ်းသာခြင်း
ဖြင့်လည်းကောင်း။ဒိဗ္ဗေန၊နတ်၌ဖြစ်သော။ ယသေန၊ အခြံအရံ
များခြင်းဖြင့်လည်းကောင်း။ဒိဗ္ဗေန၊နတ်၌ဖြစ်သော၊အဓိပတေ
ယျေန၊အစိုးရခြင်းဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါး
ပါးကုန်သော။ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အဓိဂဏှာတိ၊ အ
လွန်အားဖြင့်ခံစားရ၏။ ။ဘန္တေ၊အရှင်ဘုရား။သစေ၊အကယ်
၍။တေဥဘော၊ထိုနှစ်ယောက်သောသူတို့သည်။ တတော၊ထို
နတ်ဘုံမှ။စုတာ၊ စုတေကြသဖြင့်။ဣဓ၊ ဤလူ့ပြည်သို့။ အာ
ဂစ္ဆိဿန္တိ၊ဖြစ်ကြကုန်အံ့။ဘန္တေ၊အရှင်ဘုရား။မနုဿဘူတာ
နံ၊ လူဖြစ်လာကုန်သော။နေသံ၊ထိုသူတို့အား။ဝိသေသော၊ထူး
ခြားသောအဖြစ်သည်။ ဘိယော၊ဖြစ်ရာသလော။နာနာကရဏံ၊
အထူးထူးသောအကြောင်းသည်။ဘိယော၊ဖြစ်ရာသလော။

သုမနေ၊သုမန။ဘိယော၊ထူးခြားသည်ဖြစ်ရာ၏။သုမနေ၊ သု
မန။ ယောသော။ အကြင်တပည့် သာဝကသည်။ ဒါယကော။
ပေးကမ်းလှူဒါန်း၏။ သော၊ထိုပေးကမ်းလှူဒါန်းသောသူသည်။
အမုံဒါယကံ၊မလှူဒါန်းသောတပည့်သာဝကထက်။ မနုဿဘူ
တော၊လူအဖြစ်၌။သမာနော၊အတူဖြစ်ကြပြန်အံ့။ ပဉ္စဟိ၊ငါးပါး
ကုန်သော။ဌာနေဟိ၊အကြောင်းတရားတို့ဖြင့်။အဓိဂဏှာတိ၊အ
လွန်ခံစါးရ၏။မာနုဿကေန၊လူ၌ဖြစ်သော။အာယုနာ၊အသက်

ရှည်ခြင်းဖြင့် လည်းကောင်း။ မာနုဿကေန၊ လူ၌ဖြစ်သော။ ဝဏ္ဏေန၊ အဆင်းလှခြင်းဖြင့်လည်းကောင်း။မာနုဿကေန၊လူ၌ဖြစ်သော။ သုခေန၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာ ခြင်းဖြင့် လည်းကောင်း။မာနုဿကေန၊လူ၌ဖြစ်သော။ယသေန၊အခြွေအရံများခြင်းဖြင့် လည်းကောင်း။ မာနုဿကေန၊ လူ၌ဖြစ်သော။အဓိပတေယျေန၊ အစိုးရခြင်းဖြင့်လည်းကောင်း။ အဓိဂစ္ဆာတိ၊ အလွန်အားဖြင့်ခံစားရ၏။

ဘန္တေ၊ အရှင် ဘုရား။ သစေပန၊ အကယ်၍ကား။ တေဥဘော၊ ထိုနှစ်ပါးသောအရိယာပုဂ္ဂိုလ်တို့သည်။အာဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ၊ အနာဂါရိယံ၊ အိမ်ရာမထောင်ဘဲ။ပဗ္ဗဇန္တိ၊ရဟန်းပြုကြအံ့။ဘန္တေ၊ အရှင်ဘုရား။ပဗ္ဗဇိတာနံ၊ရဟန်းပြုကုန်သော။နေသံပန၊ထိုပုဂ္ဂိုလ်တို့အား။ ဝိသေသော၊အထူးသည်။သိယာ၊ဖြစ်ရာသလော။

သုမနေ၊ သုမန။နာနာကရဏံ၊အထူးထူးသော အကြောင်းသည်။သိယာ၊ထူးရာ၏။ သုမနေ၊သုမန၊ယောသော၊ အကြင်တပည့်သာဝကသည်။ဒါယကော၊ ပေးလှူလေ့ရှိ၏။ သော၊ထိုပေးလှူသောသူသည်။အဒါယကံ၊မပေးမလှူသောသာဝကထက်။ပဗ္ဗဇိတော၊ရဟန်းအဖြစ်သည်။သမာနော၊တူမျှသည်ရှိသော်လည်း။ ပဉ္စဟိ ဌာနေဟိ၊ငါးပါးသောအကြောင်းတို့ဖြင့်။ အဓိဂစ္ဆာတိ၊လွန်စွာခံစားရ၏။ ယာစိတောဝ၊အလှူခံသည်ရှိသော်။ဗဟုလံ၊များစွာသော။စီဝရံ၊သင်္ကန်းကို။ ပရိဘုဉ္ဇတိ၊သုံးဆောင်ရ၏၊အယာစိတော၊အလှူမရပ်ခံသည်ရှိသော်။အပ္ပံ၊လောက်ရုံမျှကို။ပရိဘုဉ္ဇတိ၊သုံးဆောင်ရ၏။ယာစိတော၊ရပ်ခံသည်ရှိသော်။ဗဟုလံ၊ များစွာသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပရိဘုဉ္ဇတိ၊သုံးဆောင်ရ၏။အယာစိတော၊ဆွမ်းမရပ်ခံသော်။ အပ္ပံ၊လောက်ရုံမျှကို။ပရိဘုဉ္ဇတိ၊ သုံးဆောင်ရ၏။ ယာစိတောဝ၊ ရပ်ခံသည်ရှိသော်။ဗဟုလံ၊ များစွာသော။သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။ပရိဘုဉ္ဇတိ၊ သုံးဆောင်ရ၏။ အယာစိတော၊မရပ်ခံသည်

သော်။အပ္ပံ၊ သင့်လျော်ဘွယ်ကို။ ပရိဘုဉ္ဇတိ၊ သုံးဆောင်ရ၏။
ယာစိတော၊တောင်းခံလတ်သော်။ဗဟုလံ၊ များစွာသော။ဂိလာ
နပစ္စယဘေသဇ္ဇံ၊ သူနာဆေးအစရှိသောအသုံး အဆောင်များ
ကို။ပရိဘုဉ္ဇတိ၊သုံးဆောင်ခံစားရ၏။ အယာစိတော၊မတောင်း
ခံသော်။အပ္ပံ၊လောက်ရုံမျှကို။ပရိဘုဉ္ဇတိ၊သုံးဆောင်ရ၏။
ယဒိဒံယံဣဒံပုညံ၊ဤကောင်းမှုသည်။ဝိရတ္တိယာ၊ အရဟတ္တ
ဖိုလ်ဖြင့်။ ဝိရတ္တံ၊ ဝဋ်မှလွတ်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။
အန္တရိယံ၊ ဆုံ့ဘွယ်ဖြစ်ပေ၏။ ဘန္တေ၊အရှင်ဘုရား။အန္တုတံ၊မ
ဖြစ်ဘူးမြဲဖြစ်ပေစွ။ဘန္တေ၊အရှင်ဘုရား။ဣဒံပုညံ၊ ဤသို့ သော
ကောင်းမှုသည်။ယာဝဥ္စ၊အကြင်မျှလောက်ကောင်းကျိုးကြီး
ပေ၏။ဒါနာနိ၊အလှူဒါနတို့ကို။ဒါတုံ၊ပေးလှူခြင်းငှာ။အလမေ
သင့်လှပေသတည်း။ပုညာနိ၊ကုသိုလ်ကောင်းမှုတို့ကို။ကာတု
ပြုလုပ်ခြင်းငှါ။ အလံ၊ ထိုက်လှပေ၏။ ယတြွာဟိနာမ၊ အကြ
ကြောင့်မည်သည်ကား။ ပုညာနိ၊ကုသိုလ်ကောင်းမှုတို့သည်။
ဒေဝဘူတဿပိ၊နတ်၌ဖြစ်သောသူအားလည်း။ဥပကာရာနိ၊အ
လွန်ကျေးဇူးကြီးကုန်၏။ပုညာနိ၊ ကောင်းမှုကုသိုလ်တို့သည်။မ
နုဿဘူတဿပိ၊လူဖြစ်သောသူအား လည်းကောင်း။ဥပကာ
ရာနိ၊ ကျေးဇူးပြုတတ်ကုန်၏။ ပုညာနိ၊ ကောင်းမှု ကုသိုလ်တို့
သည်။ပဗ္ဗဇိတဿပိ၊ရဟန်းအားလည်းကောင်း။ ဥပကာရာနိ၊
ကျေးဇူးပြုတတ်ကုန်၏။

သုမနေ၊ ဒါယကာမသုမန။ ဧတံ၊ ဒါယကာမလျှောက် ဆို
သောဤစကားသည်။ဧဝံ၊ဤသို့ မှန်လှပေ၏။ ဒါနာနိ၊ ပေးကမ်း
လှူဒါန်း ခြင်းတို့ကို။ ဒါတုံ၊ ပြု ခြင်းငှါ။ အလမေဝ၊ သင့် ကြ
တော့သည်သာလျှင်တည်း။ပုညာနိ၊ကုသိုလ်ကောင်းမှုတို့ကို၊
ကာတုံ၊ ပြုခြင်းငှါ။ အလံ၊ ထိုက်လှ ပေ၏။ ပုညာနိ၊ ကုသိုလ်
ကောင်းမှုတို့သည်။ဒေဝဘူတဿပိ၊နတ်တို့အားရင်း။ ဥပကာ
ရာနိ၊ ကျေးဇူးပြုတတ်ကုန်၏။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့
သည်။မနုဿဘူတဿပိ၊ လူဖြစ်သောသူအားလည်းကောင်း။

ဥပကာရာနိ၊ ကျေးဇူးပြုတတ်ကုန်၍။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့သည်။ ပဗ္ဗဇိတဿပိ၊ ရဟန်း ဖြစ်သော သူအား လည်းကောင်း။ ဥပကာရာနိ၊ ကျေးဇူးပြုတတ်ကုန်၍။ သုမနေ၊ ဒါယကာမသုမန။ လောကေ၊ လောက၌၊ ဝိမလော၊ ညစ်ကြေးကင်းသော။ စန္ဒော၊ လသော်တာသည်။ အကာသဓာတုယာ၊ ကောင်းကင်ပြင်၌။ ဂစ္ဆံ ဂစ္ဆန္တော၊ သွားကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တာရကဂဏာ၊ ကြယ်တာရာတို့ထက်။ အာဘာယ၊ ထွန်းပသောအရောင်ဖြင့်။ အတိရောစတိယထာ၊ လွန်၍တင့်တယ်လေဘိသကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ လောကေ၊ လောက၌။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသော။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုရိသပုဂ္ဂလော၊ ယောကျ်ားမြတ်သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မစ္ဆရိနော၊ တွန့်တိုစည်းလဲသောသူတို့ထက်။ စာဂေန၊ ပေးလှူသည်အတွက်ကြောင့်။ အတိရောစတိ၊ အလွန်အကြူးအထူးအားဖြင့်တင့်တယ်၏။ ။မြတ်စွာဘုရားကိုယ်တော်တိုင်၊ ဟောသံကိုကြားရဘိသကဲ့သို့ ပီတိသောမနဿဖြစ်ပွါး၍။ သဒ္ဓါရှေ့သွားရှိသောဒါနသီလအစရှိသော ပုညာဘိသင်္ခါရကို၊ ဘုရားဟောမဟုတ်။ ကပိလရဟန်းဟောထားခဲ့သည်ဟုမပြောမိမဆိုမိကြရန်များစွာသတိထားသင့်ကြပေတော့သည်။

အမေး။ ဆရာဝေဘန်၍ဟောချက်များကို သာဓုခေါ်ပါ၏။ နိဗ္ဗာနမဂ္ဂကထာကျမ်း၌၊ သီလဝန္တအန္ဓပုထုဇ္ဇဉ် ရဟန်းကို ဥဒ္ဒိဿသံဃာ၌သွင်းသည်ကိုဝန်ခံပါ၏။ သို့ရာတွင်၊ ဒုဿီလနှင့် သီလဝန္တလက္ခဏာကိုတဖန်ဝေဘန်စေလိုပါသည်။

အဖြေ။ လူသီလ ဝန္တဟူက၊ အသက် မွေးခြင်းလျှင် အကြောင်းရှိသောကုန်ယုတ်ငါးပါးကိုပယ်သဖြင့်ကုန်သွယ်လယ်လုပ်ခြင်း၊ အစိုးရအမှုကိုထမ်းခြင်းအစရှိသဖြင့် အမြတ် အစွန်း အလုပ်မှုအခဖြင့်အသက်မွေးကြသောဥပါသကာ၊ ဥပါသိကာတို့သည်ပဥ္စသီလကိုသမ္ပတ္တဝိရတိ၊ သမာဒါနဝိရတိ၊ သမုစ္ဆေဒဝိရတိဖြင့်စောင့်တည်လေ့ရှိကြ၏။ ထိုပုဂ္ဂိုလ်တို့သည်လူသီလဝန္တ

463—3

မည်ကုန်၏။သမ္မုတ္တိဝိရတီဟူက၊ဉာဏဝိပ္ပယုတ်သီလမည်၏။အကျိုးအကြောင်း ကိုမသိ။ အမိ အဘ ဆွေ မျိုးများ ထုံးနည်းအကုသိုလ်ကမ္မပထငါးပါးကိုမပြုအပ်ဟုရှောင်ကြဉ်ခြင်း ဖြစ်၏။ဥပမာ၊ဟိန္ဒူလူမျိုးများအလေ့တည်း။သမာဒါနဝိရတီသည် လူပုထုဇဉ်ဥပါသကာတို့ ကုသိုလ်ဇော ပြဋ္ဌာန်းသော ဉာဏသမ္ပယုတ်သီလမည်၏။ နေ့စဉ်ခံယူသည်ဖြစ်စေ။ မခံယူသည်ဖြစ်စေ။ ငါသည်ငါးပါးသီလကိုအသက်ထက်ဆုံးဆောက်တည်မည်ဟူသော ကုသိုလ်ဇောစိတ္တုပ္ပါဒ်ဖြင့်လည်းဆောက်တည်အပ်၏။နှုတ်မြွက်၍ဖြစ်စေ၊မမြွက်၍ဖြစ်စေ၊ခံယူဆောက်တည်အပ်၏။ မာဂဓဘာသာမှ တပါးအင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာ၊ တရုပ်ဘာသာ အစရှိသည် ဖြင့်လည်း ခံယူဆောက်တည်အပ်၏။ စေတီရှေ့တော်၌သော်လည်းကောင်း၊ ရဟန်းသံဃာအာစရိယာထံ၌သော်လည်းကောင်း၊ သိက္ခာပဒံ သမာဒိယာမိဆို၍ သော်လည်းကောင်း မဆိုမူ၍ သော်လည်းကောင်းခံယူဆောက်တည်အပ်၏။ ဆောက်တည်၍မြဲသောအကျိုးကားတူမျှရာ၏။

အမေး။ အကယ်၍သမာဒါနဝိရတီ ဉာဏသမ္ပယုတ် သီလဖြစ်လိုက။ သိက္ခာပဒံ သမာ ဒိယာမိ။ ဟူ၍ နှုတ် မြွက် ခံယူဆောက်တည်မှသော်လည်းကောင်း၊ စေတီရဟန်းသံဃာထံတွင်ခံယူဆောက်တည်မှသော်လည်းကောင်း၊ အကျိုးရမည်၊ သို့မဟုတ်ဉာဏ ဝိပ္ပယုတ်သော် လည်း ကောင်း၊ အချည်းနှီးသော်လည်းကောင်းဖြစ်အံ့ဟူ၍တစုံတယောက်သော ပုဂ္ဂိုလ်သည်ဆိုအံ့။ ဆရာပြောဆိုဆုံးမလေ့ရှိသော နတ္ထိကဒိဋ္ဌိကြီး၏ပါဒကအခြေဖြစ်မည်လော။

အဖြေ။ မဖြေအပ်သောပြဿနာဖြစ်သည်။ကလျာဏအဖြစ်သို့ရောက်သော သူတို့ သိနိုင်ရာသော ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကိုရစေခြင်းငှါသာလျှင် စေ့ဆော် စီရင်၍ဟော၏။

အမေး။ နားသည်ပါပြီ။ သို့ရာတွင် မည်သည်နည်းဖြင့် ဆောက်တည်သော်။ ရသောအကျိုးသည်တူမျှ၏ ဆိုသောအနက်ကိုနားမလည်ပါ။အကယ်၍ တူမျှသည် ဖြစ်က။ အိမ်တွင် သော်လည်းကောင်း။စိတ်သက်သက်ဖြင့်သော်လည်း ကောင်း အလွယ်တကူ ဆောက်တည်အံ့။ ဤအချက် များကို ဝေဘန်ပါလော။

အဖြေ။ မခံယူမူ၍သော်လည်းစိတ်သက်သက်ဖြင့်သော်လည်းကောင်းဆောက်တည်အံ့။ နူသောဇာနေ္တရှိသော ပုဂ္ဂိုလ်တို့၌ သတိမေ့လျော့ သဖြင့် ထိုသီလ သည်ပျက်တတ်၊ ကွက်တတ်၊ကျားတတ်၏။နှုတ်မြွက်ခံယူဆောက်တည်အံ့။ကန်တော့သောဩကာသကုသိုလ်သက္ကာဇ္ဇဓါနလည်းရရာ၏။ ထိုရသောဓါနကုသိုလ်သည် သီလကိုထောက်ပံ့ခိုင်ခန့်စေသောဥပထမ္ဘကသည်ဖြစ်ရာ၏။ အကျိုးထူးသည်ကားဓါန၏အစွမ်းဖြင့်ဒါနမယသီလမယနှစ်ပါးကို ရရာ၏။ သီလသက်သက် သော်ကားရသော်တူမျှရာ၏။

အမေး။ သာခုခေါ်ပါ၏။ပျက်သောသီလရှိသော ပုဂ္ဂိုလ်သည်သီလဝန္တဖြစ်ပါ၏လော။

အဖြေ။ ပျက်သည်ဖြစ်စေ။ကွက်သည်ဖြစ်စေ။ မကျားခဲ့သော်နေ့စဉ် ဆောက်တည် သောအစွမ်းဖြင့် သီလဝန္တပင်ဖြစ်ရာ၏။ဥပမါ၊ ကုန်ယုတ်ငါးပါးဖြင့်အသက်မွေးခြင်းကိုမပြုသောလူလတ်လူကြီးများတို့သည် နေ့စဉ် ဆောက်တည် ကြ၏။ ငါးပါးတွင်ရံခါ တပါးသော်လည်း ကောင်း။ နှစ်ပါး သော် လည်း ကောင်း။ ဤသို့အစရှိသဖြင့် ပျက်၍ကျိုးအံ့။ ပေါက်အံ့၊ ထပ်မံခံယူသော အစွမ်းဖြင့် သီလဝန္တမှ မယုတ်ရာ။ အကယ်၍ ရံခါ ဆောက်တည်၏။ ရံခါမဆောက်တည်။ လူငယ်များကဲ့သို့ထိုသီလသည်ကျားသော်၊ဒုသီလမည်ရာ၏။အကယ်၍သမ္မါအာဇီဝဟောတုရှိပါလျက် ပျက်သော သီလ၊ ကျိုးသော သီလတို့သည်ဒုဿီလပုဂ္ဂိုလ်၏ အမူအရာ ဆိုခဲ့အံ့။ ပုထုဇဉ်တို့၏သီလ

သည့်မမြဲခြင်းကြောင့်မဆိုထိုက်ပေရာ။ ။အရိယာဖြစ်သော သောတာပန်အစရှိသောပုဂ္ဂိုလ်တို့၏သီလမှာသာလျှင် မဂ်ခဏ၌ သမုစ္ဆေဒဝိရတိ ဖြစ်သည်နှင့် ထိုနေ့စဉ် ဆောက်တည်အပ်သောဝါရိတ္တသီလသည်မြဲ၏။ ။တစုံတခုသောမကောင်းမှုကိုပြုမိအံ့။ထိုအကုသိုလ်ကမ္မပထငါးပါးသို့ မသက်။ ဒုစရိုက်မှုဖြစ်ရာ၏။ထိုကြောင့်ဒုစရိုက်ကိုကားသောတာပန်ပုဂ္ဂိုလ်သည်ပြုမိသေး၏ဟုပရိတ်ကြီးပါဠိတော်ရတနသုတ်၌ပင်ဟောတော်မူ၏။အကယ်၍ပုထုဇဉ်တို့၏ပါဏာတိပါတာအမှုအရာနှင့် တူစွာဖြစ်အံ့။ ထိုသောတာပန်ပုဂ္ဂိုလ်၌ ဒေါသမူဒွေး၏ အမြစ်မူလဖြစ်သောဇ္ဈသာ စေတသိက်သည် ချုပ်ပြီး ဖြစ်သောကြောင့်ဖြစ်သော ဒေါသသည်ဥဒ္ဓစ္စ၏ အစွမ်းကြောင့် ဖြစ်သည်အား လျော်စွာအပါယ်ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်သဖြင့် ရှုံ့ရင်းသောပဝတ္တိအကျိုးကိုသာ ပေးနိုင် ရာ၏။ ထို့ကြောင့်မဂ်ဖြင့်မပယ်အပ်သေးသောအရိယာပုဂ္ဂိုလ်ဟူသမျှ၏ ကာယဝိညတ်နေသောအကုသိုလ်စေတနာသည် ဥဒ္ဓစ္စစေတနာမည်၏ဟု မှတ်ရာ၏။

အမေး။ ပုထုဇဉ်တို့၏ သီလသည် ပေါက်လျက်၊ ကွက်လျက်၊ ကျိုးလျက်၊ သိသဝဏ္ဏ ဖြစ်ကြောင်းကို ဥပမာ ဖြင့် ပြပါလော။

အဖြေ။ ပျက်သည်ဆိုသော်လည်း ငါးပါးအလုံးစုံ ပျက်သည်မဆိုထို။ ငါးပါးအလုံးစုံ ပျက်တတ်သော ပုဂ္ဂိုလ် သည် နိစ္စသီလဆောက်တည်သည်မမည်ရာ။ ကွက်သည်ဟူက ဒုစရိုက်မှုဖြစ်၍ကမ္မပထမမြောက်။ ။ကျိုးသည်ဟူကတပါးနှစ်ပါးပျက်၏။ကြွင်းသုံးပါးလေးပါးရှိ၏။ထိုအခါထိုနေ့၌ ငါးပါးသီလကိုထပ်မံခံယူဆောက်တည်ပြန်၏။ နေ့ထက်ဝက် အစရှိသဖြင့်ရအပ်ပြန်၏။ ။ကျားသောသီလကားတနေ့ဆောက်တည်၊ တနေ့မဆောက်တည်မှု၍အကုသိုလ်ကမ္မပထကိုပြု၏။ ။ဥပမာသော်ကား။ သီလသည် ဖြူစင်သော လက္ခဏာ ရှိသည်အ

လျောက်၊ ဝတ်ဖြူအင်္ကျီ၊ ပုဆိုးခေါင်းပေါင်းဖြူတို့ကိုနည်းပြု၍ပြ သည့်ရှိသော်။ အင်္ကျီ၌အညစ်အကြေးတင်၍စွန်း၏။ ။ဆပ်ပြာ ရေဖြင့်ဖွပ်လျှော်သော်။ ပကတိအတိုင်းဖြစ်သကဲ့သို့တည်း။ ။ အသက်မွေးမှု၌ အကုသိုလ်ကမ္မပထရှိသော်၊ အလွန် ညစ်ငြူး သောအဝတ်ကိုခဝါမပေး အမြဲဝတ်သကဲ့သို့ မရှုမလှ ဖြစ်ရာ ၏။ ။သီလတပါး နှစ်ပါး ကျိုးသော ဥပမာ၌ ကား။ ထိုတခု သောအင်္ကျီသည် လက်၌ ညစ်လွန်း စွန်းလွန်း သော ကြောင့် လျှော်၍မရ။ ဒိဘိသော်မှလက်မခံရာ။ ထိုလက်ပိုင်းကို စွန့်ပစ် ၍လက်တဖက်အသစ်ကို ထိုအင်္ကျီ၌တပ်ပြန်သဖြင့်။ ထိုအခါပ ကတိအင်္ကျီဆုံးရသကဲ့သို့ဖြစ်ရာ၏။ ထိုကဲ့သို့ရဟန်း၏သီလအ စရှိခြင်းအကြောင်းများကား ဥပါသကာတို့ အသင့် နှလုံးသွင်း နိုင်ရုံမျှအရိပ်အမြွက်ပြအံ့။ ။တပါးသောရဟန်းသည်ဆောက် တည်အပ်သောပဗ္ဗဇိတသီလကို နိစ္စသီလဖြင့် ဆောက်တည် ၏။ တစုံတခုသောအန္တရာယ်ကြောင့် ပျက်သော် ပါရာဇိကသို့ မရောက်သော ပျက်ခြင်းဖြင့် ဒုသီလ ဟူ၍ မဆိုထိုက် သင့် သေး။ ။အာပတ်သို့ ရောက်ရာ ဒေသနာ ကြားသော် တဖန် ဆောက်တည်အပ်သောသီလ၏အစွမ်းဖြင့်သီလဝန္တအဖြစ်မှမ ယုတ်ရာ။ အကယ်၍ဒေသနာမကြားမိအံ့။ ဂရုကအာပတ်လည်း မဖြစ်အံ့။ ထိုမျှလောက်သောအခြင်းအရာဖြင့် ဒုသီလမဖြစ်နိုင် သေး။ သီလဝန္တ ကလျာဏကားမဖြစ်ထိုက် သည်သာတည်း။ သီလဝန္တကလျာဏဖြစ်ခဲ့သော်။ ကြီးသည်ဖြစ်စေ။ ငယ်သည် ဖြစ်စေ။ ၂၂၇ ပါးသော သိက္ခာပုဒ် တော်များကို ကွက်ကွက် ထင်ထင်သိမြင်သည် အလျောက်၊ အဆောတလျင် ဒေသနာ ကြားရာ၏။ ။အကယ်၍ရဟန်းတို့သမ္မာအာဇီဝသည်မဖြစ်ခဲ့ အံ့။ ကုန်ယုတ်ငါးပါးကိုမပယ်နိုင်သောဥပါသကာကဲ့သို့ဖြစ်ရာ ၏။

တပါးသောရဟန်းသည် အရှက်မရှိ။ သာမည ရဟန်းများ သိလောက်သောဂရုကအာပတ်အစရှိသည်တို့နည်းဖြင့်။ မသွား

အပ်သောစျေးတွင်းသို့လှည့်ပတ်ကြည့်ရှုလိုခြင်း။ ပစ္စည်းဝတ္ထု
တို့ကိုရွေးချယ်ဝယ်ယူခြင်း၊ အကြောင်းထူးမရှိဘဲလျက်၊ဒါယ
ကာ၊ဒါယိကာမတို့နှင့် တပေါင်းတည်း ပြုလုပ်ပေါင်းသင်းနေ
ထိုင်သွားလာ၏။ဆဲဆိုရေရွတ်ခြင်း အစရှိသောလူတို့ မကြည်
ညိုဘွယ်အမှုရှစ်ပါးတွင်တပါးပါးသို့သက်ဝင်မိသဖြင့်ဒေသနာ
မကြား၊နောင်အဘို့လည်း ပမာဏမထား၊ ဖြစ်မှားသောတပါး
ရဟန်းသံဃာ လူဒါယကာများကို ထိုက်သည် အားလျော်စွာ
ဝန်မချသော်။အလင်္ကာလေးတွင်သွတ်သွင်းရာသည်။ ။မကြည်
ညိုဘွယ်အမှုအင်္ဂါရှစ်ပါး ဖြည့်စုံသော် အလင်္ကာကြီး အဖြစ်သို့
ရောက်ရာသည်။ထိုသို့ရောက်သည်ရှိသော်၊နိဗ္ဗာန မဂ္ဂကထာ
ကျမ်းတွင်ပြသောအရိယူပဝါဒကံမထိုက်မကြည်ညိုဘွယ်အမှု
ကိုပြုလိုသော ဒါယကာသည်ပြုအပ်ကြောင်း ဘုရားရှင်ဟော
တော်မူ၏။ ။မကြည်ညိုဘွယ်အမှုဟူကလည်းလူကိုလူချင်း
ပမာဏမပြု၊ပြောမှုဆိုမှု၌အရိယူပဝါဒကံမထိုက်။ ပြုနိုင်ရာသို့
လက္ခဏာဖြစ်ရာ၏။သာမညအပြစ်ကားတိရစ္ဆာန် ယင်ငယ်ဂ
ထိပါးသော်မှသာမညအပြစ်ရရာသကဲ့သို့တည်း။

အမေး။ မကြည်ညိုဘွယ်အမှုဘယ်နှစ်ပါးနည်း။

အဖြေ။ မကြည်ညိုဘွယ်အမှုသည်ရှစ်ပါးတည်း။ တပါး
တပါး၏အစွမ်းဖြင့်ပုဂ္ဂလိကဒါန၊ပုဂ္ဂလိကရှိခိုးခြင်း အစရှိသော
ပုဂ္ဂိုလ်ဖြင့်ဆက်ဆန်သောအမှုတို့၌ဂရုမပြုသော်မလေးမခန့်မှု
မထိုက်။ ။သံဃိကဝတ်မှာကား ပြုထိုက်ပြုအပ်ရာ၏။ မပြု
သော်၊ ထိုက်သည်အားလျော်စွာအပြစ်ကြီးငယ်ဖြစ်ရာ၏။ ဥပ
မာ၊ မကြည်ညိုဘွယ်အမှုတခုခု ထင်ရှားသော ရဟန်းတပါး
သည်အသုဘအမှု၌ါသံဃာတော်အသွင်အမှုအရာဖြင့်ကြွလာ၏
တယောက်သောလူဥပါသကာသည်လမ်း၌တွေ့ရာခရီးမပေး၊လူ
ချင်းကဲ့သို့သွားလာ၏။ထိုအခါသာမညအပြစ်မျှထိုက်ရာ၏။တ
ယောက်သောလူဥပါသကာသည် ဆဲရေးလိုက်သဖြင့်ထိုရဟန်း
သည်သံဃာကျင့်ဝတ်နှင့် အညီသည်းခံသဖြင့် ဆိတ်ဆိတ်နေ

သော်။အရိယူပဝါဒကံထိုက်၏ ဟူ၍ရချစင်စစ်မှတ်ရာ၏။ ထိုရဟန်းသည်ပါရာဇိကကျ၊မကျဟူ၍လူတို့နှင့်မဆိုင်၊လူတို့ အဘို့မကြည်ညိုဘွယ်အင်္ဂါရှစ်ပါးကိုမြတ်စွာဘုရားဟောတော်မူ၏။ ငါးပါး သီလ ကဲ့သို့ တပါးတပါးဖြင့် ပဉ္စသီလ မမည်။ သည့်နည်း တူရင်း။ ပါဏာတိပါတာ အစရှိသည်တို့၌ အင်္ဂါငါးပါးလေးပါးရှိရာ။ထိုအင်္ဂါပြည့်စုံသော်မှ၊ ပါဏာတိပါတာအစရှိသဖြင့်ထိုက်သကဲ့သို့သည်းကောင်း၊ တပါးတပါးသောမကြည်ညိုဘွယ် အမှုအတွက် အရိယူပဝါဒကံမထိုက်ကြစေရန်သတိပြုသင့်ကြပေတော့သည်။

မကြည်ညိုဘွယ်တရားရှစ်ပါးဟူသည်ကား။အဋ္ဌအင်္ဂုတ္တရပါဠိတော်အပ္ပသာဒနိယသုတ်၌ဤသို့မြတ်စွာဘုရားဟောကြားတော်မူ၏။ ။အဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာ ဂတဿ ဘိက္ခုနော အာကင်္ခမာနာ ဥပါသကာ အပ္ပသာဒံပဝေဒေယျုံ။ ကတမေဟိအဋ္ဌဟိအင်္ဂေဟိ။ ဂိဟီနံအလာဘာယပရိသက္ကတိ။ ဂိဟီနံ အနတ္ထာယပရိသက္ကတိ။ ဂိဟီနံအက္ကောသတိပရိဘာသတိဂိဟီဂိဟီဟိဘေဒေတိ။ ဗုဒ္ဓဿအဝဏ္ဏံဘာသတိ။ ဓမ္မဿအဝဏ္ဏံဘာသတိ။သံဃဿအဝဏ္ဏံဘာသတိ။အဂေါစရေစနံပဿန္တိ။ဣမေဟိခေါဘိက္ခဝေအဋ္ဌဟင်္ဂေဟိသမန္နာ ဂတဿ ဘိက္ခုနော အာကင်္ခ မာနာ ဥပါသကာ အပ္ပသာဒံ ပဝေဒေယျုန္တိ။

အနက်။ ဘိက္ခဝေ၊ရဟန်းတို့။အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။အင်္ဂေဟိ၊အင်္ဂါတို့နှင့်။သမန္နာဂတဿ၊ ပြည့်စုံသော။ ဘိက္ခုနော၊ရဟန်းအား။အာကင်္ခမာနာ၊အလိုရှိကုန်သည်ရှိသော်။ဥပါသကာ၊ဥပါသကာတို့သည်။အပ္ပသာဒံ၊ မကြည်ညိုဘွယ်ကို။ပဝေဒေယျုံ၊ပြောကြားကုန်ရာ၏။ ဝါ၊ပြုရာ၏။ ကတမေဟိအဋ္ဌဟိ၊အဘယ်ရှစ်ပါးတို့နည်းဟူမူကား။ဂိဟီနံ၊လူတို့အား။အလာဘာယ၊လာဘ်မရစိမ့်သောငှါ။ပရိသက္ကတိ၊လုံ့လပြု၏။ဂိဟီနံ၊လူတို့အား။အနတ္ထာယ၊ အကျိုးမဲ့စိမ့်သောငှါ။ ပရိသက္ကတိ၊ လုံ့

လပြု၏။ ဂိဟိနံ၊ လူတို့အား။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသ
တိ၊ မြည်တွန်တောက်တီးမခံလိုသောစကားဖြင့် ရေရွတ်၏။
ဂိဟီ၊ လူဘို့ကို။ ဂိဟီဟိ၊ လူဘို့နှင့်။ ဘေဒေတိ၊ ကွဲပြားစေ၏။
ဗုဒ္ဓဿ၊ ဘုရားရှင်၏။ အဝဏ္ဏံ၊ ဂုဏ်ကျေးဇူးမဲ့ကို။ ဘာသတိ၊
ပြောဆို၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ ဂုဏ်ကျေးဇူးမဲ့ကို။
ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်၏။ အဝဏ္ဏံ၊ ဂုဏ်
ကျေးဇူးမဲ့ကို။ ဘာသတိ၊ ပြောဆို၏။ အဂေါစရေစ၊ ကျက်စား
သွားလာခြင်းငှါ မလျော်သောဈေးတွင်း ကြာဆန် ခေါက်ဆွဲ
ဆိုင်၊ လှော်ပွဲမြင်းပွဲအစရှိသောကာမဂုဏ်သဘင်သို့ဝင်၍ကျက်
စားသွားလာခြင်းတို့၌။ နံ၊ ထိုရဟန်းကို။ ပဿန္တိ၊ တွေ့မြင်ကြ
ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣမေဟိခေါ အဋ္ဌဟိ အင်္ဂေဟိ၊ ဤ
ရှစ်ပါးသောအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ဘိက္ခု
နော၊ ရဟန်းအား။ ဥပါသကာ၊ ဥပါသကာတို့သည်။ အာကင်္ခမာ
နာ၊ အလိုရှိကုန်သည်ရှိသော်။ အပ္ပသာဒံ၊ မကြည်ညိုဘွယ်ကို။
ပဝေဒေယျုံ၊ ပြောကြားပြုကြကုန်ရာ၏။

အမေး။ မကြည်ညိုဘွယ်အမှုအင်္ဂါထိုက်သော ပုဂ္ဂိုလ်
ကိုကြည်ညိုသနားသဖြင့် သဘောပေါ်၍ရင်း။ အခြားဈေးအ
ရပ်၌သော်ရင်း၊ ဒါယကာဥပါသကာသည်လှူဒါန်းပေးကမ်း မိ
သော်အပြစ်ဖြစ်မည်လော။

အဖြေ။ အပြစ်မရှိ။ ကုသိုလ်လည်းရ၏။ ပုဂ္ဂလိကဒါနပြု
လျှင်ဒုဿီလပုဂ္ဂိုလ်ကိုလှူဒါန်းသည်အကျိုးကိုရ၏။ ဒါယကာ
သည်သီလဝန္တာဖြစ်လျှင်စင်ကြယ်သဖြင့်အကျိုးကြီး၏။ သံဃာ
ကိုရည်မှတ်၍သံဃိကဒါနပြု။ အပ္ပမေယျ၊ အသင်္ချေယျဖြစ်၏။

အမေး။ ဆရာ့နိဗ္ဗာနမဂ္ဂကထာကျမ်းစာမျက်နှာ ၈၃၌၊
ပရမတ္ထအရိယာသံဃာမှယုတ်သော ပုထုဇဉ်ရဟန်းများတွင်
အလဇ္ဇီ၊ ဒုဿီလ၊ သီလဝန္တာအန္ဓရဟန်းများသည် အနွယ် မျှဖြစ်
ကုန်သောရဟန်းဟူ၍ရေးသားခဲ့၏။ ထိုအချက်ကိုများစွာသော
ရဟန်းများမနှစ်သက်ကြသောကြောင့် အဘယ်သို့လျှင်သီလ

ဝန္တရဟန်းသည်အန္ဓဖြစ်နိုင်ပါမည်နည်း။ ရတနာသုံးပါးအား ကိုးကွယ်ခြင်းသို့ရောက်သဖြင့်လည်းကောင်း၊ခန္ဓာအာယတန အစရှိသည်တို့ကို သင်ကြားနားလည်ခြင်းဖြင့်လည်းကောင်း၊ အလုံးစုံသောရဟန်းများသည်ကလျာဏပုထုဇဉ်ဟူ၍အချို့အ ယူရှိကြပါသည်။ အချို့မှာကား အလဇ္ဇီနှင့် ဒုဿီလကိုပယ်၍ ကြွင်းသီလဝန္တရဟန်းသာမဏေ ဟူသမျှတို့သည် ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍အယူရှိကြပါသည်။ ဤအချက်များကိုခြား နားစွာဝေဘန်စေလိုပါသည်။

အဖြေ။ ရတနာသုံးပါး၏ဂုဏ်တော်များ၌ယုံမှားခြင်းကို လွန်မြောက်နိုင်သောသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသော ရဟန်းမှသာ လျှင်ကလျာဏပုဂ္ဂိုလ်၊ ထိုအောက် ယုတ်သောရဟန်းကိုအန္ဓ ပုဂ္ဂိုလ်တွင် သွတ်သွင်း ကြောင်းကားမှန်၏။ မှန်ကြောင်းကား ပါဠိ အဋ္ဌကထာ ဋီကာ လက်သန်းအစရှိသဖြင့် ရဟန်းတို့သင် ကြားအပ်သော အမှုမျှဖြင့် ကလျာဏမဖြစ်နိုင်ကြောင်းကား။ ဇိနာလင်္ကာရဋီကာ၌အန္ဓပုထုဇန်နှင့် ကလျာဏပုထုဇန်နှစ်ပါး သာရှိကြောင်း၊ ၎င်းနှစ်ပါးတွင်ခန္ဓာ၊အာယတန၊ ဓာတ်၊သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်တရားများကိုသင်ကြားရုံမျှဖြင့်ကလျာဏ မမည်သေး၊ယောနိသောမနသိကာရောနတ္ထိ၊ ဟူသောအချက် ပါဝင်ရာဟုတ်မှန်စွာမမြင်ခြင်းဟူသောအသင့်ရှုလုံးသွင်းခြင်းမှ ဆုတ်ယုတ်သဖြင့် အန္ဓ ပုဂ္ဂိုလ်၊ ပါပဓမ္မ ဝါဒီပုဂ္ဂိုလ် မျှဖြစ် ကြောင်း။ ဒုဝေပုထုဇ္ဇနာဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။ အန္ဓောပု ထုဇ္ဇနောဧကော၊ ကလျာဏ ပုထုဇ္ဇနကောတိ။ ။တတ္ထ ယဿခန္ဓာယတနဓာတု သစ္စဣန္ဒြိယ ပဋိစ္စသမုပ္ပါဒါဒိဘေဒေ သုဓမ္မေသု ဥဂ္ဂဟပရိပုစ္ဆာ။ ယောနိသော မနသိကာရောနတ္ထိ၊ သောအန္ဓပုထုဇ္ဇနော။ယဿေတံအတ္ထိ၊သောကလျာဏပုထုဇ္ဇ နကော။ ။ဟူ၍လာသည်အတိုင်း အသင့်ရှုလုံးသွင်းခြင်းကို ဖြစ်စေနိုင်သောပုဂ္ဂိုလ်သာလျှင် သီလဝန္တ ကလျာဏဖြစ်နိုင် သည်အလျောက်။ကြွင်းဒုဿီလ၊အလဇ္ဇီ၊သီလဝန္တ၊အန္ဓပုဂ္ဂိုလ်

သုံးပါးကိုအန္ဓချည်း၌သွတ်သွင်းရာသည်။အကယ်၍ထိုသို့သော ပုဂ္ဂိုလ်သုံးပါး အပြားရှိအံ့။ ဒုဝေဟု မဆိုမူ၍ တိဝေပုထုဇ္ဇနာ ဝုတ္တာ။ ဟူ၍ဋီကာ၌ရေးသားရာသည်။ ။အပသာသနာဝင် ပုဂ္ဂိုလ်ဆရာကြီးများလည်းအချို့ပိဋကတ်တော်ကို သင်ကြား လေ့ကျက်သဖြင့် တရားတော်ကို နှိပ်စက်ကြသည့်ထင်ရှားရှိ သောကြောင့် သင်ကြား ရုံမျှဖြင့် သိက္ခာမပြည့်ရုံသေး ဖြစ်ရာ၏။ ။ကေန်အားဖြင့်ကား ပညာကိုရမှ သီလပြည့်ရုံနိုင်မည်။ မာနက်လေသာ၏အစွမ်းဖြင့်သာလျှင် ငါသည်သီလဝန္တ။ငါကဲ့ သို့အမြင်ဝါဒမတူသောသူဟူသမျှတို့သည် ဒုဿီလအလဇ္ဇီဟူ၍ထင်မှတ်လေ့ရှိကြရာသည်။ ။ကေန်အားဖြင့်ကား ပညာရှိမှသီလရှိနိုင်မည်။သီလရှိလျှင်လည်းပညာရှိရမည်။ ထိုကြောင့် တရားတော်တွင် အကျဉ်းဥဒ္ဒေသ ဒေသနာ၌၊ အလှူပေးဒါယကာအလှူခံပုဂ္ဂိုလ်နှစ်ပါးကိုဝေဘန်ရာ။ယောဒုဿီလောဒုဿီလေသု။ ဟူ၍၎င်း၊ယောသီလဝါသီလဝန္တေသု။ ဟူ၍၎င်း၊ထိုအကြောင်းနှစ်ပါးကိုအကျယ်နိဒ္ဒေသဒေသနာ၌။ ။ကထဉ္စာနန္ဒ ဒက္ခိဏာဒါယကတောဝိသုဇ္ဈတိ။နောပဋိဂ္ဂါဟကတော။ ဣဓာနန္ဒဒါယကတောဟောတိ သီလဝါကလျာဏဓမ္မော။ ပဋိဂ္ဂါဟကာဟောန္တိ ဒုဿီလာပါပဓမ္မာ။ ဧဝံခေါအာနန္ဒဒက္ခိဏာဒါယကတောဝိသုဇ္ဈတိ။ နောပဋိဂ္ဂါဟကတော။ ။ဟူ၍ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်လာ၏။ သို့ရာတွင်၊ မြန်မာဘာသာဖြင့် အနက်ယောဇနာရာ၌။ သီလဝါကို သီလရှိသည်ဟူ၍ ယောဇနာခြင်းကားမှန်၏။ ကလျာဏ ဓမ္မောကို အနက်ပေးသော အခါ၊ ကောင်းသောအကျင့်လည်းရှိသည်ဆိုရာ၌တရားတော်၏အရသာသည်လွန်စွာပျက်ပြားသဖြင့် အကောက်များရန်အကြောင်းရှိ၏။ ။ဒုဿီလာပါပဓမ္မာအရလည်းသီလမရှိ။မကောင်းသော အကျင့်ရှိသည်ဟူ၍ စာရိတ္တနှင့်ဓမ္မကိုတပေါင်းတည်းပြု၍ အနက်ပေးရာမိစ္ဆာအမြင်ကိုချန်ထှပ်၍ မိစ္ဆာအကျင့်ကို သာပြကြသဖြင့်အသင့်နှလုံးသွင်းခြင်းဟူသောယောနိသော မနသိကာ

ရမဖြစ်နိုင်ရာ၊ ထိုသို့မဖြစ်ကလည်းမာသေ မာသေကုသဂ္ဂေန။ လ။ နသောသင်္ခါတဓမ္မာနံ၊ ကလံနုဂ္ဃတိသောဠသိံ။ ဟူ၍ဓမ္မပဒ ပါဠိတော်အလာအတိုင်းဖြစ်ရာ၏။

အမေး။ ရဟန်းများသည် လူကိုလူချင်းသင်းကွဲရန်ပြုပါသလော။

အဖြေ။ မပြုဟူ၍ ဆိုခွင့်မရှိနိုင်ရာ။ မသိ၍သော်လည်းကောင်းအစရှိသဖြင့်။ အဂတိလေးပါးတွင်မောဟာဂတိသို့အယုတ်ဆုံးအားဖြင့် သက်ရာသည်။ မောဟသည်လည်း အကုသိုလ်စေတနာပက္ခိကအထောက်အပံ့ဖြစ်၏။

အမေး။ အဘယ်နည်း။ အဘယ်လက္ခဏာဖြင့် လူကိုလူချင်းကွဲပြားစေပါသနည်း။

အဖြေ။ တပါးသောရဟန်းသည်ရှိ၏။ ထိုရဟန်း၏ဝါဒသည်တပါးသောရဟန်း၏ဝါဒဖြင့်ဆန့်ကျင်၏၊ နှစ်ပါးလုံး၌ပင် မကြည်ညို ဘွယ်တရား အင်္ဂါရှစ်ပါး မပြည့်စုံသောကြောင့် ဘုရားသားတော် သံဃာအဖြစ်မှ မလျှောကျကြသေး။ ပါရာဇိကသို့လည်းမရောက်ကြသေးသည်ဖြစ်အံ့။ သာသနာကိုသုတ်သင်သည် ဟူသောအမှတ်ဖြင့်သော်လည်းကောင်း၊ ပြုရူဝန်တိုသောအားဖြင့်သော်လည်းကောင်း၊ တပါးသည်တပါးအား ရဟန်းမဟုတ်။ ပူဇော်သက္ကာရပြုခြင်းလှူဒါန်းခြင်းတို့၌အကျိုးမရှိ။ အကျိုးပင်ရှိသော်လည်း ညောင်ပင် ကြီးလောက် လှူလျှင် ညောင်စေ့လောက်ရ၏ဟူ၍သော်လည်းကောင်း၊ တက္ကတွန်းရဟန်းဟူ၍သော်လည်းကောင်း၊ အနက်အဓိပ္ပါယ်ကို သိစေ ထို၍ မှီဝဲဆည်းကပ်လာသောဥပါသကာတို့၏ အကျိုးမဲ့ကိုအကြောင်းရှာ၍ ဥပမာဖြင့်သော်လည်းပြောဟော၏။ ဥပါသကာများသည်။ အချို့ယုံကြည်နာယူမှတ်သား၏။ အချို့ကားမနာယူမမှတ်သားသည်ဖြစ်၍လူချင်းမပေါင်းသင်း။ အငြင်းအခုံဖြစ်ကြ၏။ ထိုကဲ့သည့်ပြောမိသောရဟန်းအားထိုက်ရာ၏။ ဥပါသကာများလည်းယုံကြည်သည်အားလျော်စွာ။ မိမိတို့ဆရာနှင့်အယူ

မတ္တူသောရဟန်းကို အလဇ္ဇီဟူ၍လွန်စွာသော အကြောင်းတို့ဖြင့်ဆဲရေးကြ၏။ ။သံဃာကိစ္စဖြင့်ဆွမ်းခံခြင်းတရားပေးခြင်း သီလပေးခြင်း အမှုအဘို့လာရောက်သွားလာသော်။ ခရီးမပေးလူကို လူချင်းကဲ့သို့ကျော်နင်းတိုက်သွား၏။ ထိုသို့သောအမှုအရာဖြင့် သံဃာတော်ကို ပြစ်မှားရာရောက်၍ အရိယူပဝါဒကံထိုက်ရာ၏။ဤသည်လျှင် လူကိုလူချင်းသင်းကွဲစေသည်မည်၏။

အမေး။ အကယ်၍ ထိုရဟန်းကို သော်လည်းကောင်း၊ သီလဝန္တ ကိုသော်လည်းကောင်း၊ ကလျာဏရဟန်းကို သော်လည်းကောင်း၊လမ်းခရီး၌သော်လည်းတွေ့ရာ၏။ သဘော်ပေါ်၌လည်းတွေ့ရာ၏။ ထိုသို့ တွေ့သော အခါ ရှိမခိုးမိ။ တစုံတခုသောအကြောင်းကြောင့်ရှိမခိုးမိသော်အပြစ်ထိုက်မည်လော။

အဖြေ။ အပြစ်ထိုက် မထိုက်သည်၊ စေတနာပြဋ္ဌာန်းသည်အားလျော်စွာဖြစ်ရာ၏။ရှိခိုးခြင်းသည်လှူဒါန်းခြင်း၌သွတ်သွင်းအပ်သော သဒ္ဓါစေတနာမည်၏။ စေတီပါးသို့ကျူးသန်းသွားလာမိရာရှိမခိုးမိ။ထိုသို့ရှိမခိုးခြင်းသည်သင့်လျော်သောကာလဒေသ မဟုတ်သည်လည်း တကြောင်း၊ ကုသိုလ်ကို မလိုသေးသည်လည်းတကြောင်း အစရှိသဖြင့်ဖြစ်ရာ၏။ ထိုနည်းဖြင့်အပြစ်မထိုက်။ ရွှေမရှိသောကြောင့်ရင်း၊ မသပ္ပာယ်သောကြောင့်ရင်း၊တစုံတခုသောအင်္ဂါမပြည့်စုံဟူ၍အောက်မေ့သဖြင့်သော်ရင်း၊ ဤသို့မနသိကာရကုက္ကုစ္စအကုသိုလ်စေတနာရှေးသွားရှိအံ့၊ အပြစ်ထိုက်ရာ၏။ ရှိခိုးခြင်းသည်သဒ္ဓါစေတနာမည်သည်နှင့် အခွင့်မသာသောအခါ၌ရှိမခိုးသော်လည်းရိုသေခြင်းဂါရဝတရားဟူသောအပစာယနဖြင့်ခရီးပေးခြင်းကိုယ်ကိုကိုင်းညွတ်ခြင်း အစရှိသော အခြင်းအရာကိုကားမချွတ်ပြုထိုက်ရာ၏။ မတော်သဖြင့်လမ်းတွင်မမြင်၍တိုက်မိနှီးပါးဖြစ်အံ့။နည်းစွာအဆုံးမတ်တတ်နေသော ရဟန်းအားကိုယ်ကို ကိုင်းညွတ်သဖြင့် လက်အုပ်တခါချီ၍ကန်တော့ရာ၏။ထိုင်လျက်တည်သောရဟန်းဖြစ်မူ။ထိုင်၍ကန်တော့ရာ၏။

အမေး။ ယောဗုဒ္ဓံပရိဘာသတိ။အထဝါတဿသာဝကံ၊ ပရိဗ္ဗဇံဂဟာဋ္ဌံဝါ။တံဇညာဝသလောဣတိ။ ။ဟူ၍ထိုလေးပါးသောပုဂ္ဂိုလ်များကိုဆဲရေးသောသူသည်ယုတ်သူဖြစ်ကြောင်း သုတ္တနိပါတ်ပါဠိတော်၌လာ၏။ ဗုဒ္ဓံအရ၊ သဗ္ဗညုမြတ်စွာဘုရားရှင်ဖြစ်ခြင်းကားထင်ရှား၏၊ တဿသာဝကံနှင့်ပရိဗ္ဗဇံနှစ်ပါး၏ ခြားနားခြင်းလက္ခဏာကိုသိလိုပါသည်။

အဖြေ။ တဿသာဝကံအရ၊ ဘုရားရှင်၏တပည့်သားဖြစ်သောသာသနာ့ရဟန်းသာမဏေဖြစ်၏။ ပရိဗ္ဗဇံအရ၊ အပသာသနာတက္ကတွန်းရဟန်းကိုရ၏။

အမေး။ သာသနာ့ရဟန်းကို ပရိဗိုဇ်ရဟန်းဟူ၍ ခေါ်ထိုက်ပါ၏လော။

အဖြေ။ မခေါ်အပ်ချေရာ၊အပသာသနာဟိန္ဒူဘာသာဝင်ပုဂ္ဂိုလ်သည်ထိုသို့သာသနာ့ရဟန်းကိုဖြစ်မှားလိုသောစေတနာမရှိမသိသက်သက် ပရိဗိုဇ်ရဟန်းဟူ၍ခေါ် မိသော်၊မြန်မာလူကြီးကို အရာကြီး ဘာဘူကြီးဟူ၍ ထိုသူခေါ်မိသကဲ့သို့ဖြစ်ရာ၏။အကယ်၍မြန်မာလူမျိုးတယောက်သည် ထိုမြန်မာလူကြီးကိုနည်းတူခေါ်ရာ၌ကား မနာလိုဘွယ်သော ဖရုသဝါစာဖြစ်ရာ၏။

သိဥ္စည်းပရိဗိုဇ် သစ္စကပရိဗိုဇ် သုဘဒ်ပရိဗိုဇ်အစရှိသော အပသာသနာရဟန်းများကိုသာ ပရိဗိုဇ်ရဟန်းဟူ၍ ခေါ်အပ်ရာသည်၊ ထိုသို့သောရဟန်းများကို သာသနာတွင်းသို့ သွတ်သွင်းပြီးနေ၁ံ ဘိက္ခုအဖြစ်သို့ရောက်သဖြင့်၊ သမဏဟူသော သာသနာ့ရဟန်းအနွယ်အမည်ဖြင့်သာလျှင်ခေါ်ရာ၏။

အမေး။ အကယ်၍တပါးသော သာသနာ့ရဟန်းသည်ငါ ပရိဗိုဇ်ရဟန်းဟူ၍ထုတ်ဘော်ပြောဆိုအံ့။ ထိုပုဂ္ဂိုလ်ကိုတက္ကတွန်းရဟန်းဟူ၍ခေါ်ထိုက်ပယ်ထိုက်မည်လော။

အဖြေ။ ထိုမျှလောက်သောအမှုအရာဖြင့် မခေါ်ထိုက်ချေရာ။သာသနာ့ရဟန်း၏ အမှုအရာသိက္ခာသည် မပျက်သေးအံ့။

မပျက်သမျှ ကာလပတ်လုံး သမ္ဗုတိသံဃာအဝင် သာသာနာ ရဟန်းပင်ဖြစ်ရာ၏။ မိမိဒွရအပ်သော တပါးသော ဂုဏ်ကိုသိ စေလိုသောကြောင့် ပရိယာယ် ပြုလုပ်ပြောကြားလျှင် မာနက် လေသာကို မပယ်ရသေးသောအနာဂါမ်ပုဂ္ဂိုလ်မျှဟူ၍ လွန် စွာအဆုံးယူရာ၏။

အမေး။ အထက်မေးခဲ့သော ပြဿနာများသည် နက်နဲ သည့်ဆိုသော်လည်း လောကီယထာဘူတဖြစ်သောကမ္မဿ ကတာဉာဏ်သစ္စာနုလောမိကဉာဏ်၏ အာရုံမျှဖြစ်၍ပုထုဇဉ် တို့ သိနိုင်လောက် သောကြောင့် အဆော တလျှင် ဟော၏။ နောက်မေးလိုသော အချက်များသည်မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အာရုံဖြစ်သောကြောင့်သိမ်မွေ့သောသဗ္ဗညုတဉာဏ်၏အန္တရာယ် ဖြစ်သောတရားကို ရှေးဦးစွာဝေဘန်ပြီးမှဖြေအပ်သောပြဿ နာများကို ဖြေမည်ဟု ဝန်ခံချက်အရ ယခုရေးသားတင်ပြပါ လော။

အဖြေ။ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ဣန္ဒြေ၊ ဖိုလ်၊ မဂ္ဂင်၊ ဈာနင်၊ ဟူသောမိဿကတရား။ သတိပဋ္ဌာန်အစရှိသောဗောဓိ ပက္ခိယတရား။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်အစရှိသော ပဋိစ္စသ မုပ္ပါဒ်တရား။ ဟေတုပစ္စည်း အစရှိသော ပဋ္ဌာန်း တရားများ သည်မဂ်ဖိုလ်အားလျော်သော အလွန်ဉာဏ်၌ ထင်နိုင်ခဲသော တရားထူးများဖြစ်ကြ၏၊ ထိုတရားအလုံးစုံကိုနိဗ္ဗာနမဂ္ဂကထာ ကျမ်း ဒုတိယပိုင်း၌သာဝေဘန်နိုင်မည်ဖြစ်၍ ရေးပြီးစက်တင် ပုံနှိပ်ပြီးသောပဋ္ဌမပိုင်းတွင်ကွယ်သော အနက်များကို ပြရာပြ ကြောင်း ဖြစ်သော ဤနာနာ ဝါဒပုဋ္ဌာဝိသဇ္ဇနီပဋ္ဌမပိုင်းကျမ်း ငယ်တွင်ထိုတရားအလုံးစုံတို့၏ အမြစ်အရင်းဖြစ်သော ဓါတ် တရားမျှဝေဘန်အံ့။

လောကီဖြစ်သောသုံးဆဲ့တဘုံသည်ဌာနဘုံမည်၏။ လော ကုတ္တရာဖြစ်သောနိဗ္ဗာန်သည်ကား အဝတ္ထုဘုံမည်၏။ လော ကီသုံးဆဲ့ တဘုံ၌ မြင်ရသမျှ ကြားရသမျှ အစရှိသော အာရုံ

ခြောက်ပါးတို့၏ ဝတ္ထုဟူသမျှသည် ပညတ်အားဖြင့် အမည်နာမအမျိုးမျိုးဖြင့်ခေါ်ဝေါ်ကြ၏။ ။ပရမတ္ထသဘာဝ အားဖြင့်ကား။သင်္ခတစိတ်တပါးသာဖြစ်၏။နိဗ္ဗာန်သည်အသင်္ခတဓါတ်ဖြစ်၏။ ။သင်္ခတဓါတ်သည်ကံစိတ်ဥတုအာဟာရဟူသောအကြောင်းတရားလေးပါးကြောင့်ဖြစ်၏။

ထိုလေးပါးတို့တွင်။ပညတ်၊နာမ်၊ရုပ်၊သုံးပါးသည်ပါဝင်၏။ ပညတ်ဟူကာပစ္စည်းပိုင်း၌ တင်ပြလျက်ရှိသော အမည်နာမအမျိုးမျိုးဖြစ်၏။ ။ရုပ်သည်မဟာဘုတ်ရုပ်။ဥပါဒါနိရုပ်ဟူ၍နှစ်ပါးရှိ၏။ ။နာမ်သည်ခန္ဓာတွင်ပါဝင်သော သင်္ခတသင်္ခါရနာမ်၊ ခန္ဓာမှလွတ်သောအသင်္ခတနိဗ္ဗာနနာမ်ဟူ၍နှစ်ပါးရှိ၏။

အပါယ်လေးဘုံ၊မနုဿလူ့ဘုံ၊ နတ်ဘုံ၊ဗြဟ္မာဘုံ၊နိဗ္ဗာန်ဘုံ၊ နိဗ္ဗာန်ရွှေပြည်ဟူသမျှသည် ပညတ်ဖြစ်သော အမည်နာမမျှဖြစ်ကြ၏။ရှိလည်းရှိကြသဖြင့်သွားကြလာကြ၍ရောက်ကြ၏။

ပရမတ္ထ သဘာဝအားဖြင့်ကား၊ ဓါတ်အပြားသာ ဖြစ်၏။ ဓါတ်ကိုအကျဉ်းအားဖြင့် ဝေဘန်သော်၊ ပထဝီဓါတ်၊ အာပေါဓါတ်၊တေဇောဓါတ်၊ ဝါယောဓါတ်ဟူ၍မဟာဘုတရုပ်ဓါတ်။ ပဋိသန္ဓေဓါတ်ပြညာဏဓါတ်၊ မနောဓါတ်၊ မနောဝိညာဏဓါတ်၊ နိဗ္ဗာနဓါတ်ဟူ၍နာမ်ဓါတ်၊အလုံးစုံအားဖြင့်ရှစ်ပါးအပြားရှိ၏။

ပထဝီဓါတ်ဟူကာ၊ ပထဝီမြေကြီး၌ရှိသောသံတုံး၊ကျောက်အမျိုးမျိုး အစရှိသောပစ္စည်းဝတ္ထုများ၏ အခိုးအငွေ့မြေဓါတ်ဖြစ်၏။ ။အာပေါဓါတ်သည်၊ရေ၊ဆီမှဖြစ်သောရေဓါတ်အခိုးအငွေ့ဖြစ်၏။ ။တေဇောဓါတ်သည်အပူအအေးမှဖြစ်သောအခိုးအလျှံမည်၏။ ။ဝါယောဓါတ်သည် လေမှဖြစ်သော ဓါတ်မည်၏။ ။ပထဝီမြေကြီးသည်ရုံခါသဲလုံးလက္ခဏာ၊ရုံခါမြေရုန့်မြေနုလက္ခဏာ၊ ရုံခါကျောက်လုံးကြီးလက္ခဏာရှိသဖြင့် ထင်ရှားမြင်အပ်၏။ ။အာပေါဖြစ်သောရေကိုလည်းရုံခါသောက်ရေသုံးရေကဲ့သို့ ပကတိရေလက္ခဏာ၊ ရုံခါရေခဲ နှင်းခဲလက္ခဏာ ရုံခါရေငွေ့ လက္ခဏာဖြင့် ထင်ရှား၏။ တေဇော သည်

လည်း။ မီးဟူသောအမည်ဖြင့်မီးခဲမီးတောက်မီးလျှံဟူ၍ ထင်ရှား၏။ ဝါယောသည်လည်းလေတိုက်သောအခါထိပါးသဖြင့်လည်းကောင်း၊ အိတ်တခုဖြင့်လုံစွာပိတ်ထားသောအခါ ဝတ္ထုအားဖြင့်ထင်ရှားတွေ့အပ် သိအပ်၏။ ။လက်မနစ်ဘိလပ်ရေပုလင်း၌ထည့်သွင်းထားရာလေသည်တည်နေ၏။ ထိုပုလင်းကိုဖွင့်သောအခါ ထွက်သံဖြင့်လေသည် အကောင်အထည်အားဖြင့်ရှိကြောင်းသိအပ်၏။ မြင်ကားမမြင်အပ်သတည်း။

ဤဓါတ်လေးပါးသည်တပါးအားတပါးကိုမှီသဖြင့်ဖြစ်ခြင်း၊ ပျက်ခြင်းရှိ၏။ ။မြေမှ မြေဓါတ် ထွက်ခြင်း၊ ရေမှရေဓါတ်ထွက်ခြင်း၊ မီးမှမီးဓါတ်ထွက်ခြင်း၊ လေမှလေဓါတ် ဖြစ်ခြင်းဖြင့်တပါးသည်တပါးအါးပြုပြင်ကြသည်မှာ။ ပြုပြင်ခြင်းတရားသည်အလွန်နူးညံ့သိမ်မွေ့သောကြောင့်လွန်စွာနှုလုံးထား၊ စဉ်းစားသော်မှသိရာမြင်ရာ၏။ ။ဖယောင်းတိုင်ဆီမီး။ ရေပူကိုမြင်သောအခါ၌ကားထင်ရှား၏။ ။ဖယောင်းတိုင် ဆီမီးတိုင်ကိုမီးစွဲသောအခါတေဇောအပူဓါတ်သည်ပြင်းသောကြောင့်၊ ထိုတိုင်၌ရှိသောပထဝီသည်ထွက်ရာထင်ရှားစွာစမ်းလိုသော်ထိုတိုင်ပေါ်၌ခွက်တခုတည်ထားသည်ကာလ။ စွဲသောကျပ်ခိုးသည် ပထဝီဓါတ်မည်၏။ မီးတိုက်၍ တဘန် မလောင်သောကြောင့်ပထဝီဟူ၍ ကျောက်အစရှိသည်တို့ကိုအစွဲပြု၍ သိရာ၏။ ။မြေကြီးမှာမူကား။ တပါးသော ဓါတ်ဖြင့် ယောယှက်လျက် ရှိသောကြောင့်အချို့ မီးလောင်၍ အချို့ကြွင်းရှိ၏။ ။ဖယောင်းတိုင်မှအဆီသည်ရေငွေ့ဖြစ်သဖြင့်လွင့်ပါး၏။ ။အပူသည် တေဇောဓါတ်ဖြစ်၍လွင့်ပါး၏။ ။အပြီးဘာတခုမျှမရှိပျောံပျက်၍ သွားသည်ဟူ၍ကားမဆိုအပ်။ အာကာသဓါတ်ဖြစ်၍ကောင်းကင်အာကာသသို့သွားကြ၏။ ။ထိုအာကာသသည်နိဗ္ဗာန်ကဲ့သို့ အမြဲတည်သောကြောင့် ပျက်စီးခြင်းသည်မရှိ။ အာကာသဘယ်မှာနည်းဆိုသော်မြင်သမျှမြေ၏ အထက်အရပ်သည် အာကာသမည်၏။ ထိုအာကာသ၌ ပထဝီဓါတ်၊

တေဇောဓါတ်၊အာပေါဓါတ်၊ ဝါယောဓါတ်ဟူသောမဟာ ဘူတဓါတ်လေးပါးသည်ရှိ၏။ မြင်ကားမမြင် အပ်သတည်း။ မြင်ပြန်ကလည်းဓါတ်တည်းဟူသောအမည်ဝေါဟာရကို စွန့်သဖြင့်။မိုဃ်း၊တိမ်၊ ဆီးနှင်း၊မီး၊မြေရန့်။ မြူလွှာဟူသောအမည်ဖြင့်သာလျှင်မြင်ရသိရ၏။

ကမ္ဘာပျက်သောအခါအလုံးစုံသောမြေ၊ရေအစရှိသည်တို့သည်တပါးသည်တပါး၏အာနုဘော်ကြောင့်ပျက်ပြားပြီးလျှင်ဓါတ်အားဖြင့်အာကာသ၌စုဝေးကြ၏။ ။ကမ္ဘာအသစ်ဖြစ်ပေါ်ချိန်ရောက်ပြန်သောအခါ။တဘန်အောက်သို့စုဝေး၍ အလုံးအခဲဖြစ်ပြန်၏။ ။ဤမျှလောက်ဖြင့် ဓါတ်လေးပါး၏ ဖြစ်နည်း၊ပျက်နည်း။အတုံးအခဲ အငွေ့အသက် ဖြစ်ပုံကိုသိနိုင်ရာ၏။ ။သစ်ပင်သစ်သီးအစရှိသော သတ္တဝါတို့၏အသုံးအဆောင်အာဟာရဝတ္ထု၊သက်မဲ့ပစ္စည်းများ၌ မဟာဘုတ် ရုပ်ကိုသာလျှင်ရအပ်၏။ ။သက်ရှိသတ္တဝါတို့၌ကား၊မဟာဘုတ်လေးပါးမှတပါး၊ဥပါဒါန်ရုပ် ၂၄ ပါးကိုရ၏။ထို့ကြောင့်သတ္တဝါတို့၏ရုပ် ၂၈ ပါးရှိ၏။ဥပါဒါန်ရုပ်သည်နာမ်ဇီဝိတိန္ဒြေကိုမှီ၍တည်သည်ဖြစ်သည်ရှိ၏။

သတ္တဝါမသေမီအခါ၌အဟာရသည်မပြတ်လွှင့်ပါးသောရုပ်ဟူသောဓါတ်များကိုအသစ်အသစ်ဖြစ်စေပြန်၏။ထိုအဟာရသည်လည်းအခြားမဟုတ်။ ပျက်ပြီးသောဓါတ်များ တဘန်သစ်ပင်သစ်သီးအမဲဟင်းလျာအသားတည်းသို့ဝင်သဖြင့်စုဝေးကြီးပွါး လာသော ဓါတ်များပင်တည်း။ ဥပမာ။ သစ်ပင်သစ်ရွက်သည်ကြွေရာ၊ဓါတ်ဖြစ်၍သစ်ရွက်သစ်မြစ်များ၏အာဟာရအဆောက် အဦ၊ ထိုအဆောက်အဦ အဟာရမှ တဘန်သစ်ပင်၊ပင်စည်၊ သစ်ရွက်၊ သစ်သီးဖြစ်သကဲ့သို့ လည်းကောင်း၊ကြက်ဥမှတဘန်ကြက်ဘ၊ကြက်မ၊ကြက်ဘ၊ကြက်မမှတဘန်ကြက်ဥ၊ထိုကဲ့သို့ပဉ္စတ်သန္တါရ၊ရုပ်သန္တါတို့သည် ကမ္ဘာ့ဓမ္မ

တာဖြစ်ပြီးလျှင်ပျက်၊ ပျက်ပြီးလျှင်ဖြစ်ဟူ၍ သံသရာစက်သည်လည်၏။

ရုပ်ဓါတ်မှတပါးနာမ်ဓါတ်ကိုဆိုအံ့။ ။နာမ်ဓါတ်လေးမျိုးတွင်၊ ပဥ္စဝိညာဏဓါတ်ဟူက၊ စက္ခုပသာဒ၏ စက္ခုဝိညာဏဓါတ်၊ သောတပသာဒ၏သောတဝိညာဏဓါတ်၊ ဃာနပသာဒ၏ဃာနဝိညာဏဓါတ်၊ ဇိဝှါပသာဒ၏ ဇိဝှါဝိညာဏဓါတ်၊ ကာယပသာဒ၏ ကာယဝိညာဏဓါတ်ဟူ၍ပဥ္စဝိညာဏ်ကိုဖြစ်စေသောနာမ်ဓါတ်များကိုရ၏။ ။အကျဉ်းအားဖြင့်အဟိတ်ကုသလအကုသလဝိပါက်စိတ် ၁၀ ပါးကိုရ၏။

မနောဓါတ်ဟူက၊ အာရုံကိုဆင်ခြင်တတ်သောမနောဒွါရာဝဇ္ဇန်းစိတ် ၁၊ အာရုံကိုခံစားခြင်း လက္ခဏာရှိသော ကုသိုလ်သမ္ပဋိစ္ဆိုန်းအကုသိုလ်သမ္ပဋိစ္ဆိုန်းစိတ် ၂၊ ပေါင်းသုံးပါးသည် မနောဓါတ်မည်၏။

ဒွေပဥ္စဝိညာဏ် ၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊သမ္ပဋိစ္ဆိုန်း ၂၊ တို့မှကြွင်းသော ၇၆ ပါးသောစိတ်တို့၌ရှိသော ဓါတ်သည် မနောဝိညာဏဓါတ်မည်၏။

နိဗ္ဗာနဓါတ်ဟူက၊ ခန္ဓာငါးပါးတွင်မှီ၍တည်သော သဥပါဒိသေသနိဗ္ဗာနဓါတ်၊ ခန္ဓာငါးပါးချုပ်ပြီးနောက်၊ တပါးတည်းဖြစ်ပေါ်လာသောအနုပါဒိသေသနိဗ္ဗာနဓါတ်ဟူ၍ နိဗ္ဗာနဓါတ်နှစ်ပါးရှိ၏။ ။နာမ်တရား သက်သက် အရူပ ပုဂ္ဂိုလ်၌ ဖြစ်သောဝိပါက်စိတ် ၄ ပါးသည်ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍ ဖြစ်နိုင်သော်ငြားလည်းအရူပကုသိုလ်တည်းဟူသော အကြောင်းကို မှီလျက် တည်သော ကြောင့် တဘန် ပဋိသန္ဓေ ယူရ၏။ အရူပ ပင်ဖြစ်သော နိဗ္ဗာန ဓါတ်မှာမူကား။ လောကီ လောကုတ္တရာ၏ အကျိုး ဖြစ်သော်လည်း ထိုအကျိုး ကို တဘန်အကြောင်း တရား ဖြစ်စေ တတ်သော လောကုတ္တရာ ကိရိယာစိတ်ဟူ၍ မရှိခြင်းကြောင့် ဖြစ်ပြီးသည်နောက်တဘန်ပြောင်းလဲခြင်းမရှိ။ထာဝရအစဉ်တည်၍မြဲလေ၏။ ။ဥပမာကား၊

ရောင် လရောင် တို့သည် နေ လ ကိုမှီ၍ဖြစ်ရသကဲ့သို့လည်းကောင်း၊ မီးတောက် အလင်းသည် ဆီမီးစာကိုမှီ၍ ဖြစ်ရသကဲ့သို့လည်းကောင်း၊ ပတ္တမြားကျောက်၊ စိန်ကျောက် အစရှိသည်တို့မှတောက်သောအရောင်အလင်းသည် မှီရာကျောက်ကိုအစွဲပြုသဖြင့်ထိုကျောက်၏ အရိပ်အရောင်မျှ ဖြစ်သကဲ့သို့လည်းကောင်း၊သင်္ခတဓာတ်ဖြစ်သောရုပ်တရားနာမ်တရားတို့သည်မှီရာကံတရားကြောင့်ဖြစ်၍ကံ၏အရိပ်အရောင်မျှဖြစ်ကြ၏။ ။ပုဂ္ဂိုလ်ဟူ၍ သက္ကာယဒိဋ္ဌိ၏အစွမ်းဖြင့်ယူလေ့ ရှိကြသတည်း။

မြတ်သောလူပုဂ္ဂိုလ်တို့၌ ကမ္ဘဋ္ဌာန်း အရောင် အလင်း ဟူသောဩဘာ၊ နတ်တို့၌ပုညာဘိသင်္ခါရ၏ ကိုယ်ရောင်ရှိကြ၏။ အရူပပုဂ္ဂိုလ်တို့၌ အာနေဉ္ဇာဘိသင်္ခါရအရူပ ကုသိုလ်၏ ဩဘာအရောင်မျှဖြင့်နာမ်တည်သကဲ့သို့၊ ဘုရား ရဟန္တာ အရှင်မြတ်များသည်နိဗ္ဗာနဓာတ် နာမ်တရားဖြင့် မအိုမသေအမြဲနေကြ၏။ ။ထိုနာမ်ဓာတ်သည် တစုံတခုသောပုညာဘိသင်္ခါရအစရှိသည်တို့ကိုမမှီမူ၍တည်သောကြောင့် ပြန်လည် ရခတခြင်းကင်းကြ၏။ ။ဘုရားသက်တော်ထင်ရှားတွင်။ပုညာဘိသင်္ခါရမှ လွတ်သော လောကီကိရိယာစိတ်၊ လောကုတ္တရာဝိပါက်စိတ်တို့၏အရိပ်အရောင်ဖြစ်သောကိုယ်ရောင်တော်တလံ၊ မဟာသဥပါဒိသေသနိဗ္ဗာန ဓာတ်၏ အရိပ် အရောင်ဖြစ်သောရောင်ခြည်တော် ခြောက်သွယ်များသည် သင်္ခတ ဓာတ်အသင်္ခတဓာတ်တော်နှစ်ပါးကြောင့် အသီးအသီး ဖြစ်ပေါ်လာကြ၏။ ။သက္ကာယဒိဋ္ဌိငြိတွယ်လျက်ရှိသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်အကာကိုအနှစ်၊ အနှစ်ကိုအကာဟူ၍ ဆန့်ကျင်ဘက်ကိုသာမြင်တတ်ကြ၍။ကိုယ်ကိုသာသိသဖြင့် နာမ်သက်သက်သဘာဝတရားကိုမသိကြ။ယခုအခါရုပ်ပွါးတော်စေတီတော်၊ ဓာတ်တော် အမျိုးမျိုးမှ လွှတ်တော်မူသော ရောင်ခြည်တော်

များသည် သဉပါဒိသေသ နိဗ္ဗာန ခေတ်၏ အရောင်တော်ဟု သောတန်းခိုးတော်ဖြစ်၏။

တရားတော်သည်လည်း သခ်တခေတ်နှင့် သဉပါဒိသေသ နိဗ္ဗာနစိတ် ဖြစ်သောကြောင့်၊ ဘုရားမရှိဟူ၍ မဆိုနိုင်ရာ။ ထို ဉာဏ်တော်ခေတ်ကိုအမှီပြုသဖြင့်ရှေးဘုရား သက်တော်ထင် ရှားရှိတော်မူစဉ်အခါ ရဟန္တာအစရှိသည်တို့ ဖြစ်လွယ်ကြ၏၊ အနုပါဒိသေသနိဗ္ဗာန ခေတ်ကိုမမှီမူ၍ဖြစ်သောကြောင့် ရှေး ကကဲ့သို့မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုမရနိုင်ကြဟူသော ကိလေသာ အန္တရာယ်အမျိုးမျိုးကို ပယ်ကြသဖြင့် သာသနာတော် မြတ်ကို ရှည်လျားစွာတည်စေခြင်းငှါစောင့်ရှောက် အပ်ကြ ပေတော့ သည်။

ရှေးအခါ၌ ကားမြတ်စွာဘုရားရှင်၏စောပန ကိရိယာအ ဖြင့်အသင့်ရှိသောဆီမီးတိုင်ကဲ့ ဘုရားသခင်သဏ္ဍာန်၌ ရှိသော မီးကြီးအလျှံဖြင့်ခေတ်ကူး၍ညှိထွန်းလိုက်သော ဖယောင်းတိုင်၊ မီးတိုင်များကဲ့သို့လျှင်မြန်စွာ အလင်းကူးသဖြင့် အထူး တရား များကိုရလွယ်ကြ၏။

ထိုဉာဏ်တော် မီးတောက် ကြီးသည် ချုပ်သဖြင့် ခေတ် သက်သက်မျှအကြွင်းရှိရာ။ ယခုအခါ ထိုဉာဏ်ကြီး၏ မီးတော် ကိုလိုသော်မိမိတို့ပယောဂဖြင့်ဝိပါက် ဉာဏ်၊ကိရိယာ ဉာဏ် နှစ်ပါးကိုရှေ့သွား ပြုလျက်၊လောကုတ္တရာ ကုသိုလ်ကို ဖြစ်စေ ရာ၏။ ဥပမာအလျှံပြင်းစွာ တောက်သော မီးတောက်မှ မီးညှိ သော်အလွယ်တကူရ၏။ မီးခပ်ကျောက် နှစ်ခုကို ခပ်သော်မီး ကိုခပ်သောပယောဂလုံ့လဖြင့်ရ၏။ ။မီးတောက်ကြီးဆိုရာ ၌အကာအနှစ်၊ နှစ်ပါးရှိ၏ဟုဆိုလိုသည်။ မီးတောက် သည်အ အကာ၊အလင်းခေတ်သည်အနှစ်ဖြစ်၏ဟူ၍မှတ်ရာ၏။

အမေး။ တပါးသော သာသနာဝင်ပုဂ္ဂိုလ်သည် ကံဖြင့် ရှိခိုးခြင်းပဏာမကိုပြု၏။တပါးသည်ဒွါရဖြင့်ရှိခိုး၏။ မည်သူ၏ ဝန္ဒနာစေတနာ၏အကျိုးသည်ကြီးရာသနည်း။

အဖြေ။ စေတနာတူမျှပါလျှင်နှစ်ပါးရုံ၌ပင် တူမျှသောအကျိုးဖြစ်ရာ၏။ကံနှင့်ဒွါရသည်ပညတ်ဝေါဟာရမျှဖြစ်၏။စေတနာသာလျှင်ပရမတ္ထသဘာဝဖြစ်သည်အလျောက်၊ကာယကံ၊ဝစီကံ၊မနောကံဟူ၍၎င်း၊ကါယဒွါရ၀စီဒွါရမနောဒွါရဟူ၍၎င်း၊ကာယစေတနာ ဝစီ စေတနာ မနော စေ တနာ ဟူ၍ လည်းကောင်း၊ဖြွက်ဆိုလိုသည်အတိုင်းနှုတ်ဖြွက်ကန်တော့ရာ၏။

အမေး။ တိဒွါရေ နေ၀၀န္ဒိတွာကုသလန္တိဗုဒ္ဓေနနဒေသိတောကိံ ဗုဒ္ဓေနနဒေသိတော၊မတာနဥ္စပထဝီရက္ခာဒိနဥ္စအဥ္စလိဂ္ဂုပံကတွာ ဝန္ဒိတွာပိ၊ နတံ ရူပေ ကုသလံ။ ကဿွာ စေတနတ္တာ၊ဟူ၍လက်သန်းငိုကာပကိဏ္ဏက သင်္ဂဟပါဠ်၌လာသည်နှင့်အညီဒွါရဖြင့်ကန်တော့ရာ၌အကျိုးမရှိဟုအချို့အယူ ရှိကြ၍ လွှန်စွာဝေဘန်စေလိုပါသည်။

အဖြေ။ ။သုံးပါးသော ဒွါရဖြင့် သာလျှင် ရှိခိုး၍ အကျိုးရှိကြောင်းဘုရားမဟောဟူ၍သေသောသူ၊သစ်ပင် အစရှိသည်တို့ကိုဥပမာပြု၍ပြဘိ၏။ ဆရာမေးလိုသည်မှာသေသောသူ၊၎င်းသစ်ပင်၊ ကျောက် အစရှိသော သက်မဲ့ဝတ္ထုတို့၌၊ ဒွါရရှိပါသလော။ ။ဒွါရဟူကား။ရုပ်ဒွါရနာမ်ဒွါရဟူ၍နှစ်ပါးရှိရာ၊ ဧကန်ပရမတ္ထသဘောအားဖြင့်၊ ဇောဖြစ်ရာဌာနကို ဒွါရခေါ်၏။ ။ကုသိုလ်အကုသိုလ်၏အကျိုးဖြစ်သောကုသလဝိပါက် အကုသလဝိပါက်စိတ်ဟူသောဒွေပဥ္စဝိညာဏ်တဆယ်သည် ရုပ်ဒွါရမည်၏။မည့်ကြောင်းကား။ စက္ခုပသာဒဟူသော စက္ခုဒွါရ၌စက္ခုဝိညာဏ်စိတ်၊ သောတပသာဒဟူသော သောတဒွါရ၌သောတဝိညာဏ်စိတ်၊ဃာနဒွါရ၌ ဃာနဝိညာဏ်စိတ်၊ဇိဝှါဒွါရ၌ဇိဝှါဝိညာဏ်စိတ်၊ကာယဒွါရ၌ကာယဝိညာဏ်စိတ်ဖြစ်ရာမဟာဘုတ်လေးပါးဘွင်ဒွါရမရှိ၊နာမ်ကိုမှီ၍ ဖြစ်သောဥပါဒါန်ရုပ်၌သာလျှင်ဒွါရကိုရအပ်၏။ထို့ကြောင့်၊ ဒွေပဥ္စဝိညာဏ်တဆယ်သည်ပဥ္စဝိညာဏဓာတ်မည်၏။ ။ပဥ္စဒွါရာဝဇ္ဇန်းစိတ်နှင့်သမ္ပဋိစ္ဆိုန်း စိတ်သုံးခု သည်လည်း မနော ဒွါရ သို့ မရောက်

သောကြောင့် ရုပ်ခွါရ၊ဓါတ်အားဖြင့်ကား မနောဓါတ်ဖြစ်၏၊ ပဉ္စဝိညာဏဓါတ် မနောဓါတ်မှ ကြွင်း သော စိတ်များ သည် မနောဝိညာဏဓါတ်ဖြစ်သည်အားလျော်စွာမနောခွါရ မည် ၏။ ။ကောန်အားဖြင့်ကား ဝိပါက်စိတ်နှင့် ကိရိယာ စိတ် ကိုခွါရ ဟူ၍ ခေါ်အပ်၏။ အာရုံကို ရသော အခါ၊ ပဉ္စ ခွါရ နှိရလျှင်၊ ပဉ္စ ဝိညာဏ် တွင် တင်၍ ပဉ္စ ခွါရာ ဝဇ္ဇန်း၊ ၎င်း သမ္ပဋိစ္ဆန်း၊ ကရိယာ စိတ်ဖြင့် ထိုက်ရာ ကုသိုလ် ဇောအကု သိုလ်ဇောတို့သည် ဖြစ်တတ်ကုန်၏။ ဥပမာ ကြက်မသည် ဝိ ပါက်စိတ်၊ကြက်ဖသည်ကိရိယာစိတ်၊ကြက်ဥသည်ကုသိုလ်အ ကုသိုလ်ဇောစိတ်ကဲ့သို့၊ ၎င်းကြက်မကြက်ဖကြက်ဥသုံးမျိုးစ လုံးပင်ကြက်မျိုးချည်းဖြစ်ရာအလုံးစုံအယုတ်ဆုံးအားဖြင့် စိတ် တခုယုတ်ကိုးဆယ်သည်လည်းမနောခွါရမည်၏။ဘဝင်္ဂပစ္စေ ဒဟူသောပဋိသန္ဓေဝိပါက်စိတ်၁၉သည်လည်းမနောခွါရမည် ၏။ ကုသိုလ်အကုသိုလ်ဇောဟူသမျှလည်း မနောခွါရမည်၏။ ထိုကြောင့်၊အာဝဇ္ဇနာဒီနံအရူပဓမ္မာနံပဝတ္တိမုခဘာဝတောခွါ ရာနိဝိယာတိခွါရာနိ။ ။တနည်း၊ အာဝဇ္ဇနာဒီနံမနာနံမနော ယေဝ ဝါခွါရန္တိ မနောခွါရံ။ ။ထိုနှစ်ပါးလုံးပင်အဘိဓမ္မတ္ထဝိ ဘာဝနီဋီကာ၌လာ၏။ ။တနည်း၊ ကုသလာကုသလေဘဇ္ဇေ နတိ သဝိဓေမနောမနောကမ္မခွါရံနာမ။ ။(အဋ္ဌသာလိနီအ ဋ္ဌကထာ)။ သင်္ကန်မဲ့ပစ္စည်းဖြင့် ဥပမာပြသော်၊သစ်ပင်သစ်ပွင့် သစ်သီးသုံးပါးလုံးပင် သစ်ပင်အနွယ် ဖြစ်ခြင်း သစ်ပင်ရှိသော ကြောင့်သစ်ပွင့်၊၎င်းသစ်ပွင့်ကြောင့်သစ်သီး၊၎င်းသစ်သီးသစ် စေ့မှ တဖန် သစ်ပင်ဟူ၍ တပါးအား တပါးမှီ၍ ဖြစ်သကဲ့သို့ ဝိညာဏ်ဇီဝိတိန္ဒြေရှိသော သတ္တဝါ၌ သာလျှင် ရုပ်ဓါတ်နာမ် ဓါတ်နှစ်ပါးစုံရှိခြင်း၊၎င်းတပါးပါးသည်ပျက်သောအခါ အလုံး စုံသောရုပ်နာမ်တရားတို့သည်ပျက်ပြားသည်နှင့်အညီ၊ သစ်ပင် မရှင်လျှင်သစ်ပွင့်သစ်သီးမဖြစ်နိုင်ရာ၊ ခွါရဟူကဝိညာဏ်ကိုမှီ ၍ဖြစ်ကြောင်းသိနိုင်ရာသည်။ ။သို့ဖြစ်၍သေသောသူနှင့်

ဝိညာဏ်မရှိသောပစ္စည်းဝတ္ထုများကို အကြောင်းပြု၍ဒွါရဖြင့် ရှိခိုးလျှင်ကုသိုလ်မဖြစ်ဟုအကိရိယဒိဋ္ဌိကြီး၏ ပါဒကိုအခြေမ ဖြစ်သင့်ကြရာ။ တို့အဋ္ဌကထာအလိုအားဖြင့်ကားကိုယ်အင်္ဂါကို ဒွါရဟူ၍ မျက်လုံးနားရွက် အစရှိသည်တို့ကို ဒွါရဟုအောက် မေ့သည် လက္ခဏာရှိ၏။ ထိုသို့မဟုတ် ဝိညာဏခေတ်ကိုသာ လျှင်ယူရန်သင့်သည်အလျောက်ဒွါရ၌စေတနာရှိမြဲဖြစ်၏။ ၎င်း စေတနာမရှိလျှင်လည်းဒွါရမရှိဟုမှတ်ရာ၏။ ကံဖြင့်ကန်တော့ ရာ၌ဖြင့်သဒ္ဒါသည် ဝိပါက်အကျိုးဖြစ်သောကံကိုရရာ၏။ ဒွါရ ဖြင့်ကန်တော့ရာ၌လည်းဝိပါက်ဖြစ်သော်ဝိညတ်စောပနကြိယာ အမှုကိုထုတ်ဘော်ပြရာရော၏။ စေတနာကိုရွတ်၍ကန်တော့ လျှင် ပရမတ္ထ သဘော ဖြစ်သောကြောင့် ထိုမလျော်ခြင်း ဟူ သောအပြစ်မှလွတ်ရာ၏။ ကံလည်းစေတနာ၊ဒွါရလည်းစေတ နာသဘာဝတရားဖြစ်သောကြောင့်။ စေတနာသဘာဝ မေဝါ တိစေတနံ၊ စေတနာဟံဘိက္ခဝေကမ္မံဝဒါမိစေတယိတွာကမ္မံ ကရောတိ၊ ကာယေနဝါစာယမနသာ၊ ဟူ၍ သာ ဘုရားရှင် ဟောတော်မူကြောင်းထင်ရှား၏။

အမေး။ ။အချို့ဆရာတို့က။ ကောသလ မင်းကြီး သည် မြတ်စွာဘုရားကိုကန်တော့ရာ၊ ကာယကံ၊ဝစီကံ၊မနောကံဟူ ၍ကံဖြင့်ကန်တော့ကြောင်း။ ၎င်း ။အချို့က လည်း၊ ကာယကံဝ စီကံမနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသောအပြစ်တို့ကိုပျောက် ပစေခြင်းအကျိုးငှါကန်တော့ပါ၏ဟူ၍ကန်တော့နည်းအသစ် ကိုညွှန်ပြဆုံးမကြ၏။ ထိုသို့ကန်တော့ခြင်းသည်လူဖြစ်စေ၊နတ် ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ တစုံတယောက်သောသူသည်အပြစ် ဒေါသ ဆိုခြင်းငှါ မစွမ်းနိုင်သော မဟာပဏာမ လကာ်ဟူ၍ ပြောဆိုလေ့ရှိ၏။ ထိုပြဿနာကိုဖြေစေလိုပါသည်။

အဖြေ။ ။ယေနကမ္မံကတံတဿေဝဟောတိ၊ သမ္မာပဋိ ပတ္တိစပနတထာဂတဿအနုစ္ဆဝိကာပူဇာ(သုတ်မဟာဝါအဋ္ဌ ကထာ) ။ ။ဧဝံရာဇာပသေနဒိကောသလောတထာဂ

တေနိပ္ပစ္စကာရံကရောတိ၊ အဘိဝါဒနံပစ္စုပဋ္ဌာနံ အဉ္ဇလိကမ္မံ
သာမိစိကမ္မံ၊ (သုတ်ပါထေယျ ပါဠိတော်)။ ထိုအချက်များကို
လည်းကြားဘူးပါ၏၊ ယေနကမ္မံကတံအရ၊ထိုသို့ကောင်းမှုကု
သိုလ်အမှုကိုပြုသောသူသည် ဘုရားရှင်အား ပူဇော်သည်မည်
ကြောင်းကိုသာအနက်လာ၏။ ကံကိုရွတ်သဖြင့်ကန်တော့ခြင်း
သည်သာလျှင် ဘုရားရှင်အား ပူဇော်သည်မည်၏။ ဒွါရအစရှိ
သောနည်းဖြင့်ကန်တော့လျှင်အကျိုးမရှိဟူ၍ဟောတော်မူအံ့။အာ
ရဟံအစရှိသောဂုဏ်တော်ဖြင့်ပြည့်စုံရာမရောက်နိုင်ရာ။သမ္မာ
ပဋိပတ္တိစ ပနတထာ ဂတဿ အနုစ္ဆဝိကာ ပူဇာအရလည်း၊
ကောင်းသောကိုယ်ကျင့်တရားဟူသည်ကား၊ ဘုရားရှင်အား
လျောက်ပတ်သော ပူဇော်ခြင်းမည်ကြောင်းကိုသာ ဘုရားရှင်
ဟောတော်မူ၏။ ယောခေါ အာနန္ဒဘိက္ခုဝါ ဘိက္ခုနီဝါဥပါ
သကောဝါဥပါသိကာဝါဓမ္မာနု၊ဓမ္မပဋိပန္နောဝိဟာရတိ။လ။သော
တထာဂတံသက္ကရောတိ၊ဂရုံကရောတိ၊မာနေတိ၊ပူဇေတိ၊ပရ
မာယပူဇာယ။အနက်ကိုယောဇနာသကဲ့သို့၊အကျင့်ကောင်းမှု
ကိုပြုသောသူသည်၊ လက်အုပ်ချီခြင်းအစရှိသောဩကာသပူ
ဇော်ခြင်းထက်မြတ်ကြောင်းဟောတော်မူသည်ထင်ရှား၏။
ဧဝံရာဇာပသေနဒိကောသလော၊အရလည်း၊ဤသို့ပသေနဒီ
ကောသလ မင်းကြီးသည် ဘုရားရှင်၌ ရှိခိုးခြင်း ခရီးဦးကြို ပြု
ခြင်း။ လက်အုပ်ချီခြင်း။ အရိုအသေပြုခြင်းဟူ၍အဘိဝါဒနအမှု
(တပါး)ပစ္စုပဋ္ဌာန အမှု(တပါး)အဉ္ဇလိကမ္မအမှု(တပါး)သာမိ
စိကမ္မအမှု(တပါး) ဤလေး ပါးဖြင့် ပါဏိပါတ သရဏဂုံကို
ဆောက်တည် ခြင်းဖြင့် ဘုရားရှင်အားနှိမ့်ချတုပ်ဝပ်ခြင်းကိုပြု
သည်ဟူ၍ ဟောတော်မူကြောင်း။ နိပ္ပစ္စကာရံကရောတိ၊သဒ္ဒါ
ပုဒ်ကိုနေရာကျစီမံ၍အနက်ယောဇနာရာသည်။

လူဖြစ်စေနတ်ဖြစ်စေဗြဟ္မာဖြစ်စေခေါ်သဆိုခြင်းငှါမစွမ်း
နိုင်သော မဟာပဏာမ လင်္ကာဟူသည်အချက်၌ ကား၊ ထိုသို့
နည်းဥပဒေ အသစ်ကို ပြုရာ၊ ငါ့ထက်ပညာ ရှိသော သူသည်

လောကသုံးပါး၌မရှိဟုဆိုဘိသကဲ့သို့ဖြစ်ရာ၊ သာသနာပိုင်အ
ရှင်ဘုရားကြီးကိုနှိမ့်ချရာသို့ရောက်တတ် လှ၏။ ။ထိုသို့ဟော
သောပုဂ္ဂိုလ်သည် မာနကိလေသာကို မပယ်ရသေးသောသ
ကဒါဂါမ် အနာဂါမ် ဂုဏ်ကို မလွန် မြောက်နိုင် သေးသော
ပုဂ္ဂိုလ်မျှဟူ၍အလွန်အားဖြင့်ခေါ်ဝေါ်ထိုက်ရာပေသည်။

တပါးသောပုဂ္ဂိုလ်သည်ကံကံ၏အကျိုးအကြောင်းကိုမသိ။
မိမိ၌ထိုက်ပြီးသောမကောင်းမှုအကုသိုလ်အစုကိုပျောက်ပျက်
စေခြင်း၌ ဒိဋ္ဌသုတမဂ်သာဖြစ်သော အကုသိုလ်ဒိဋ္ဌိဂတ သမ္ပ
ယုတ်စေတနာဖြင့်ရတနာသုံးပါးအစရှိသည်တို့အားပူဇော်ကန်
တော့၏၊ ထိုသို့အကုသိုလ်စေတနာတည်းဟူသောဒိဋ္ဌိမောဟ
ခြံရံ အပ်သော ဝဉ္စနာ ကုသိုလ်သည် မဟာကုသိုလ် ဉာဏသမ္ပ
ယုတ် လော၊ဝိပ္ပယုတ် လောဟူ၍ ဆင်ခြင်ရာသည်။ ။ဥပရိ
ပဏ္ဏာသ ပါဠိတော်၊ ရူဠှကမ္မ ဝိဘင်္ဂသုတ်၌ သုဘလင် လျှောက်
ချက်အရမြတ်စွာဘုရားဖြေဆိုတော်မူသည်မှာလည်း။ ကမ္မဿ
ကာမာဏဝသတ္တာကမ္မဒါယာဒါ၊ကမ္မယောနီ၊ကမ္မဗန္ဓူ၊ကမ္မပဋိ
သရဏာ၊ ကမ္မံသတ္တေဝိဘဇတိ၊ ယဒိဒံဟီနပဏီတတာယ၊ ရင်း
မြစ်ပဋ္ဌအင်္ဂုတ္တရပါဠိတော်အဘိဏှသုတ်ဒေသနာတော်၌၊ပဗ္ဗိမာ
နိတိက္ခဝေ ဌာနာနိအဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာဝါ ပုရိ
သေနဝါ ဂဟဋ္ဌေနဝါပဗ္ဗဇိတေနဝါ၊ ကတမာနိပဉ္စ။ လ။ ဗျာဓိ
ဓမ္မောမှိဗျာဓိံ အနတီတောတိ။ လ။မရဏဓမ္မောမှိမရဏံအနတီ
တောတိ။ လ။ ကမ္မဿကောမှိ ကမ္မဒါယာဒေါကမ္မယောနီကမ္မ
ဗန္ဓူကမ္မပ္ပဋိသရဏော၊ ယံကမ္မံကရိဿာမိ၊ ကလျာဏံ ဝါပါပ
ကံဝါ တဿဒါ ယာဒေါ ဘဝိဿာ မိတိ။ အဘိဏှံပစ္စဝေက္ခိ
တဗ္ဗံ။ ။အရမိမိပြုသမျှသော ကုသိုလ်အကုသိုလ်စေတနာကံ
တို့သည် ကောင်းကျိုး မကောင်းကျိုး ထိုနှစ်မျိုးကို အစိုးမရ အ
နတ္တဓမ္မအလိုက်အရိပ်ကဲ့သို့လည်းကောင်း၊ လှည်းဘီးစက်ကဲ့သို့
လည်းကောင်း၊အစဉ်တစိုက်လိုက်ကြောင်း၊မနောပုဗ္ဗင်္ဂမာဓမ္မာ
မနောသေဋ္ဌာမနောမယာ။လ။ဆာယာဝအနုပါယိနီ၊စက္ကံဝဝဟ

တောပနံ။ဓမ္မပဒပါဠိတော်အလာဖြင့်လည်းကောင်း၊ အတ္တနာက တံပါပံ အတ္တနာသံ ကိလိဿတိ၊ အတ္တနာအကတံ ပါပံအတ္တနာ ဝိသုဇ္ဈတိ၊လ။နာညောအညံဝသောဓရေ၊ (ဓမ္မပဒပါဠိတော်)အ စရှိသည့် တို့၌၊ ဟောကြား ချက်များရှိရာ။ အပ သာသနာဝင် ပုဂ္ဂိုလ်များကဲ့သို့ရတနာသုံးပါးအား ရှိခိုးကန်တော့ တောင်းပန် သဖြင့် အပြစ်လွတ်ထုံးမရှိ၊ အရိယူပဝါဒကံ ထိုက်သော အခါ သာလျှင်အပြစ်ကိုဝန်ချသဖြင့်။ ပုဂ္ဂိုလ်မှသည်းခံပါစေကြောင်း တောင်းပန်ချက်ကိုသာဗုဒ္ဓ ဘာသာ၌ဒေသနာလာ၏။ရုပ်ပွါးစေ တီ ဓမ္မစေတီနှင့် သံဃာတော်မြတ်အား သက္ကစ္စစေတနာအဘိ ဝါဒနပူဇာကိုပြုရာ၌ အပြစ်ကိုဝန်ချသည်မဟုတ်သောကြောင့်၊ ကံဒွါရပဏာမကိုသဘောကျသည်အတိုင်း ခွင့်ပြုရာ၏။ ယခုပ ဏာမ နည်းများ၌လည်း ပူဇော်ကန်တော့သော အကျိုးကို အ ကြောင်းဟူသောဩကာသ။လ။ ကန်တော့ပါ၏ဘုရား၊ နောက် ၌အပါယ်လေးပါး၊လ။ နိဗ္ဗာန် ချမ်းသာကို ရလွယ်သော ကိုယ် ဖြစ်ရ ပါလို၏ ဟူသော ဆန္ဒ ပတ္ထနာသည် ပြည့်စုံစွာ ပါသော ကြောင့်ကန်တော့သောအကြောင်းပုဒ်၌ အကျိုးကိုတဘန်ထည့် ခြင်းဖြင့် အလွန်တွေဝေရာသည်။ ။ကမ္မပထမြောက်သောအ ကုသိုလ်ကံကို ကုသိုလ်ကံသည် တားဆီးနိုင်သည်လည်းဖြစ်၏၊ မတားဆီးနိုင်သည်လည်းဖြစ်တတ်၏။ပယ်ဖျောက်ခြင်းငှါကား မတတ်နိုင်ခြင်းကြောင့်။ ကလျာဏ ဓမ္မကိုမရကြသေးသောပုထု ဇဉ်ပုဂ္ဂိုလ်တို့အား ဒိဋ္ဌသုတမင်္ဂလာသို့ သက်ရာသောတရားကို ဟောကြားခြင်းငှာမအပ်ပေရာ။

အမေး။ ပိဋကတ် သုံးပုံကို ကုန်စင်အောင် တတ်သော် လည်း တတ်တိုင်းပင် ပညာရှိမဟုတ် ဟူ၍ ဆရာရေးသားခဲ့၏၊ ဉာဏ်မကြီးဘဲလျက် ထိုတရားများကို မတတ်နိုင်ရာ။ ထိုပြဿ နာကိုထင်စွာပြစေလိုပါသည်။

အဖြေ။ ဉာဏ်သည်လောကီဉာဏ်၊ လောကုတ္တရာဉာဏ် ဟူ၍နှစ်ပါးရှိ၏။လောကီဉာဏ်၌ ပညာသည်ဧကန်မရှိ။ ။လော

ကုသလာဗျာကတဖြစ်သော အဘိဇ္ဈာ ဥာဏ်သာလျှင် ပညာဧကန်မည်၏။ ။အခြင်သူသည် မဂ်ဥာဏ်ဖိုလ်ဥာဏ်သို့ မရောက်သေးအံ့။ စင်စစ်အားဖြင့်ထိုသူ၌ ပညာသည်မရှိသေး။ လောကီဥာဏ်သည်မိစ္ဆာဒိဋ္ဌိကိုမလွန်မြောက်နိုင်။ ။လောကုတ္တရာ ဖြစ်သော ပညာ၌ကား သက္ကာယ ဒိဋ္ဌိမျှမရှိ။ အယုတ်ဆုံးအားဖြင့် သောတာပန်ပုဂ္ဂိုလ်၌သာလျှင် ပညာသည်ဧကန်ရှိ၏။ ။လောကီဥာဏ်သည်ပညတ်တရား၌ သာလျှင် အပြားအားဖြင့်သိ၏၊ ပရမတ္ထတရား ကိုကား အပြားအားဖြင့် မသိနိုင်။ ပညာသည် ပရမတ္ထတရားကို အပြားအားဖြင့် ထင်ရှားစွာ သိနိုင်၏။ ပညာ သည် ဖြစ်ပေါ် လာသော်၊ ဒိဋ္ဌိ တရား သည် အပြီး ချုပ် ရတော့ သည်။ ဗျာန် အဘိညည်ကိုရသော ဗာဟိရက ရသေ့ရဟန်းသည် ပညာကို မရသဖြင့် အနိစ္စ၊ဒုက္ခ နှစ်ပါးကိုသာ အပအမှုအရာဖြင့် သိ၏။ အနတ္တထင်ရှားနိုင်ရန် စိတ် စေတသိက် အပြား၊ ခန္ဓာ အာယတန အစရှိသောမိဿက တရားဓါတ်ပကတိယတရားများကို ထင်ရှားစွာမသိ မမြင်ခြင်းကြောင့် သက္ကာယဒိဋ္ဌိ ဘိစိုးလျက် ရှိသေး၏။ ။လောကီဥာဏ်သည် အလုံးစုံသော ပုထုဇဉ်တို့နှင့် ဆက်ဆန်၏။ ပညာမှာမူကား အရိယာပုဂ္ဂိုလ် ဖြင့်သာလျှင် ဆက်ဆန်၏။ ။မြတ်စွာဘုရားဟောတော်မူသော ဓမ္မစကြာသုတ်တွင်။ ဣဒံ ဒုက္ခံ အရိယ သစ္စန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု။ စက္ခုံဥဒပါဒိ။ ဉာဏံ ဥဒပါဒိ။ ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။ အာလောကော ဥဒပါဒိ။ အစရှိသဖြင့် ဟောတော်မူရာ။ သိခြင်းတို့သည် ဥာဏ်နှင့် ပညာနှစ်ပါး ရှိ၏။ ထိုနှစ်ပါးကိုဆရာမရှိ ကိုယ်တော်တိုင်သိခြင်းဟူသော ဝိဇ္ဇာ။ ထိုသိခြင်းတို့သည် ပဉ္စဝိညာဏဓါတ်။ မနောဓါတ်။ မနောဝိညာဏဓါတ်။နိဗ္ဗာနဓါတ်များ၏ အရောင်အလင်းဖြင့်သိသည်ဆိုလိုသည်။ ။ဥာဏံအရ။ သစ္စာ၊ တရားတို့ကိုဦးရေအားဖြင့်အကျဉ်းသိခြင်း။ ပညာအရသစ္စာတရားတို့ကို အပြားအားဖြင့် သိခြင်းဟူ၍ သိခြင်းနှစ်ပါး အမှုအရာဖြင့်သိမြင်နိုင်ရာသည်။

ဥာဏ်အလင်းနှင့်ပညာအလင်းကိုဥပမာပြု၍ပြသော်။ဥာဏ်သည်လနှင့်တူ၏။ပညာသည်နေနှင့်တူ၏။ ။လ၌မြေဖုံးတတ်သောကြောင့်တလတွင်၊ ၄ရက်လောက်လဝန်းအပြည့်ကိုမြင်ရ၏။ ကွင်း ၂၆ ရက်လောက်အခါကာလတို့၌မြေဖုံးလွှမ်း၏၊ နေမှာမူကားအခါခပ်သိမ်းပင်မြေ၏အန္တရာယ်မှလွတ်သဖြင့်၊ နေထွက်မှနေဝင်တိုင်သော ကာလ အတွင်းတပြင်လုံးပေါ်၏၊ လရောင်ဖြင့် ကွဲပြားစွာမမြင်နိုင်။ သစ်ပင်အောက်အိမ်အောက်များ၌သာ၍ပင်မြင်နိုင်ခဲ၏။နေရောင်မှာမူကားအနီးအဝေးအရပ်လေးမျက်နှာတို့၌ ရှိသော ဝတ္ထုများကိုအပြားအားဖြင့် ထင်ရှားစွာ သိမြင်နိုင်၏။ ပညာ၌ မောဟ သာလျှင် အန္တရာယ်ရှိ၏။ ။ဥာဏ်မှာမူကားမောဟဒိဋ္ဌိနှစ်ပါးစုံ၏အန္တရာယ်သည်ရှိသည့်နည်းတူ၊လောကီဥာဏ်ကိုရရာ၊ဒိဋ္ဌိမကျ၊အယုတ်ဆုံးအားဖြင့်သက္ကာယဒိဋ္ဌိသည်အကြွင်းရှိသေး၏။ ထို့ကြောင့်အောက်မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၌ မောဟသည် အကြွင်းရှိသော်လည်းဒိဋ္ဌိသည် ချုပ်ပြီးဖြစ်၏။ ။ထိုအကြောင်းကို ထောက်သဖြင့်၊စာတတ်ရုံမျှဖြင့်မိစ္ဆာဒိဋ္ဌိမကျ၍ပညာကိုမရထိုက်သေး၊ မဂ်ဖိုလ်သို့ရောက်မှ၊ပညာရှိဖြစ်ကြောင်းကိုဆိုလိုသည်။

အကယ်၍ ဥာဏ်နှင့်ပညာသည်တူပြားအံ့။ ပိဋကတ်သုံးပုံကိုတတ်ကြသောမဟာထေရ်ကြီးများ၏ဝါဒဟူသမျှတို့သည်ညီညွတ်ကြရာ၏။ ထိုသို့ မဟုတ်ပဉ္စမ သင်္ဂါယနာတင်သောအခါ၌များစွာသောပုဂ္ဂိုလ်ကြီးများကိုပယ်ရသဉ်တကြောင်း၊ ၎င်းယခုရှိကြသောအသင်းဆရာကြီးများ၊ ဂိုဏ်းဆရာကြီးများသည်အချင်းချင်း အငြင်းအခုံမဖြစ်နိုင်ရာ။ သောတာပန်ပုဂ္ဂိုလ်ဟူသမျှတို့သဉ်သမသီလာ၊သမပညာ၊သမသမာဓိဖြစ်ကြောင်းသုမနသုတ်၌တင်ပြသော အချက်များဖြင့်ထင်ရှားစွာသိမြင်နိုင်ရာသည်။ ။ထိုသို့မဟုတ်သောကြောင့်။တပါးသည်မိစ္ဆာဒိဋ္ဌိ၊တပါးသည် သမ္မာဒိဋ္ဌိဖြစ်ခြင်းဖြင့် အယူဝါဒ ကွဲကြ၍ နွားကွဲကျားကိုက်ဖြစ်ရာ တရားတော်သည် လွန်စွာ ညစ်ငြူးသဖြင့်

သာသနာတော်သည်အလွန်နိမ့်ကျသည်အလျောက်။တိဟိတ်ပုဂ္ဂိုလ်မရှိ။သောတာပန်သကဒါဂါမ်မရှိ။ကမ္ဘာ့ပထမှကား၊ဥပါဒါန်နှင့် ဒုစရိုက်စေတနာသည် ကံမဟုတ်ဟု ဘုရားဟောတော်မူသောအချက်များကိုပယ်၍စောပနကိရိယဝတ္ထု။ ကိရိယဝတ္ထုဟူသော ပစ္စည်းအကာကို သာကံဟူ၍ ခေါ်နေကြသူများကြ၏။ ။နိဗ္ဗာန်ဆိုသည်မှာ ဘာတခုမျှမရှိ။ ဆီးမီးတောက်ငြိမ်းသကဲ့သို့ အပြီးပျောက်ပျက်သွားသည်ဟု ထင်ရုံမျှဝိစိကိစ္ဆာမကျ၊ အဟုတ်အဟာတ်စွဲလမ်းယူမှားကြသူများကြ၏။ ။အရူပန္တိစ။နာမန္တိစဟူ၍သင်္ဂြိုဟ်ပစ္စည်းပိုင်း၌နိဗ္ဗာန်တရားကိုထင်ရှားပြလျက်နှင့်။ ပျောက်ပျက်သွားသည် ဟူ၍ဟောကြားခြင်းသည်တရားတော်၏ အကျိုးမဲ့ကို ပြောဆိုခြင်းဖြစ်ရာ၏။ ။အရူပဘုံ၌တည်ရာသည့်ဓါတ်မျှရှိသဖြင့်အာကာသသက်သက်ဖြစ်ခြင်း။ မိုဃ်းတိမ်အစရှိသောဓါတ်များ၌မှီ၍နာမ်သက်သက်ဖြစ်ခြင်း။ မှောင်မိုက်တွင်ကောင်းကင်ဝယ်ကျက်စားသော ပိုးစုံးကြူး အရောင်အလင်း၏ ဥပမာကဲ့သို့ အရူပပုဂ္ဂိုလ်တို့တည်နေကြသည်အရိပ်အမြွက်ကိုယူသဖြင့် နိဗ္ဗါန်၏သရုပ်ကိုဟုတ်မှန်သည်အတိုင်းဆင်ခြင်ကြည့်ရာသည်။

အမေး။ အလောဘ၊အဒေါသ၊အမောဟပုဂ္ဂိုလ်သာလျှင်တိဟိတ်ပုဂ္ဂိုလ်။ထိုပုဂ္ဂိုလ်၌ပဋိဘာန်ပညာသည်ကြီး၏။ဒွိဟိတ်ပုဂ္ဂိုလ်၌ ပဋိဘာန်ပညာသည်နည်း၏ဟု အယူရှိသူများကြသဖြင့်။ ဆရာရေးသောနိဗ္ဗာနမဂ္ဂကထာကျမ်းတွင်ဝေဘန်သောအချက်များကိုအကျယ်ဥပမာဖြင့်ပြစေလိုပါသည်။

အဖြေ။ ပဋိဘာန်ပညာကြီးသော ပုဂ္ဂိုလ်မှ တိဟိတ်ပုဂ္ဂိုလ်ဟူ၍ယူအံ့။ ဧတဒဂ်ရဘုရားရှင်မျက်မှောက်တော်၌ရှိခဲ့ဘူးသောသာဝကကြီးများသာလျှင်ဖြစ်ရာ၏။ ။ပဋိဘာန်ပညာဟူက၊ပဋိသမ္ဘိဒါတရားလေးပါးတွင်စတုတ္ထဖြစ်သောပဋိဘာနတရားကိုရ၏။ ။ထိုတရားကိုရသောပုဂ္ဂိုလ်သည်ပဋိသမ္ဘိဒါလေးပါးပြည့်စုံသော ရဟန္တာဖြစ်ရာ၏။ ကြီးသဒ္ဒါဖြင့်ဧတ

ဓဂ်ရမဟာသာဝကကြီးများဖြစ်ရာ၏။ ထို့ကြောင့်တိဟိတ်မရှိဆိုလျှင်လောကဥ္ဓယနှအခါက်လေသာကင်းခြင်းအကြောင်းကိုကျင့်တတ်သောအရိယာသာဝကမရှိ။ ပကတိပုထုဇဉ်သမ္မုတိသံဃာတော်မျှရှိတော့သည်။ ကျင့်၍လည်းမရနိုင်ဆိုရာ နတ္ထိကဒိဋ္ဌိကြီးသော်လည်းကောင်း၊ ၎င်းဒိဋ္ဌိကြီး၏ပဋိမဇောသော်လည်းကောင်းဖြစ်ရာ၏။ ပရိသတ်အလယ်တွင်သည်မျှပြောဆိုဝံ့သောပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်၌ကား ဘုရားမှအတွင်းစိတ်ကိုသိနိုင်၍ဝေဘန်နိုင်ရာသည်။ ကြပ်ကြပ်သတိထားသင့်ကြပေတော့သည်။ ။သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်နှစ်ပါးသည်ဝိပါကနှုရာယ်တွင်သွတ်သွင်း၍ ပြခဲ့သည်အလျောက်ဉာဏသမ္ပယုတ်ဖြင့်ပဋိသန္ဓေမနေသောပုဂ္ဂိုလ်နှစ်ပါးကိုယူရာ၏။ တိဟိတ်ပုဂ္ဂိုလ်သည်ဉာဏသမ္ပယုတ်ဝိပါက်ပဋိသန္ဓေရှိ၏။ ပဝတ္တိအခါ၌ ကား အလုံးစုံသော အကုသိုလ် ဇောစိတ် ၁၂ ပါး၊အဟိတ်စိတ်(ဟသိတုပ္ပာဒ်ကြဉ်သော)တဆဲ့ခုနစ်ပါးသောမဟာကုသိုလ်ဉာဏသမ္ပယုတ်ဝိပ္ပယုတ်ဇောရှစ်ပါး၊မဟာဝိပါက်ရှစ်ပါး၊ပေါင်း ၄၅ ပါးကိုရအပ်၏။ ။မဟာဝိပါက်ဉာဏ သမ္ပယုတ်စိတ်မရှိသော ပုဂ္ဂိုလ်၌၊ ပြုဖြင်သောကိရိယာစိတ်ကားရှိ၏။ ပဌာန်းနည်းကိုပြခဲ့ပြီးသည်အလျောက်နာမ်သည် နာမ်အချင်းချင်းအားပစ္စည်းတပ်ခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ်သင်္ခါရအစဉ်သည်ဖြစ်သည်နှင့်အညီ၊ ဉာဏသမ္ပယုတ်ဝိပါက်ကံမျိုးသည်ရှိအံ့။ ထိုဝိပါက်သည်အကျိုးတရားပစ္စည်း၊ကုသိုလ်ဇောသည်အကြောင်းတရားပစ္စည်းတပ်ရာကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စေ‌ာပနကိရိယာ စိတ်အမှုအရာ၊ ကိရိယာဟူသော ပယောဂဖြင့်မဟာကုသိုလ်မျိုးသည် အလွယ်တကူတပါးသော ပုဂ္ဂိုလ်၏မဟာဝိပါက်ဉာဏသမ္ပယုတ်ကိုမမှီမူ၍ဖြစ်ရာ၏။ ။ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို မရသော ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာမူကား သူတပါး၏ ဉာဏသမ္ပယုတ်ပဋိသန္ဓေဖြစ်သော ဉာဏ်ကိုမှီသဖြင့် မဟာကုသိုလ် ဉာဏသမ္ပ

ယုတ်ဖြစ်နိုင်၏။မရှိရသော်မဖြစ်နိုင်ရာ၊ထိုကြောင့်။ ။ယော
ဒုဿီလောသီလဝန္တေသုဒဒါတိဒါနံ။ပ။ ဝိသုဇ္ဈတိ။ယောဒုဿီ
လော ဒုဿီလေသု ဒဒါတိဒါနံ။ပ။ နတံဒါနံ ဝိပုလပ္ဖလန္တိဗြူ
မိ။ ။ဟူ၍ဘုရားရှင်ဟောတော်မူ၏။

ကြက်၏ဥပမာဖြင့်ပြသော်။ကြက်မသည်ကြက်ဖြူ။ကြက်ဘ
သည်ကြက်နက်ဖြစ်ခဲ့အံ့၊ နှစ်ပါးစုံပေါင်းသင်းသဖြင့်အမိကြက်
ဖြူကဲ့သို့ရံခါဖြူသော၊ ရံခါအဘကဲ့သို့နက်သော၊ရံခါကျားသော
ကြက်ဥမျိုးကြက်ကလေးများပေါက်ရာ၏၊ ။ဤဥပမာတွင်၊
ကြက်မသည်ဝိပါက်စိတ်၊ကြက်ဖသည်ဇောစိတ်၊နှစ်ဦးပေါင်း
သင်းခြင်းသည်ကြိယာစိတ်ဖြစ်ရာ၊ မနသိကာရအလျောက်ကံ
သည်ဉာဏသမ္ပယုတ်လည်းရံခါဖြစ်ရာသည်။ ဉာဏဝိပ္ပယုတ်
လည်း ရံခါဖြစ်ရာ၏။ သို့ရာတွင် ဉာဏသမ္ပယုတ် ဇောကို ရ
ထိုက်ရအပ်၏ဟူ၍သာဆိုနိုင်ရာသည်။ ။ဥပမာတနည်းကား
လင်းကွင်း နှစ်ခုရိုက်ခပ်သော်၊ ပကတိ လင်းကွင်းသံထွက်၏။
ထဖက်သည်လင်းကွင်းတဖက်သည် ဝါဂွမ်းဖြင့်ရိုက်ခပ်သော်
အသံမထွက်။ ။မိမိ၌လင်းကွင်းတဘက်ရှိ၏။သူတပါး၌လင်း
ကွင်းတဘက်ရှိရာ၊ ငါးယမ်း၍ နှစ်ဘက်စုံရိုက်သောအခါလင်း
ကွင်းသံကိုရသကဲ့သို့ပဋိသန္ဓေဝိပါက်စိတ်သည်ဉာဏဝိပ္ပယုတ်
ဖြစ်၍ပဝတ္တိသည် ဉာဏ သမ္ပယုတ်ဇောဖြစ်ရာ မနောဒွါရနာ
မကျွန္တာသည်အင်္ဂါမစုံ၊ ချို့တဲ့သည်ဟူသော ဝိပါကအန္တရာယ်
သည်ဒွိဟိတ်ပုဂ္ဂိုလ်၌ရှိ၏ဟူ၍ဆိုလိုသည်။ ။ထို့ကြောင့်တစုံ
တယောက်သောသီလဝန္တကလျာဏကိုမရှိမူ၍ မဟာကုသိုလ်
ဉာဏသမ္ပယုတ်အမှုကိုပြုတတ်သောပုဂ္ဂိုလ်သည်။ယောသီလ
ဝါဒုဿလေသုဒဒါတိဒါနံ။ ပ။ဝိသုဇ္ဈတိ။ ပါဠ်အရ။ တိဟိတ်
ပုဂ္ဂိုလ်ဟူ၍အောက်မေ့အပ်သိအပ်ရာ၏။ မဂ်သို့မရောက်မှီထို
ပုဂ္ဂိုလ်ကိုကာမတိဟိတ်ပုဂ္ဂိုလ်ဟူ၍ယူရာ၏။ ထိုပုဂ္ဂိုလ်၏ပဋိ
သန္ဓေဝိပါက်ဉာဏသမ္ပယုတ်နှင့် ပဝတ္တိဉာဏ သမ္ပယုတ်ဇော
သည် ထိုက်သောအပ္ပနာဇောကိုရအပ်၏။ အပ္ပနာဇောတွင်

မဂ်ဖိုလ်ပါဝင်သောကြောင့် မဂ္ဂဋ္ဌာန်ဖလဋ္ဌာန်အဖြစ်သို့ရောက်နိုင်သည် ဆိုလိုသည်။ ။ထိုဉာဏ သမ္ပယုတ်နှစ်ပါး သည် ကြိယာစိတ်ဟုဆိုအပ်သော စေတနာနှင့်ထိခိုက်သည့်အခါထိုး ထွင်းသောဉာဏ်ကိုရအပ်သည်လက္ခဏာကား၊တခုသောရွာ၌မီးများသည်မရှိ၊တအိမ်မှတအိမ်ထင်းစအမှိုက်စအစရှိသည်တို့ဖြင့်မီးကိုယူကြရာ၊တရွာလုံး၌မီးမျိုးသည်တုံးသောအခါတ အိမ်မှ မီးခဲပ်ကျောက် တခုကို ရ၍ မြေကြီးဖြင့် သော်လည်း ကောင်း၊ သံပျားသံတူဖြင့်လည်းကောင်း အစရှိသောမျိုးမတူ သောဝတ္ထုဖြင့်ခပ်သော် မီးမပွင့်။ တခုသောအိမ်မှတဘန်တ ခုသောမီးခပ်ကျောက်ကိုရပြန်၍၊ ဝါဂွမ်းကိုခံသဖြင့် နည်းနာ ကျွမ်းကျင်စွာ မီးခပ်ကျောက်နှစ်ခုကို ခပ်ရာမီးရ၍တရွာလုံး သုံးဆောင် ပြန်ကြရသကဲ့သို့ဉာဏ်လျှင်ဉာဏ်ချင်း သတိဝီရိယအတတ်အ လိမ္မာ၏အစွမ်းဖြင့်မျိုးနှင့်တူသော ဉာဏ်မှုမကထိုးထွင်းသော အထက်ဉာဏ်ကိုရရာသည်။ ။ဤသည်လျှင်ဒွိဟိတ်တိဟိတ် ပုဂ္ဂိုလ်၊ ၎င်းပုဂ္ဂိုလ်၏ အဖြစ်ကိုပြတတ်သော ကုသိုလ်တရား ကိုဝေဘန်ခြင်းပြီး၏။

အမေး။ ကံတရား၌အလွန်ဝါဒ ကွဲပြားကြသောကြောင့် ကံကိုအကျဉ်းအားဖြင့်ဝေဘန်စေလိုပါသည်။

အဖြေ။ ကံသည်အကုသိုလ်ကံ၊ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံဟူ၍အကျိုးပေး ရာဋ္ဌာန၏အစွမ်းဖြင့်လေးပါးတည်း။ ထိုကြောင့်၊ တသာအကု သလံ၊ကာမာဝစရကုသလံ၊ရူပါဝစရကုသလံ၊အရူပါဝစရကု သလဉ္စေတိ၊ ပါကဋ္ဌာနဝသေန။ ဟူ၍သင်္ဂြိုဟ်ကျမ်း၌ လာ၏၊ ဤသို့ခေါ်ဝေါ်ခြင်းသည်ပညတ်အမည်မျှဖြစ်၏။ပရမတ္ထသဘာ ဝဖြင့်စေတနာစေတသိက်တပါးတည်းကိုသာရ၏။ ထိုစေတ နာသည်လည်းစိတ်တခု ယုတ်ကိုးဆယ်၌ရှိသောကြောင့်စိတ် တခုယုတ် ကိုးဆယ်သည်ပင် ကံမည်၏။ ။အဘယ်ကြောင့် ကံမည်သနည်းဆိုသော်၊ကုသိုလ်၊ အကုသိုလ်တည်းဟူသော

အကြောင်းလည်းကာံ၊ အကျိုးဖြစ်သော ဝိပါက်သည်လည်းကာံ၊ မျိုးမပျက်စေရန်စောင့်ရှောက်သော ကြိယာအမှုသည်လည်းကာံချည်းပင်ဖြစ်၏။ ။ပညတ်သဘာဝအားဖြင့်ကာံ၊ပရမတ္ထသဘာဝအားဖြင့်စေတနာဟူ၍အလုံးစုံသောဥပါဒါန်တရား၊နိဝရဏတရား၊ သံယောဇဉ်တရား၊အကုသိုလ်ကမ္မပထတရား၊ဒုစရိုက်တရားများ၏ အတွင်းသဏ္ဍာန်၌ရှိသော မနော ဝိညာဏဓါတ်ကိုအကုသိုလ်ဟူ၍ခေါ်၏။

ဥပမာပြသော်၊ ငါးဥ၊ အိမ်မြှောင်ဥ၊ တောက်တဲ့ဥ၊လိပ်ဥ၊ ကြက်ဥ၊ ဘဲဥ၊ များအတွင်း၌ မျိုးကိုဖြစ်စေတတ်သောဓါတ်သည်ရှိ၏။ ထိုဓါတ်၏ အစွမ်းဖြင့်သာလျှင်၊ ငါး၊ အိမ်မြှောင်၊ တောက်တဲ့၊ လိပ်၊ အစရှိသည်တို့ ဖြစ်ပေါ်ပေါက်ဖွားသကဲ့သို့ စိတ်၌ဥပါဒ်သောမနောဝိညာဏဓါတ်၏အစွမ်းဖြင့်သတ္တဝါတို့၏နာမ်တရားသည်ဣဋ္ဌအနိဋ္ဌနှစ်ပါးကိုဖြစ်စေတတ်၏။ ။ထိုကြောင့်အမြစ်မူလဖြစ်သော အကုသိုလ်ဟိတ်၊ ကုသိုလ်ဟိတ်သည်မျိုးကို တဘန်အသစ်ဖြစ်စေတတ်သော အကြောင်းဖြစ်သောကြောင့်သဟိတ်ဇောစိတ်ကိုကာံအကြောင်းဟုခေါ်၏။ ။ဇောသည်ကုသိုလ်အကုသိုလ်ဇော၊ ကြိယာဇောဟူ၍နှစ်ပါးရှိရာ၊ ထိုအကြောင်းနှစ်ပါး ထိခိုက်ပူးပေါင်း ယောယှက်ခြင်းကိုစေ့ဆော်သောစေတနာ၏ အစွမ်းဖြင့်ဝိပါက်ကာံ အကျိုးတရားသည်ဖြစ်၏။ ။ဝိပါက်နှင့်ကြိယာစေ့ဆော်ပြန်သော်ဇောဖြစ်ပြန်၏။ ။ထိုနည်းဖြင့် သစ်ပင်နှင့် သစ်သီးသစ်ပွင့်များကဲ့သို့ တပါးသည်တပါးအားပြုပြင်၍မျိုးသဉ်မပျက်သကဲ့သို့ကုသိုလ်၊ အကုသိုလ်၊ဝိပါက်၊ကြိယာသုံးပါးညီညွတ်သည်အစဉ်ဖြင့်ပဋိစ္စသမုပ္ပါဒ်တရားသည်ဖြစ်၏။ ထိုကြောင့်ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်၊ ဝိပါက်စိတ်၊ ကြိယာဇောစိတ်အလုံးစုံရှိသ၍မချုပ်သမျှကာလပတ်လုံးအကျိုးအကြောင်းနှစ်ပါးသဉ်ထိုက်သည်အားလျော်စွာ ဖြစ်ပွါးကြသောကြောင့်၊ ဥပါဒါန်တရား၊ ကိလေသာတရား၊နိဝရဏတရား၊ သံယောဇဉ်တရား၊ဒုစရိုက်

တရား၊အကုသိုလ်ကမ္မပထတရား ဟူသမျှတို့သည် အသီးသီး
အပါယ်ပဋိသန္ဓေပဝတ္တိအကျိုးနှစ်ပါးကို ပေးစွမ်းနိုင်သော သ
ဘောတရားစုဟူ၍သိအပ်၏။

ကုသိုလ်အရာ၌လည်းကုသိုလ်ကောင်းမှုတို့၌ဖြစ်သောအာ
ရုံသည်ပင် ဘာဝနာဟူသော ကုသိုလ်ကံ ကြီးမြောက်ရာချမ်း
သာကိုဆောင်တတ်သောသဘောတရားဟူ၍သိအပ်၏။ ။ထို
ကြောင့်ထိုစေတနာသာလျှင်အမှူးအကြီး ဖြစ်သည်အားလျော်
စွာ စေပနကြိယာအမျိုးမျိုးကိုဝေဘန်၏။

ကံ၊ ဒုစရိုက်ကမ္မ ပထများကိုပညတ် သဘာဝ တရားဖြင့်
ပိုင်းခြားရာ၊ ကံသက်သက် ဟူသောကမ္မမေဝ တရားသည်မ
နောဒွါရ၌များစွာဖြစ်သောစေတနာကိုရ၏။ ။ဒုစရိုက်ကမ္မ
ပထဘေဒတို့သည်ကြွင်းဒွါရနှစ်ပါး၌များစွာဖြစ်တတ်၏။ ။
ကမ္မပထမမြောက်သောမနောကံဟူသောမိမိသားမယား ရွှေ
ငွေအစရှိသည့်တို့၌ကပ်ငြိ၍ ဖြစ်သောတဏှာသည် မနောကံ
သက်သက်မျှဖြစ်၏။ဖြစ်သောကြောင့်လည်း။ ထိုသို့မကောင်း
သောအာရုံဥပါဒါန် တရားဖြင့် ရတိကျသော ပုဂ္ဂိုလ်များတို့
သည်အပါယ်ပဋိသန္ဓေကိုယူရကြောင်း ဝတ္ထုသက်သေ များ
သည်ရှိကြ၏။ ။သူတပါးသားမယားရွှေငွေအစရှိသည်တို့၌
ကပ်ငြိသဖြင့်ငါ၏ဥစ္စာဖြစ်ဘိသော်ကောင်းလေစွဟု ရှေ့ရှုကြံ
သောအားဖြင့်မနောကံကမ္မပထမြောက်ခြင်း၊ သူတပါးသားမ
ယားဟူသောအဂမနီယဝတ္ထုတို့၌ တပ်သော အားဖြင့်လည်း
ကမ္မပထမြောက်ကြောင်းကျမ်းများလည်းရှိ၏။ ။ဤယခုရေး
သောကျမ်းသည်ကမ္မဝိနိစ္ဆယကျမ်းမဟုတ်သောကြောင့်။ ပါဠိ
အဋ္ဌကထာများဖြင့်အကျယ်ပိုင်းခြား၍မပြနိုင်သေး။ ။ကမ္မ
ပထမြောက်သောမိစ္ဆာဒိဋ္ဌိနှင့်ကမ္မပထမြောက်၍ကာယကံဝစီ
ကံခေါ်လောက်သောကာယဒွါရ၊ ဝစီဒွါရစေတနာ တို့သည်
ဝန်၌ ကြည်လည် ရသမျှကာလပတ်လုံး၊ အဟောသိကံမဖြစ်
သောကြောင့်မျိုးသည်မပျက်။ ။မျိုးမပျက်ခြင်းကားသတ္တမ

ဇောစေတနာသန္နိဋ္ဌာနကာမြောက်ခြင်းကြောင့်တည်း။ ။ဥ
ပမာသော်ကား၊ ပါဏာတိပါတ အစရှိသော ကာယဒွါရစေ
တနာသည်သတ္တမဇောဟူသောပြီးဆုံးခြင်းစေတနာသို့ ရော
၍ကမ္မပထမြောက်ရာ၌မျိုးမပျက်ခြင်းကား၊ ငှက်ပျောပင်၊ ကိုင်း
ပင်အစရှိသော အပင်များကဲ့သို့၊ ပင်မမှပင်တက် ပင်ညွှာက်
ဖြစ်သဖြင့်တပါးသောလူပြုပြင်ခြင်းမရှိမူ၍ငှက်ပျောတောကြီး
ကိုင်းတောကြီး ဖြစ်နေသကဲ့သို့တည်း။ ကိုင်းပင်ကိုချတ်သော်
လည်းကိုင်းမြစ်မှတဘန်၊ ကိုင်းပင်ဖြစ်လာ၏။ ကိုင်းပင်ကိုချတ်
ထွင်၍ စပါးမျိုးကို ချအံ့။ စပါးကိုကားရ၏။ စပါးမစိုက်သော
နောက်ကိုင်းပင်မြက်ပင်တို့သည်ထပြန်သကဲ့သို့ဖြစ်၏။ ။ထို
နည်းတူအပရာပရိယာဝေဒနီယကံဖြစ်၍ထာဝရတည်၏။

ပါဏာတိပါတမမြောက်သော ကာယပယောဂကို ကာယ
ဒုစရိုက်ဟူ၍ခေါ်၏။ ။ထိုဒုစရိုက်သည်လည်း အပါယ်ပဋိ
သန္ဓေကိုပေးစွမ်းနိုင်သောကံပင်ဖြစ်၏။ ။ကမ္မပထ၏အစွမ်း
ဖြင့်ကားကာယဒွါရ၌ဖြစ်သောဗျာပါဒကိုရ၏။ ။အကျိုးပေး
သောအခါပါဏာတိ ပါတ၏အစွမ်းဖြင့်မပေးမူ၍ ဗျာပါဒ၏အ
စွမ်းဖြင့်ပေးတတ်၏။ ။ထို့နည်းအတူ အဘိဇ္ဈါနသည်အင်္ဂါ
ပယောဂ မပြည့်စုံသော ကြောင့်၊ ကမ္မပထမမြောက်အံ့။ အ
ဘိဇ္ဈာအမည်ဖြင့်ကာယဒွါရ၌ ဖြစ်သောကာယဒုစရိုက်စေတ
ကံသည်ဖြစ်၏။ထိုကြောင့်စေတနာကိုကံဟူ၍ မြတ်စွာဘုရား
ဟောတော် မူသည်အတိုင်း သင်္ဂြိုဟ်ကျမ်း၊ ဝိဘာဝနီ ဋီကာ
ကျမ်းများ၌စေတနာအလုံးစုံကိုဝေဘန်၍အလုံးစုံသော ကံတို့
တွင်စေတနာတပါးသည်ကာယစေတနာ ဝစီစေတနာမနော
စေတနာဟူ၍ဒွါရကိုအကြောင်းပြုသဖြင့် စေတနာကံ့အကျိုး
ဖြစ်သောကံဟူ၍ပိုင်းခြား ဟောကြားတော်မူကြ၏။ ကံသည်
တခြား၊ ဒုစရိုက်သည်တခြားကမ္မပထသည်တခြား၊အသီးသီး
ပင်ကံချည်းဖြစ်အံ့။အကုသိုလ်စေတနာကံ ၁၂ ပါး။ ဒုစရိုက်ကံ
၁၀၊ ကမ္မပထကံ ၁၀၊အလုံးစုံပေါင်းသော် အကုသိုလ်ကံ ၃၂

ပါးဖြစ်ရာ၏။ထိုသို့မဟုတ်။အလုံးစုံသောကာယဝစီ မနောစေ
တနာတို့ကိုတပေါင်းတည်းပြုသဖြင့် အကုသိုလ် စေတနာက
၁၂ ပါးဟူ၍သာဟောတော်မူ၏။ထို ၁၂ ပါးတွင်လည်းဥဒ္ဓစ္စ
စေတနာမှတပါး၊ ကြွင်း ၁၁ ပါးသော စေတနာ တို့သည်မ
နောကံပင်ဖြစ်စေ။ ဒုစရိုက်ကံပင်ဖြစ်စေ။ ကမ္မပထကံပင်ဖြစ်
စေနည်းသည့်များသည်ကြီးသည်ငယ်သည်ဟုမပိုင်းခြား။အ
ပါယ်ပဋိသန္ဓေ ပဝတ္တိ အကျိုးနှစ်ပါးကို ပေးစွမ်း နိုင်ကြောင်း
ဇင်း ထိုသို့မမြင်လျှင်၊ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်ကြောင်း ဒိဋ္ဌိဂတသမ္ပ
ယုတ်ဝိပ္ပယုတ်ဖြစ်ခြင်းကို ပြသောဋီကာကျော်မှ နုတ်၍ ရေး
သားအံ့။

အဓမ္မနိ္မမိ၊ ရှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ ဒ္ဓုမေ
သံပန၊ ဤလောဘမူစိတ်တို့၏ကား။အယံဥပ္ပတ္တိက္ကမော၊ဤဆိုလ
တံ့သောဖြစ်ခြင်း၏အစဉ်ဖြင့်။ဝေဒိတဗ္ဗော၊သိအပ်၏။ဟိဝိတ္ထာ
ရေမိ၊ ထိုစကားကိုအကျယ်ချဲ့၍ဆိုဦးအံ့။ယဒါ၊ အကြင်အခါ၌
ကာမေသု၊ငါးပါးသောကာမဂုဏ်တို့၌။အါဒီနဝေါ၊အပါယ်
၌ဖြစ်ခြင်းအစရှိသောအဖြစ်တို့သည်။ နတ္ထိ၊မရှိ။ ဣတိအာဒိနာ
ဤသို့အစရှိသော။နယေန၊နည်းဖြင့်။မိစ္ဆာဒိဋ္ဌိံ၊ မှားသောအယူ
ကို။ ပုရက္ခိတွာ၊ ရှေ့သွားပြု၍။ဟဋ္ဌတုဋ္ဌော၊ ရွှင်သော နှစ်သက်
သောစိတ်ရှိသည်ဖြစ်၍။ သဘာဝတိက္ခေနဝ၊ သဘောအား
ဖြင့်သာလျှင်ထက်သော။ အနုဿာဟိတေန၊ မိမိသည်လည်း
ကောင်းသူတပါးသည်လည်းကောင်းမတိုက်တွန်းအပ်သော။
စိတ္တေန၊စိတ်ဖြင့်။ ကာမေဝါ၊ ကာမဂုဏ် တို့ကိုမူလည်း။ ပရိ
ဘုဉ္ဇတိ၊သုံးဆောင်ခံစား၏။ဒိဋ္ဌမင်္ဂလာဒိနိဝါ၊ဒိဋ္ဌမင်္ဂလာအစရှိ
သည်တို့ကိုမူလည်း။ သာရတော၊အမြတ်အားဖြင့်။ပစ္စေတိ၊ယုံ
ကြည်၏။တဒါ၊ထိုအခါ၌။ ပဌမံ၊ ရှေးဦးစွာသော။ အကုသလ
စိတ္တံ၊အကုသိုလ်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ယဒါပန၊အကြင်အ
ခါ၌ကား။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ ပုရက္ခိတွာ၊ ရှေ့သွားပြု၍
ဟဋ္ဌတုဋ္ဌော၊ ရွှင်သောနှစ်သက်သောစိတ်ရှိသည်ဖြစ်၍။မန္ဒေန၊

နုံ့သော။သဥဿာဟိတေန၊မိမိသည်လည်းကောင်း၊သူတပါး
သည်လည်းကောင်းတိုက်တွန်းအပ်သော။ စိတ္တေန၊ စိတ်ဖြင့်။
ကာမေဝါ၊ကာမဂုဏ်တို့ကိုမူလည်း။ပရိဘုဉ္ဇတိ၊ သုံးဆောင်ခံ
စား၏။ ဒိဋ္ဌ မင်္ဂလာ ဒိနိဝါ၊ ဒိဋ္ဌ မင်္ဂလာ အစသည် တို့ကိုမူ
လည်း။ သာရတော၊ အမြတ်အားဖြင့်။ ပစ္စေတိ၊ ယုံကြည်၏။
တဒါ၊ ထိုအခါ၌။ ဒုတိယံ၊ နှစ်ခု မြောက် သော။ အကုသလ
စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ယဒါပန၊ အ
ကြင်အခါ၌ကား။မိစ္ဆာဒိဋ္ဌိံ၊မိစ္ဆာဒိဋ္ဌိကို။အပုရက္ခိတွာ၊ရှေ့သွား
မပြုမူ၍။ကေဝလံ၊သက်သက်။ဝါ၊ မိစ္ဆာဒိဋ္ဌိမဘက်မူ၍။ ဟဋ္ဌ
တုဋ္ဌော၊ ရွှင်သောနှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ သဘာဝ
တိက္ခေနေဝ၊သဘောအားဖြင့်သာလျှင်ထက်သော။ အနုဿာ
ဟိတေန၊မိမိသည်လည်းကောင်းသူတပါးသည်လည်းကောင်း
မတိုက်တွန်းအပ်သော။ စိတ္တေန၊စိတ်ဖြင့်။မေထုနံဝါ။ မေထုန်
ကိုမူလည်း။သေဝတိ၊မှီဝဲ၏။ပရသမ္ပတ္တိံဝါ၊သူတပါးတို့၏ဥစ္စာ
ကိုမူလည်း။အဘိဇ္ဈာယတိ၊ရှေ့ရှုတပ်သောအားဖြင့်ကြံ၏။ ပရ
ဘဏ္ဍံဝါ၊သူတပါး၏ပစ္စည်းကိုမူလည်း။ ဟရတိ၊ခိုး၏။ တဒါ၊
ထိုအခါ၌။တတိယံ၊သုံးခုမြောက်သော။အကုသလစိတ္တံ၊ အကု
သိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ယဒါပန၊ အကြင်အခါ၌
ကား။မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။အပုရက္ခိတွာ၊ ရှေ့သွားမပြုမူ၍။
ကေဝလံ၊ သက်သက်။ဟဋ္ဌတုဋ္ဌော၊ ရွှင်သောနှစ်သက်သော
စိတ်ရှိသည်ဖြစ်၍။ မန္ဒေန၊ နုံ့သော။ သဥဿာဟိတေန၊ မိမိ
သည်လည်းကောင်း၊သူတပါးသည်လည်းကောင်းတိုက်တွန်း
အပ်သော။ စိတ္တေန၊စိတ်ဖြင့်။ မေထုနံဝါ၊ မေထုန်ကိုမူလည်း။
သေဝတိ၊မှီဝဲ၏။ပရသမ္ပတ္တိံဝါ၊သူတပါးတို့၏ဥစ္စာစည်းစိမ်ကို
မူလည်း။ အဘိဇ္ဈာယတိ၊ ရှေ့ရှုတပ်သောအားဖြင့်ကြံ၏။ ပရ
ဘဏ္ဍံဝါ၊ သူတပါးတို့၏ပစ္စည်းကိုမူလည်း။ ဟရတိ၊ခိုး၏။ တ
ဒါ၊ထိုအခါ၌။တတိယံ၊သုံးခုမြောက်သော။အကုသလစိတ္တံ၊ အ
ကုသိုလ်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ယဒါပန၊အကြင်အခါ၌

ကား။မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ အပုရက္ခတွာ၊ ရှေ့သွားမပြုမူ၍။ ဟေဝလံ၊သက်သက်။ ဟဋ္ဌတုဋ္ဌော၊ရွှင်သော နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ မင္ကေန။နှုံ့သော။ သမုသာဘဟိတေန၊ မိမိ သည်လည်းကောင်းသူတပါးသည်လည်းကောင်း တိုက်တွန်း အပ်သော။စိတ္တေန၊ စိတ်ဖြင့်။မေထုနံ၀ါ၊ မေထုန်ကိုမူလည်း။ သေဝတိ၊မှီဝဲ၏။ ပရသမ္ပတ္တိံ၀ါ၊ သူတပါးတို့၏ စည်းစိမ်ကိုမူ လည်း။အဘိဇ္ဈာယတိရှေ့ရှုတပ်သောအားဖြင့်ကြံ၏။ပရဘဏ္ဍံ ၀ါ၊သူတပါး၏ပစ္စည်းဥစ္စာကိုမူလည်း။ဟရတိ၊ခိုး၏။တဒါ၊ ထို အခါ၌။စတုတ္ထံ၊ လေးခု မြောက်သော။ အကုသလစိတ္တံ၊ အကု သိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ယဒါပန၊ အကြင်အခါ၌ ကား။ကာမာနံ၀ါ၊ကာမဂုဏ်တို့၏မူလည်း။အသမ္ပတ္တိံ၊မပြည့် စုံခြင်းကို။အာဂမ္မ၊အစွဲပြု၍။ အညေသံ၊ ကာမသမ္ပတ္တိမှတပါး ကုန်သော။သောမနဿဟေတုနံ၀ါ၊ သောမနဿအကြောင်း တို့၏မူလည်း။အဘာဝေန၊မရှိခြင်းကြောင့်။စတူသုပိ၊ လေးပါး လည်းဖြစ်ကုန်သော။ဝိကပ္ပေသု၊ကာလအစုတို့၌။ဝါ၊ ကာလအ ထူးတို့၌။သောမနဿရဟိတာ၊ သောမနဿကင်းကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သေသာနိ၊ ဆိုအပ်ပြီး သည်မှကြွင်းကုန်သော။စတ္တာရိ၊ လေးပါးကုန်သော။ ဥပေက္ခာ သဟဂတာနိ၊ ဥပေက္ခာသဟဂုတ်စိတ်တို့သည်။ဥပ္ပဇ္ဇန္တိ၊ ဖြစ် ကုန်၏။ ။ဇာတိအယံဥပ္ပတ္တိက္ကမော၊ ဤသို့ဆိုအပ်ပြီးသောဖြစ် ခြင်း၏အစဉ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။အဋ္ဌဝိဓမ္ပိ၊ အဋ္ဌဝိဓဟု သောပါဌ်၌။ပိသဒ္ဒေါ၊ပိသဒ္ဒါသည်။သမ္ပိဏ္ဍနတ္ထော၊ပေါင်းခြင်း အနက်ရှိ၏။ ။တေန၊ထိုပေါင်းခြင်းအနက်ရှိသောပိသဒ္ဒါဖြင့်။ ဝက္ခမာနနယေန၊ပဌမပရိစ္ဆေဒ၌ဆိုလတ္တံ့သောနည်းဖြင့်။အကု သလကမ္မပထေသု၊ဆယ်ပါးသော အကုသလကမ္မပထတရား တို့တွင်။နေသံ၊ ထိုလောဘမူစိတ်တို့အား။လဗ္ဘမာနကမ္မပထာနံ ရူပတော၊ ရအပ်သောပါဏာတိပါတဖရုသဝါစာ၊ ဗျာပါဒသည် ကြဉ်အပ်ကုန်သောခုနစ်ပါးသောအကုသလကမ္မပထတရားတို့

အားလျော်သောအားဖြင့်။ပဝတ္တိဘေဒဋ္ဌ၊ဖြစ်ခြင်း၏ အပြားကို လည်းကောင်း။ကာလဒေသသန္တာနရမ္မဏာဒိဘေဒေန၊ ကာလဒေသသန္တာန်အာရုံတို့၏အပြားအားဖြင့်။ အနေကဝိဓတမ္ပိ၊ များသောအပြားရှိသည်၏ အဖြစ်ကိုလည်းကောင်း။ သင်္ဂဏှာတိ၊ပေါင်း၏။

ထို့ကြောင့်ကာမဂုဏ်ငါးပါးသည် ဒုက္ခသစ္စာမည်၏။ ထိုကာမဂုဏ်ငါးပါးကိုတဏှာရာဂအားဖြင့်ခံစားအပ်သောလောဘစေတသိက်သည်သမုဒယသစ္စာမည်၏ဟူ၍ဘုရားရှင်ဟောတော်မူသော ကာမဂုဏာသုတ်၏ အနက်သဘောကို သိသောပုဂ္ဂိုလ်သည် သောတာပန်အစရှိသော အရိယာပုဂ္ဂိုလ်မည်၏ဟူ၍ မှတ်အပ်၏၊ ကိလေသာကာမ၊ ဝတ္ထုကာမ နှစ်ပါးတွင် ဝတ္ထုကာမကိုရာဂမှလွတ်သဖြင့်လည်း သုံးဆောင် ခံစားနိုင်ရာ၏။ ကိလေသာကာမ၌ မူကား ရာဂမယှဉ်လျှင်မသာယာနိုင်သောကြောင့်ရာဂမှအခါခပ်သိမ်းမလွတ်နိုင်ရာ။ ။သောတာပန်ပုဂ္ဂိုလ်တို့ခံစားသော ကိလေသာကာမကား၊ ဒိဋ္ဌိဟူသောအဆိပ်မပါ။ ကာမဂုဏ်၌ပူလောင်စေတတ်သော ဝတ္ထုဓါတ်၊ သေစေတတ်သော အဆိပ်ဓါတ်ပင် ရှိသော်လည်း၊ သုံးစ၊ ခံတွင်းသို့ဝင်စဉ်အလွန်နှစ်သက်ဘွယ်ရှိလှသောအာရုံဖြစ်၏။ ။ ဥပမာ၊ ခါးသောဆေးကိုအတွင်းထား၍ ချိုသောသကြားဖြင့်ကွပ်ဖုံးထားသောဆေးလုံးအဆိပ်လုံးနှင့်တူ၏။

ကံ၊ဒုစရိုက်၊ကမ္မပထအမျိုးမျိုးတို့သည် သင်္ဂြိုဟ်ကျမ်းတွင် ဝေဘန်သောစိတ်၌ပါကြောင်းကား၊ ပဥ္စဒွါရ၌ဖြစ်သောစိတ်၊ မနောဒွါရ၌ဖြစ်သောဝိထိစိတ်များတွင်၊ပဥ္စဒွါရ၌၊ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးဖြစ်ခြင်းနည်းသည် အာရုံသို့ ထိုက်သဖြင့်။အတိမဟန္တာရုံ၌သန္နိဋ္ဌာနကမ္မပထ၊ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးကိုရ၏။

မဟန္တာရုံ၌၊မနောကံနှင့်ဒုစရိုက်နှစ်ပါးကိုသာရအပ်၏။ ရကြောင်းကားဇောမျှဖြစ်၍တဒါရုံမကျခြင်းကြောင့်တည်း။ ထို

ဇောသည်လည်း သတ္တမဇောတိုင်မှချုပ်ခြင်း၊ ထိုသို့ပင်ဇော၌ချုပ်သော်လည်း တဒါရုံပဋ္ဌည်းကိုမရသဖြင့်မနောဒွါရ၌ ထင်သောဝိဘူတာရုံမဖြစ်ခြင်းကြောင့်ဟူ၍မှတ်ရာ၏။ ။မနောဒွါရ၌ဖြစ်သော စိတ်သည်ဝိညတ်ကိုမရသောကြောင့်၊ မနောကံမှုဖြစ်နိုင်၏။ ကာယကံ၊ ဝစီကံများသည်မနောဒွါရ၌ မဖြစ်နိုင်ခြင်း၊ စိတ်ဖြစ်စဉ်အခါ၌ပင်၊မနောဒွါရာဝဇ္ဇန်းမှစ၍ဇောတဒါရုံတို့သည်ဖြစ်ခြင်းကြောင့်တည်း။

မနောစိတ်ဟူသောဇောဖြစ်နည်းကို။ ဥပမါဖြင့်ပြသော်ရုပ်သဉ္ဇါရသည်မမြဲသောကြောင့် ရုပ်ကိုတည်စေခြင်းငှာ။ အာဟာရသုံးဆောင်ရ၏။ ထိုအာဟာရကိုရှေးဦးစွာမြင်ခြင်း၊ ထိုနောက်ယူ၍ပါးစပ်တည်းသို့သွင်းခြင်း၊ထို့နောက်သွားဖြင့်ဝါး၍ကြေစေခြင်း။ ထို့နောက်မျို၍အစါအိမ်သစ်သို့သွင်းခြင်း၊ထိုအစာအိမ်သစ်မှတဘန်အစာအိမ်ဟောင်းသို့ရောက်သည် ကာလအန်သုတ်၍မရ။ သွေးသားအစရှိသောရုပ်၏ အထောက်အပံ့ဖြစ်သောဝတ္ထုများဖြစ်၍။ တဘန်ပျက်သဖြင့်ထွက်ရာ နောက်အာဟာရအသစ်စားရသကဲ့သို့တည်း။

နာမ်ကိုထောက်ပံ့သော ဇောဖြစ်ခြင်းသည်လည်း ရုပ်၏လက္ခဏာဖြင့်ယူအပ်၏။ ရူပါရုံသည်စားဘွယ်ဝတ္ထုနှင့် တူ၏။ စားဘွယ်ဝတ္ထု မှီရန်ဝတ္ထုဟူ၍စက္ခုဝိညာဏ် အစရှိသည်တို့သည်သိ၏။ထိုစက္ခုဝိညာဏ်ဖြစ်ပြီးနောက်၊စားဘွယ်ဝတ္ထုကိုဝါးခြင်းနှင့် လက္ခဏာတူသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်ဖြစ်၏။ ။ထို့နောက်လျှာတွင်ရှိသောဇိဂ္ဂါပသာဒရုပ်ဖြင့်စားဘွယ်ဝတ္ထု၏အရသာထိပါးခြင်းကဲ့သို့အာရုံကိုခံစားအပ်သော သမ္ပဋိစ္ဆိုန်းစိတ်သည်ဖြစ်၏။ထို့နောက်အစါအဟာရသည်ကောင်းလေခြင်းခါးလေခြင်းစပ်လေခြင်းဟုစုံစမ်းတတ်သကဲ့သို့သောသန္တီရဏစိက်သည်ဖြစ်၏။ထို့နောက်ကောင်းသောစားဘွယ်ရသာရုံကို တပ်သော လောဘဇောသည်ငှင်း။ မနှစ်သက်၍အမျက်ထွက်သောဒေါသဇောသည်ငှင်းဖြစ်၏။ ထိုအခါမနောကံ

သက်သက်ဖြစ်၏။ ထို့နောက်ထိုစားဘွယ်မျိုးကြက်ဥက်တို့ကို ဖြစ်မှား သတ်စားထိုသော အလယ်ဖောငါးချက်ဖြင့်ကြက်ကို ထိုက်၍ ရှာမှုလည်းရှာရာ၏။ တွေ့၍သေစေရန် ပယောဂကိုမူ လည်းပြုရာ၏။ ထိုအခါနှစ်ပါး၌ ဒုစရိုက်သည်ဖြစ်၏။ သတ်မိ သော်၊ ပါဏာတိပါတကံသည်မြောက်၏။ ထို့ကြောင့်စားထို သောရာဂသည်သက်ရှိသူတပါးအသားကိုတပ်မက်ရာ၌လော ဘမူစိတ်သည်ဖြစ်၍ ချုပ်ပြီးနောက်၊ ကြက်ကိုရှာ၍သတ်မည် ကြံသောပဌမဇော၊ရှာဆဲသတ်ဆဲအခါ၌ဖြစ်သောအလယ်ဇော ငါးချက်စေတနာ၊သတ်သဉ်အားလျော်စွာသေသောအခါ၌ဖြစ် သောသတ္တမဇောဟူ၍ ဒေါသမူစိတ်နှစ်ပါးတွင်တပါးပါး၌ဖြစ် သောကြောင့်ဒေါသမူစေတနာကံဖြစ်ရာ၊ ပဌမဇောသည်ကာ ယကံစေတနာပက္ခိက၊ အကျိုးပေးခြင်း ကာလဖြင့်ကားဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ သေစားသေရသောအကျိုးကိုရထိုက်၏။

အလယ်ဇောငါးချက်စေတနာသည်စေတနာသမ္ပယုတ္တ၊အ ကျိုးပေးသော ကာလအားဖြင့်အပရာပရိယဝေဒနီယကံ၊ သေ စားသေရသော အကျိုးကို ရထိုက်၏။ ထိုစေတနာနှစ်ပါးလုံး ပေါင်းသော်ပုရိမစေတနာကိုရ၏၊ သတ္တမဇောစေတနာသည် သန္နိဋ္ဌာနစေတနာ၊ အကျိုးပေးရာကာလအားဖြင့်ဥပပဇ္ဇဝေဒနီ ယကံ၊သေစားသေရသောအကျိုးကိုပေးထိုက်၏။ပဌမဇောပါ ဏာတိပါတစေတနာဒိဋ္ဌဓမ္မဝေဒနီယကံသည်၊ဤဘဝ၌အကျိုး မပေးမူ၍ ထိုသူသေသည်ကာလ အဟောသိကံဖြစ်၍ ပျောက် ပျက်၏။ သတ္တမဇောစေတနာသည်သေသည်နောက်ဘဝ၌အ ကျိုးပေးခွင့်မရသည်ရှိသော်ပဝတ္တိအကျိုးကိုပေးစွမ်းနိုင်သော ဥပပီဠကကံ။ ဥပဃာတကအမည်ဖြင့်ဖြစ်ပေါ်လာပြန်၏။အလယ် ဇောငါးချက်စေတနာသည်လည်းပဋိသန္ဓေဇနကနှင့်၊ ဥပထမ္ဘ ကကံကိုဖြစ်စေတတ်၏။ ပဋိသန္ဓေ အကျိုးကို မပေးရသော်မ ဝတ္တိအကျိုးကိုပေးစွမ်းနိုင်သော အကုသိုလ်ဥပပီဠကကံ၊ ဥပဃာ တကအမည်ဖြင့် နိဗ္ဗာန်မဝင်မီဖြစ်သော ဘဝတို့၌ကပ်၍ထိုက်

တတ်၏။ ။ဒုစရိုက်၏ပဝတ္တိအကျိုးပေးရာကံသည်ဥပပီဠကကံ ကိုသါဖြစ်စေတတ်၏။ဥပဃာတကကံကိုမရနိုင်ဟူ၍မှတ်ရာ၏ ရသာရုံကိုတပ်မက်သောဓောသည်ကြက်အသားကိုတပ်မက် မိသောကြောင့် လောဘမူစိတ်တွင်ပါဝင်သောမနောကံထိုက် ၏။ ကြက်ကိုသတ်လိုသောပုဗ္ဗစေတနာပဋ္ဌမဇောသည်ဗျာပါဒ ကံမထိုက်မူ၍ပါဏာတိပါတကံ၏ အပင်းအသင်းဖြစ်သောစေ တနာသမ္ပယုတ္တ၊ စေတနာပက္ခိကဖြစ်၏။ကြက်သားကိုတပ်ပြီ သော စိတ်ဖြင့်စားသော် အကုသိုလ်ကံမဖြစ်ဟု စွဲလမ်းယူများ သော အမြင်ဖြင့်တပ်မက်ပြားအံ့။ ဒိဋ္ဌိဂတသမ္ပယုတ် လောဘ သည်ဖြစ်၏။

စေတနာသည်ကံဖြစ်ကြောင်းကား။ ။စေတနာဟံဘိက္ခ ဝေကမ္မံဝဒါမိ။ စေတယိတွာကမ္မံကရောတိ။ ကာယေနဝါစာ ယမနသာ။ဟူ၍ဆက္ကနိပါတ်အင်္ဂုတ္တရပါဠိတော်၌ဟောတော်မူ ၏။ ။ပါဠိတော်ကိုအနက်ပေးကြရာ၌ သတ္တမဇောကိုသာကံ ခေါ်သည်ဟု မြန်မာဘာသာဖြင့်အနက်ပြန်ခြင်းကြောင့် လူအ များတွေဝေ၍နေကြလေသည်။ အကယ်၍သတ္တမဇောကိုကမ္မ ပထခေါ်ခဲ့သော်၊ပုရိမစေတနာတို့သည်ကံမဟုတ်ဖြစ်ရာ၏။ စေ တနာသုံးပါးကိုတပေါင်းတည်းပြုပြီးမှကာယကံဖြစ်ကြောင်းကို သာဘုရားရှင်ဟောတော်မူလေသည်။ ကာယကံမဖြစ်ခဲ့သော် ပယောဂတွင်တန့်သဖြင့်ဒုစရိုက်ကံ၊ပုဗ္ဗပဋ္ဌမဇောစေတနာတွင် တန့်သော် မနောကံဖြစ်ကြသည်နှင့်အပါယ်ပဋိသန္ဓေကို ပေး စွမ်းနိုင်သော ကံမှ မယုတ်နိုင်။ ကာယကံ၊ ဝစီကံ မြောက်မ မြောက်ကိုသာ ဆိုဘွယ်ရာရှိ၏။ မနောကံနှင့်ဒုစရိုက်တို့သည် ထိုက်သည်အား လျော်စွာ မဖြစ်ဟု မဆိုနိုင်ချေရာ။ ကမ္မပထ မြောက်သော ကာယကံဝစီကံတို့၌ပုရိမ စေတနာတို့သည်အ သီးအခြား တပါးစီတပါးစီကံမဖြစ်။ ကာယကံ၊ ဝစီကံတို့၏ အပင်း အသင်းဟူသော စေတနာပက္ခိကတရား ဖြစ်ကြောင်း ထင်ရှား သိနိုင် ရာ၏။ ။အနက်ကား။ ဘိက္ခဝေ၊ ရဟန်း

တို့။ယသ္မာ၊အကြင်ကြောင့်။ စေတနာယ၊စေတနာဖြင့်။ ဝါ၊မ
နောဝိညာဏ ဓာတ် ဟူသော သဟိတ် ဇောစိတ်ဖြင့်။ စေတ
ယိတွာ၊စေ့ဆော်စီရင်၍။ ကာယေန၊ကိုယ်အမူအရာဖြင့်။ ဝါ၊
ကိုယ်လှုပ်ခြင်းဟူသောစောပနကြိယာဖြင့်။ ဝါစာယ၊နှုတ်အမူ
အရာဖြင့်။ မနသာ၊ စိတ်သက်သက်ဖြင့်။ဝါ၊ ကြိယာစိတ်ဖြင့်။
ကမ္မံ၊ကောင်းမှုမကောင်းမှုကို။ ကရောတိ၊ပြု၏။ တသ္မာ၊ထိုသို့
ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့၌ စေ့ဆော်၍ကောင်းမှုမ
ကောင်းမှုကိုပြုတတ်သော စေတနာ စေတသိက် တရားကို။
ကမ္မံ၊ကံဟူ၍။အဟံ၊ငါဘုရားသည်။ဝဒါမိ၊ဟောတော်မူ၏။ပရ
မတ္ထသဘာဝ ဖြစ်သော စေတနာ မနောဝိညာဏ ဓာတ်သာ
လျှင် ပြုဖြင်တတ်သော သင်္ခါရတရား၊ အမြစ်မူလကို ကံခေါ်
တော်မူ၏။ကာယကံ၊ဝစီကံတို့သည်ဒွါရကိုအကြောင်းပြု၍ဖြစ်
ရာဒွါရအလိုက်ကာယကံ၊ ဝစီကံမျှဖြစ်ခြင်းသည် ထင်ရှား၏။
ဥပမာဖြင့်ပြသော်၊ခန္ဓာငါးပါးကိုသတ္တဝါဟူ၍ခေါ်၏။ ထိုခန္ဓာ
ငါးပါးသည်လူ၏သဏ္ဌာန်၊နတ်၏သဏ္ဌာန်၊တိရစ္ဆာန်ပုဂ္ဂိုလ်၏
သဏ္ဌာန်တို့၌ဖြစ်တတ်၏။ ဟုဟောတော်မူလိုသည်။ ထိုသို့အ
နက်အဓိပ္ပါယ်ကိုသိစေခြင်းငှာ။ ၎င်းမူလဋီကာ၌။ ။ယသ္မာစ
စေတနာယစေတယိတွာ၊ ကာယဝါစာဟိစောပနကြိယံ။မန
သာစ အဘိဇ္ဈာဒိကြိယံကရောတိ။ တသ္မာတာသာကြိယာယ
ကာရိကံစေတနံ။အဟံကမ္မံဝဒါမီတိအတ္ထော။ဟူ၍လာ၏။ ။
အနက်ကား။ ။ယသ္မာစ၊အကြင်ကြောင့်လည်း။စေတနာယ။
စေတနာဖြင့်။စေတယိတွာ၊စေ့ဆော်စီရင်၍။ကာယဝါစာဟိ၊
ကိုယ်နှုတ်တို့ဖြင့်။ စောပနကြိယံ၊ လှုပ်ရှားခြင်းကြိယာကို။မန
သာစ၊ စိတ်သက်သက်ဖြင့်လည်း။ အဘိဇ္ဈာဒိကြိယံ၊အဘိဇ္ဈာ
အစရှိသောကြိယာအမှုကို။ကရောတိ၊ပြု၏။တသ္မာ၊ထိုကြောင့်။
တာသာကြိယာယ၊ ထိုကိုယ်လှုပ်ခြင်း၊ နှုတ်မြွက်ခြင်း၊စိတ်ကြံ
ခြင်းအမှုကို။ကာရိကံ၊ပြုတတ်သော။ စေတနံ၊စေတနာစေတ
သိက်ကို။ဝါ၊ မနောဝိညာဏဓာတ်ကို။ကမ္မံ၊ကံဟူ၍။ အဟံ၊ငါ

ဘုရားသည်။ဝဓါမိ၊ဟောတော်မူ၏။ ဇာတိအယံ၊ဤသည်ကား။ အတ္တော၊ အဓိပ္ပါယ်အနက်တည်း။ ။အကယ်၍ စင်စစ်အားဖြင့်ဒုစရိုက်သည်အပါယ်ပဋိသန္ဓေမပေးနိုင်ဟူ၍ဝွဲလမ်းယူမှားအံ့။ အကြံယဒိဋ္ဌိကြီး၏ ပဌမဓော ဟုတ်မဟုတ်ကို စဉ်းစား၍ကြည့်ရာ၏။

သုဘသုတ်တွင်မြတ်စွာဘုရားရှင်အကျယ်ဟောချက်များ၌လည်း ရှိသေထိုက်သော ပုဂ္ဂိုလ်ကို မရှိသေ၊ ခရီးပေးထိုက်သောပုဂ္ဂိုလ်အား ခရီးမပေး၊ မေးအပ် မြန်းအပ် သိအပ်သောတရားများကို မမေးမမြန်းမသင်မကြားခြင်းမျှဟူသောမာန၊ပမာဒတရားများဖြင့်အပါယ်ပဋိသန္ဓေပဝတ္တိ အကျိုးနှစ်ပါးစုံကိုပေးစွမ်းနိုင်ကြောင်း။ကျယ်အံ့စိုးသောကြောင့်မရေးလိုက်ပြီ။

အမေး။ ဆရာရေးသောနိဗ္ဗာနမဂ္ဂကထာကျမ်းတွင်၊အလှူခံပုဂ္ဂိုလ် ၁၄ ပါးကိုပြရာ၊ ရဟန်းဟူ၍မပိုင်းခြား၊ လူနှင့်တပေါင်းတည်းပြု၍ဝေဘန်၏။ရဟန်းအလှူခံကိုမည်သည့်အလှူခံပုဂ္ဂိုလ်၌သွင်းမည်နည်း။

အဖြေ။ ဒုသီလရဟန်းကို ဒုသီလလူပုဂ္ဂိုလ်၌ပင်သွင်းရာ၏။ရဟန်းသီလဝန္တကို လူပုထုဇဉ်သီလဝန္တနှင့်အတူ၊ ၎င်းလူသီလဝန္တကလျာဏနှင့်ပုထုဇဉ်ရဟန်းသီလဝန္တကလျာဏတို့ကိုလည်း ပဌမသောတာပတ္တိမဂ္ဂဋ္ဌာန်တွင် သွတ်သွင်းရာ၏။ ထိုနည်းတူအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တိုင်အောင်။လူရဟန်းနှစ်ပါးကိုသွတ်သွင်းရာ၏။

သံဃိကဒါန၌ကား၊ လူသောတာပန်၊ သကဒါဂါမ်၊ အစရှိသောအရိယာပုဂ္ဂိုလ်တို့ကိုမသွင်းမူ၍အယုတ်ဆုံးအါးဖြင့်ဒုသီလသာမဏေကိုအစပြုသဖြင့်၊ သင်္ကန်းကိုဝတ်ရုံ၍ ပဗ္ဗဇိတအကျင့်ကိုကျင့်သောပုဂ္ဂိုလ်များကိုသွတ်သွင်းရာ၏။ ။သံဃာတော် ဟူကအနွယ်ကို ဆိုလိုသည်၊ ပုဂ္ဂိုလ်ကို မဆိုလို။ လူသောတာပန်ပုဂ္ဂိုလ်သည်အနွယ်အားဖြင့်သံဃာမဟုတ်။ပညာသီလသမာဓိဂုဏ်ဖြင့် ပုဂ္ဂိုလ်၏ အစွမ်းကြောင့် သံဃာတော်

ဟုခေါ် ခြင်းသည်ပရမတ်ဖြင့်ခေါ် ခြင်းမှုဖြစ်သည်အလျောက် သံဃိကဒါနကို မသိမ်းပိုက်နိုင်ရာ။ ပုဂ္ဂလိကဒါနကို သာလျှင် သိမ်းပိုက်နိုင်ရာ၏။ပုဂ္ဂိုလ်အားဖြင့်၎င်း၊အနွယ်အားဖြင့်၎င်းဂုဏ် နှစ်ပါးစုံမှသံဃာတော်စစ်မည်ရာ၏။ ရဟန်းဒုဿီလ ပုဂ္ဂိုလ် ကိုပဋ္ဌမမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တွင်သွတ်သွင်းနိုင်ခဲ့သော်။ ဝဆုမာသီမ ဆိုး၏အလှူဒါနအကျိုးသည် အသင်္ချေယျအပ္ပမေယျဖြစ်ခဲ့ရာသည် အလျောက်ပြိတ္တာအားပေးသော အလှူ၏အဘို့ကို ထိုပြိတ္တာရ နိုင်သည်။ မချခြင်းကိုအစွဲပြုသဖြင့် ရဟန်းဒုဿီလကိုလူဒုဿီ လဋ္ဌအတူပင်သွတ်သွင်းတန်ရာ၏။ မသွင်းထိုက်ဟူသောပါဠိအ ဋ္ဌကထာများသည် တစုံတရာမျှမရှိဖြစ်ခဲ့၏။ ။အကယ်၍လူ ကိုဖလဋ္ဌာန်ပုဂ္ဂိုလ်တွင် မသွင်းထိုက်အံ့။ သောတာပန်သကဒါ ဂါမ်ပုဂ္ဂိုလ်တို့ကိုလှူဒါန်းရာ၌ ရဟန်းသောတာပန်သကဒါဂါမ် တို့ကိုသာရသဖြင့်။ လူသောတာပန်သကဒါဂါမ် အစရှိသည် တို့သည် လူပုထုဇဉ် သီလ ဝန္တ သို့ပြန်၍ လျော ကျရာသည်။ ရဟန်းတယောက်သည် ရွာစဉ်လျှောက်၍ အလှူ ငွေခံခြင်း၊ ခေါက်ဆွဲ ဆိုင်၌ခေါက်ဆွဲစားခြင်းကိုတွေ့သဖြင့်၊သံဃာတော် မြတ်တပါးသည်ငွေခံနေသည်။ ခေါက်ဆွဲဆိုင်၌တွေ့ရသည်ဟူ ၍မဆိုနိုင်ချေရာ။ ရဟန်းတယောက်ဤကဲ့သို့ ပြုလုပ်နေသည် ဟူ၍သာလျှင်ဆိုနိုင်ရာ၏။

ရဟန်းများသည်တဦးနှင့်တဦးဆဲရေးခိုက်ရန်ဖြစ်၍နေငြား အံ့။ သံဃာတော်များခိုက်ရန်ဖြစ်နေသည်ဟု မဆိုနိုင်ရာသကဲ့ သို့၎င်း။ထိုရဟန်းများသည်သံဃာတော်၏အသွင်အမူအရာဖြင့် ဂိုဏ်းနှင့်တဂဏ္ဍသော်၎င်း၊ဆွမ်းမှု၊အသုဘမှု၊သီလပေးမှု၊တရား ဟောမှုဖြင့်ကြွလာသောအခါ၌ ရဟန်းများကြွလာသည်ဟုရှိ ယင်းသောစကားကိုမဆိုထိုက်ချေရာ။သံဃာတော်များကြွလာ ကြသည်ဟုခရီးပေးခြင်း။ ရှိခိုးခြင်းအစရှိသောဥပါသကာတို့ပြု ထိုက်သော ဝတ်ကြီးဝတ်ငယ်များကိုထိုအခါ၌ခံထိုက်ရာ၏။

ဝိစေယျဒါနံဒါတဗ္ဗံအရ၌ ပုဂ္ဂလိကဒါနကို ဆိုထို တော်မူ

ကြောင်းအများသိကြ၏။ ထိုပါဠိတော် အနက်ကို အဋ္ဌကထာ
ဆရာဝေဘန်သောအခါ။ပယ်အပ်သောပုဂ္ဂိုလ်များတွင်။ သာ
သနေဝိပ္ပသန္နသီလေ။ဟူ၍ရဟန်းဒုသီလကိုလည်းပယ်၏။ ။
သီလာဒိဂုဏသမ္ပန္နာနံသာသနေပဗ္ဗဇိတာနံဒါနံ ဧက္ခေဏာယျုဝိ
ဝိနန့်နာမ။အရ၊သာသနာရဟန်းများတွင်လည်းဒုသီလ၊သီလ
ဝန္တ၊အန္တရဟန်းများကိုပယ်သဖြင့်။သီလာဒိဂုဏသမ္ပန္နာနံအရ
သီလမျှဖြင့်မလုံလောက်သေး။ အာဒိသဒ္ဒါအရ၊ သဏ္ဌာယဒိဋ္ဌိမှတ
ပါးအဘက်ဒိဋ္ဌိမငြိမတွယ်။ ဥပစာရသမာဓိကို အယုတ်ဆုံးပြု
သဖြင့်သေက္ခအသေက္ခပုဂ္ဂိုလ်များကိုသာ ရတန်ရာ၏။ ထိုသို့
ထင်ရှားစွာတရားဒေသနာရှိပါလျက်၊ ပါဠိအဋ္ဌကထာများကို
လွှန်၍။ လူဒုသီလ၊လူသီလဝန္တဟူကသာသနာအပလူကိုဆိုလို
သည်ဟုမိမိ၍မဟောထိုက်ချေရာ။ မြတ်စွာဘုရားဟောတော်မူ
သောတရားတော်ကိုသာသနာအပအခါမှအတည်ပြုရမည်ဆို
ရာကျ၏။သာသနာအပအခါ၌အတည်ပြုနိုင်ရန် ထိုတရားတဦး
ဟူသောပိဋကတ်ရှိတော့မည်မဟုတ်။ သာသနာတွင်း အခါ၊
ဗုဒ္ဓဘာသာဝင် အလုံးစုံသော မြန်မာ နိုင်ငံ၌ မြန်မာ ဗုဒ္ဓဘာ
သာဝင်လူမျိုးတို့ကိုပင်သောတာပတ္တိဖလသစ္ဆိကိရိယာယပဋိ
ပန္နဟူသော ပဌမသောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တွင် ပါဝင်
သည်ဟူ၍သူခိုးဘိန်းစားကြက်သမားဝဲသမားတံငါ မုဆိုးများ
ကိုပင်မြှောက်စား၍ပြောဟောလေ့ရှိသောလူများကိုတွေ့ရှိရလေ
သောကြောင့်။သည့်မျှလောက် အကျယ်ကို ရေးသား ရလေ
သည်။ သံဃာတော်များ ပြောဆိုသော စကား၌ ရဟန်းများ
သည်ဒုသီလအလှူခံပုဂ္ဂိုလ်၊သီလဝန္တအလှူခံပုဂ္ဂိုလ်တွင်မပါ၊
ပဌမ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တွင်သာ ပါဝင်သည်ဟု ရေးသား ထား
ကြသောစာအုပ်များကို တွေ့ရှိရလေသည်။ လူများက ထူး၍
ဘုရားကိုကိုးကွယ်သော မြန်မာလူမျိုး တမျိုးလုံးတို့သည် မဂ္ဂ
ဋ္ဌာန်ပုဂ္ဂိုလ်တွင်သွတ်သွင်းသဖြင့် ထိုမြန်မာဘိန်းစား မုဆိုးတံ
ငါသည်တို့အား ပေးသော အကျိုးသည် အသင်္ချေယျ ဖြစ်ပြန်

တော့သည်ဟူ၍လွန်စွာသော အကြောင်းတို့ဖြင့် တပါးလူတို့ကိုတွေ့ဝေစေကြကြောင်းကြားသိရ၏။ ။တဆဲ့တခုမြောက်အလ္လုံဗာဟိရကဗျာန်ရ၊ ရသေ့ပရိဗိုဇ်ရဟန်းကိုအကြောင်းပြု၍အခေါ်တလျှင်ထင်မိထင်ရာ ပြောဆိုမိကြ ရှာသည် လက္ခဏာရှိတော့သည်။

ထိုသို့ကောက်ချက်သည်အကြောင်း မဟုတ်ခြင်းကား၊ ဗာဟိရကဗျာန်ရ ပရိဗိုဇ် ရဟန်း၌ အပ္ပနာ သမာဓိကို ရသောကြောင့်ရာဂကင်းသော ဗျာန်ရပုဂ္ဂိုလ်၊ အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးများဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးများတို့၏ကုသိုလ်သည်သာမညကာမာဝစရကုသိုလ်ဖြစ်သောလောကီသရဏဂုံ သီလထက်လွန်ကဲသောမဟဂ္ဂုတ်ကုသိုလ်ဖြစ်သည်အလျောက်၊ လူဒုသီလ၊ ရဟန်းဒုသီလ၊ လူသီလဝန္တ၊ ရဟန်းသီလဝန္တ ကာမပုဂ္ဂိုလ်တို့အထက်၌မြတ်စွာဘုရားရှင်နှင့်သင်္ဂါယနာတင်ရဟန္တာအရှင်မြတ်ကြီးများထား၍ဝေဘန်တော်မူခဲ့ပေ၏။

ထိုမှတပါးတံငါမုဆိုးရဟန်းဒုသီလ၊ သာမည သီလဝန္တပုဂ္ဂိုလ်တို့သည်သာသနာအပ၊ ဗောဓိသတ်ဘုရားအလောင်းဇနကမင်းဝေဿန္တရာမင်း။ နာရဒရသေ့၊ ထိုမှတပါး အဘိညာဉ်ရတန်းခိုးအာနုဘော်ကြီးလှ၍ပထဝီမြေကြီး နေလအစရှိသည်တို့ကိုတုန်လှုပ်စေနိုင်သော ပုဂ္ဂိုလ်ကြီးများတို့ထက် မြတ်ရာသည်ဟုဆိုရာရောက်တော့သည်။ ပစ္စေကဗုဒ္ဓါများလည်းသာသနာအပပုဂ္ဂိုလ်ဖြစ်ကြသောကြောင့်၊ သာသနာအပပရိဗိုဇ်ရဟန်းကြီးများဟူ၍ ပင်ဗာဟိရကဗျာန်ရရသေ့ ပုဂ္ဂိုလ်တို့တွင် မသွတ်သွင်းကြသေးသည်မှာ အလွန်ဝမ်းမြောက် ဘွယ်ရာရှိသေး၏။ သို့ရာတွင်နောင်အခါသဗ္ဗညု ဘုရားရှင်ကိုပင် သင်္ခတဓာတ်အားဖြင့် ပရိဗိုဇ်ရဟန်းကြီး၊ အသင်္ခတဉာဏ်တော်မြတ်မှသာလျှင်သဗ္ဗညု ဘုရားဖြစ်သည်ဟု ဝေဘန်ရာသည်။ ပဌမဇောသို့ သက်သောအရာသည် ကလျာဏ မိတ္တကို မရသော် သတ္တမဇောသို့ရောက်မြဲဖြစ်တတ်ချေ၏။

ဝေဠာမသုတ်ကိုအကြောင်းပြုသဖြင့်ထိုသို့ အယူရှိပြန်လျှင်
လည်း။ ။တသ္မိံ ခေါ ပန ဂဟပတိ ဒါနေ န။ ကောစိ ဒက္ခိဏေယျော
အဟောသိ။ န တံ ကောစိ ဒက္ခိဏံ ဝိသောဓေတိ။ ယံ ဂဟပတိ ဝေ
လာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ။ ယော စ ဧကံ ဒိဋ္ဌိသမ္ပန္န
ံ ဘောဇေယျ ဣဒံ တတော မဟပ္ဖလတရံ။ ။အစရှိသောပါဠိ
ဖြင့်ဟောကြားတော်မူရာ ဒက္ခိဏေယျ အစစ်ကိုဆိုလိုတော်မူ
ကြောင်းကား၊ ဧကံ ဒိဋ္ဌိသမ္ပန္နံ။ အရ၊ ဤကဲ့သို့သော သစ္စာလေး
ပါးကိုမြင်ပြီးသော သောတာပန် ဟူ၍ သောတာပန် ပုဂ္ဂိုလ်ကို
ညွှန်ပြသဖြင့်ဟောတော်မူပေ၏။ ဧဝံ သရဏဂမန်ဟူ၍ သရဏ
ဂုံကိုခံယူလာသော ဒုသီလမရှိသူ ကိုညွှန်ပြ၍ ဟောတော် မမူ
သည်သာတည်း။

အယုတ်ဆုံးအားဖြင့်စိတ်တခုယုတ်ကိုးဆယ်သည် ကံမည်
၏ဟူ၍ အဋ္ဌကထာဆရာစီရင်ရာ၌၊ အဟိတ်စိတ်သည်လည်း
အပါယ်ပဋိသန္ဓေကိုသော်လည်းကောင်း၊ တိဟိတ်ပဋိသန္ဓေကို
သော်လည်းကောင်း၊ အကျိုးပေးနိုင်မည်ဟု အဟိတ်စိတ်ကိုသ
ဟိတ်စိတ်၌သွတ်သွင်းမိသကဲ့သို့ဖြစ်ရာ၏။ ။ဤသို့ယူမိသော်
လမ်းမှားသောကြောင့်မျက်စိလည်၍နေသောသူကဲ့သို့ဖြစ်ရာ
၏။

အဋ္ဌကထာတွင်၊ သရဏဂုံတည်သော ဥပါသကာကို အ
ယုတ်ဆုံး ထား သဖြင့် ဟော ကြား ခြင်းကား မှန်ပေ၏။ မှန်
ကြောင်းကားသရဏဂုံသည်ဥာဏသမ္ပယုတ်သရဏဂုံ၊ ဥာဏ
ဝိပ္ပယုတ်သရဏဂုံ ဟူ၍နှစ်ပါးအပြားရှိရာ၊ ဥာဏသမ္ပယုတ်သ
ရဏဂုံသည် ရတနာသုံးပါး၏ဂုဏ်တော်များကိုအနက်အားဖြင့်
ပိုင်းခြားသိခြင်း၊ ၎င်းသရဏဂုံ၏အကျိုးကိုသိခြင်း၊ ခန္ဓာအာယ
တနအစရှိသောမိဿကတရား၊ ဗောဓိပက္ခိယ တရားများကို
သင်ကြား၍ငါးပါးသောသီလကိုရှုံခါ၊ ရှစ်ပါးသီလကိုရှုံခါ၊ ထို
ငါးပါးတွင်တပါး၊ နှစ်ပါး၊ သုံးပါးအစရှိသဖြင့် အမြဲဆောက်
တည်သောပုဂ္ဂိုလ်များကိုရရာ၏၊ ထိုထက်ငါးပါးသီလမြဲသော

လူကိုဆိုရာ၌ငါးပါးသီလကိုနေ့စဉ် အပြည့်အစုံ ခံယူဆောက်တည်သောဥပါသကာကို ရခြင်းကား မှန်လှပေ၏။ ထို့ထက်သာမဏေငယ်ဆိုရာ၌လည်းယခုကာလ၊မိရိုးဘရိုးဓမ္မတာဟု၍ရှင်သာမဏေပြုကောင်း၏ဟုအင်္ဂလိပ်ကျောင်းမှ၊၇ ရက်၊ တလ၊ရှင်ပြုသဖြင့်သာမဏေအဖြစ်သို့ရောက်သောပုဂ္ဂိုလ်များကိုမယူနိုင်ရာချေ။မဂ်ကိုကျင့်ထိုသောဆန္ဒဖြင့်သော်၎င်း၊မဂ်ကိုကျင့်ပြီးသောဥပဇ္ဈာယ်ရဟန်းထံသို့ခိုဝင်သော၊ ရှင်နာဂသိန်သာမဏေငယ်ကဲ့သို့သောပုဂ္ဂိုလ်ကိုသာလျှင်ယူထိုက်ရာ၏။ မဂ်သို့ရောက်ဆဲရောက်လတံ့သောကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်မှသာလျှင်အဋ္ဌကထာဆရာ၏အလိုဝါဒသို့ကျရာ၏။ ။မြန်မာနိုင်ငံတခုလုံး၌ရှိသော မြန်မာလူမျိုးတို့ကိုစည်းဝေးစေ၍ သရဏဂုံဆောက်တည်နည်းလေးပါးတွင်၊အတ္တသန္နိယျာတနသရဏဂုံ၊တပ္ပရာယနတာသရဏဂုံ၊သိဿဘာဝူပဂမနသရဏဂုံ၊ပဏိပါတသရဏဂုံတို့ကိုအဘယ်နည်းဖြင့်အသီးအသီး ခံယူဆောက်တည်အပ်သနည်း။ သရဏဂုံလေးမျိုး ပါဠိအနက်ကို ရွတ်၍ပြောပါစေလော။ သရဏဂုံကိုမပျက်စေရန်တပါးပါးကို အမြဲဆောက်တည် ပါမည်ဟု ဝန်ခံဘူးသူ နည်းသလော များသလော။သရဏ၏ဝစနတ္ထရတန၏ဝစနတ္ထ၊ ဗုဒ္ဓ၊ဓမ္မ၊ သံဃာဝစနတ္ထ။ ။လောကီသရဏဂုံလောကုတ္တရာသရဏဂုံအမှုအရာလက္ခဏာ၊လောကီသရဏဂုံ၏ညစ်ငြူးခြင်းသုံးပါး၊ အစရှိသဖြင့်စာမေးပွဲပြုလုပ်သကဲ့သို့သံဃာတော်များကစစ်ဆေး မေးမြန်းကြည့်ကြပါလျှင်တရာတွင် တယောက်အောင်မည်မထင်၊ဆရာကိုယ်တိုင်စစ်ဆေးရလျှင် တထောင်တွင် တယောက်မျှဉာဏသမ္ပယုတ်သရဏဂုံဆောက်တည်သူကိုရခဲရာသည်။ ။သူ၏အသက်ကိုသတ်ခြင်း၊သေရည်သေရက်ကိုသောက်ခြင်းနှ၌အပြစ်ထိုက်သည်။ကံဟူသောတရားသည်သတ္တဝါတို့ကို ပြုပြင်သည်ဟူ၍သာလျှင် သိတတ်သောဉာဏ်ဖြင့် ဗုဒ္ဓဘာသာဝင်ဉာဏဝိပ္ပယုတ်သရဏဂုံ တည်သူသာလျှင်များကြောင်းကို

တွေ့ရှိကြရာ၏။ ။သရဏဂုံဟူသည်ကား၊တပ္ပသာဒတဂ္ဂရုတာဟိ ဝိဂတ ကိလေ သော တပ္ပရာ ယနတာ ကာရပ္ပ ဝတ္တော၊ စိတ္တုပ္ပါဒေါသရဏဂမနံ။ဟူ၍အင်္ဂုတ္တရအဋ္ဌကထာ၌လာ၏။ ၊ အနက်။ ။တပ္ပသာဒ တဂ္ဂရုတာဟိ၊ ထိုရတနာ သုံးပါးအား ကြည်ညိုလေးမြတ်ခြင်းဖြင့်။ ဝိဂတကိလေသော၊ သရဏဂုံ၏ ညစ်ငြိုးခြင်းဖြစ်သောဒိဋ္ဌိဝိစိကိစ္ဆာကိလေသာနှစ်ပါးကို ပယ်အပ်သည်ဖြစ်၍၊ တပ္ပရာယနတာကာရပ္ပဝတ္တော၊ ထိုရနာသုံးပါးသာလျှင်ကိုးကွယ်ရာလည်းလျောင်းရာရှိ၏ဟူသောအခြင်းအရာဖြင့်ဖြစ်သောမဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်သည်။သရဏဂမနံ၊ သရဏဂုံမည်၏။ သရဏဂုံတည်သောသူ၏ လက္ခဏာကား။ ။တေနယထာဝုတ္တစိတ္တုပ္ပါဒေန သမန္နာဂတော သရဏံဂစ္ဆတိ။ ဝုတ္တပ္ပကာရေနစိတ္တုပ္ပါဒေန ဧတာနိမေတီဏိရတနာနိသရဏံ။ဧတာနိပရာယနန္တိ၊ဧဝံဥပေတိပဇ္ဇတိသေဝတိ၊ဟူ၍ဒုင်းအဋ္ဌကထာ၌အနက်ယောဇနာပြန်၏။ ။အနက်။တေနယထာဝုတ္တစိတ္တုပ္ပါဒေန၊ ထိုသို့အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောစိတ္တုပ္ပါဒ်နှင့်။ သမန္နာဂတော၊ပြည့်စုံသောသူသည်။ သရဏံ၊ကိုးကွယ်ရာဟူ၍။ဂစ္ဆတိပဇ္ဇတိ၊ဆည်းကပ်၏။ ဝုတ္တပ္ပကာရေန၊ ဆိုအပ်ခဲ့ပြီးသောအပြားရှိသော။စိတ္တုပ္ပါဒေန၊ကုသိုလ်ဇောစိတ္တုပ္ပါဒ်ဖြင့်။ဧတာနိတီဏိရတနာနိ၊ ဤသုံးပါးသောရတနာတို့သည်။မေ၊ငါ၏။သရဏံ၊ကိုးကွယ်ရာတည်း။ဧတာနိတီဏိသရဏာနိ၊ ဤသုံးပါးသောသရဏဂုံတို့သည်။ မေ၊ငါ၏။ ပရာယနံ၊လည်းလျောင်းရာတည်း။ဣတိဧဝံ၊ ဤသို့သောအခြင်းအရာဖြင့်။ဥပေတိပဇ္ဇတိ၊ဆည်းကပ်၏။သေဝတိ၊မှီဝဲ၏။ ။ဒုဝိဓံ သရဏဂမနံလောကုတ္တရံလောကိယဉ္စ။ ။တတ္ထလောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေသရဏ ဂမနူပက္ကိလေသ သမုစ္ဆေဒေန အာရမ္မဏတော နိဗ္ဗာနာရမ္မဏံဟုတွာ၊ ကိစ္စတော သကလေပိ ရတနတ္တယေဇ္ဈတိ။ အတ္ထတော စတုသစ္စာဓိ ဂမော။ ဧဝံဟိ လောကုတ္တရသရဏဂမနံ။ ။လောကိယံပန။ သရဏဂမနံ

ပုထုဇ္ဇနာနံ။ သရဏဂမနူပက္ကိလေသဝိက္ခမ္ဘနေန။ အာရမ္မဏတော ဗုဒ္ဓါဒိနံ ဂုဏာရမ္မဏံ ဟုတွာ ဣဇ္ဈတိတိ။ (ဝိနည်းဋီကာ)။ အနက်ကား။ ။သရဏဂမနံ၊ သရဏဂုံသည်။ လောကုတ္တရဉ္စ၊ လောကုတ္တရာ သရဏဂုံ လည်းကောင်း။ လောကိယဉ္စ၊ လောကီသရဏဂုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးသောသရဏဂုံတို့တွင်။ လောကုတ္တရံ၊ လောကုတ္တရာသရဏဂုံကို။ ကထံ၊ အဘယ်သို့။ ဝေဒိတဗ္ဗံ၊ သိအပ်သနည်း။ ဒိဋ္ဌသစ္စာနံ၊ မြင်အပ်သောသစ္စာရှိသောအရိယာပုဂ္ဂိုလ်တို့၏။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ သရဏဂမနူပက္ကိလေသသမုစ္ဆေဒေန၊ သရဏဂုံ၏ညစ်ငြူးခြင်းဖြစ်သောအညာဏသံသယ၊ မိစ္ဆာဉာဏဟူသောမောဟ၊ ဝိစိကိစ္ဆာ၊ မိစ္ဆာဒိဋ္ဌိကိလေသာသုံးပါးကိုအပြီးပယ်ဖျက်သဖြင့်။ အာရမ္မဏတော၊ အာရုံအားဖြင့်။ နိဗ္ဗာနာရမ္မဏံ၊ ကိလေသာကင်းသော ချမ်းသာနိဗ္ဗာန်ဓာတ် လျှင်အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကိစ္စတော၊ ကိစ္စအားဖြင့်။ သကလေပိ၊ အလုံးစုံလည်းဖြစ်သော။ ရတနတ္တယေ၊ ရတနာသုံးပါးအပေါင်း၌။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ အတ္ထတော၊ သဘောလက္ခဏာအားဖြင့်။ စတုသစ္စာဓိဂမော၊ လေးပါးသောသစ္စာကိုသိခြင်း။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ လောကုတ္တရသရဏဂမနံ၊ လောကုတ္တရာသရဏဂုံကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ လောကိယံပန၊ လောကီသရဏဂုံကိုကား။ ကထံ၊ အဘယ်သို့။ ဝေဒိတဗ္ဗံ၊ သိအပ်သနည်း။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ သရဏဂမနူပက္ကိလေသဝိက္ခမ္ဘနေန၊ သရဏဂုံ၏ညစ်ငြူးခြင်းကိလေသာတို့ကိုအတန်ကြာခွါသဖြင့်။ အာရမ္မဏတော၊ အာရုံအားဖြင့်၊ ဗုဒ္ဓါဒိဂုဏာရမ္မဏံ၊ ဘုရားအစရှိသောရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးလျှင်အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ ဣတိဧဝံ၊ ဤသို့သော အခြင်း အရာအားဖြင့်။ လောကိယ သရဏဂမနံ၊ လောကီသရဏဂုံကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ထို့ကြောင့်သရဏဂုံလေးမျိုးခံယူ ဆောက်တည်နည်း။ ဉာဏသမ္ပယုတ် ဝိပ္ပ

ယုတ်သရဏဂုံနှစ်ပါး၏ အမှုအရာအစရှိသောအချက်များကိုဧ ကန်အနက်သဘောအားဖြင့် သိမြင်နိုင်ရန် အားထုတ်သင့်ကြ ပေတော့သည်။

အကယ်၍ရတနာသုံးပါးကိုကိုးကွယ်ခြင်းသို့ရောက်သော ပုဂ္ဂိုလ်ဟူသမျှ၌ ပြုအပ်သောဒါနသည်၊ အသင်္ချေယျ၊အပ္ပမေ ယျဖြစ်ခဲ့အံ့။ သာသနာဝင်ပုဂ္ဂိုလ်တို့တွင် ဒုဿီလပုဂ္ဂိုလ်ပုထု ဇဉ်သီလဝန္တပုဂ္ဂိုလ်ဟူ၍မရှိနိုင်ရာ။မဉ်သည့်အကုသိုလ်ကိုပင်ပြု သော်လည်း၊အကုသိုလ်ကံမဖြစ်။အပသာသနာဝင်ပုဂ္ဂိုလ်များ၌ သာလျှင်အကုသိုလ်ကိုပြုသော်။အကုသိုလ်ကံဖြစ်ထိုက်၏ဟူ၍ ဆိုသကဲ့သို့နတ္ထိကဒိဋ္ဌိကြီး၏ပါဒကအခြေဟုတ်မဟုတ်ကိုစဉ်း စားကြည့်ကြရာသည်။ဒုဿီလပုဂ္ဂိုလ်နှင့်သီလဝန္တပုဂ္ဂိုလ်နှစ်ပါး တို့၏အမှုအရာကို ကောင်းစွာမသိမမြင်သောကြောင့်သာလျှင် ဤသို့ဆိုကြရာသဉ်။ထိုကြောင့်၊ ဒုဿီလနှင့်သီလဝန္တလက္ခဏာ နှစ်ပါးကိုပင်မြတ်စွာဘုရားရှင်ဟောတော်မူသည့်အတိုင်း အ နက်ကိုသိစေရန်ဝေဘန်အံ့။ ။ထိုသို့ဝိဝါဒမကွဲပြားကြသော ကြောင့်၊မြတ်စွာဘုရားအားလျှောက်မေးကြသောအခါ။ဒုဿီလ အမှုအရာ။သီလဝန္တလက္ခဏာတို့ကိုဤသို့ဘုရားရှင်သဉ်ဒက္ခိဏာ ဝိဘင်္ဂသုတ်ပါဠိတော်၌ဖြေဆိုတော်မူ၏။ ။ကာထဥ္စာနန္ဒဒက္ခိ ဏာနေဝဒါယကတောဝိသုဇ္ဈတိ။နောပဋိဂ္ဂါဟကတော။ဣဓခါ နန္ဒဒါယကောစေဝဟောတိ ဒုဿီလောပါပဓမ္မော။ ပဋိဂ္ဂါ ဟကာစဟောန္တိ ဒုဿီလာပါပဓမ္မာ။ ဧဝံခေါပနာနန္ဒဒက္ခိဏာ နေဝဒါယကတောဝိသုဇ္ဈတိ။နောပဋိဂ္ဂါဟကတော။ ။ဟူ၍ ဖြေဆိုတော် မူ၏။ ။အနက်ကား။ ။အာနန္ဒ၊ အာနန္ဒာ။ က ထဉ္စ၊အသို့လျှင်။ဒက္ခိဏာ၊အလှူသည်။ဒါယကတော၊အလှူပေး တတ်သောသူကြောင့်။နေဝဝိသုဇ္ဈတိ၊မစင်ကြယ်။ပဋိဂ္ဂါဟက တော၊ အလှူခံပုဂ္ဂိုလ်ကြောင့်။ နောဝိသုဇ္ဈတိ၊မစင်ကြယ်။အာ နန္ဒ၊အာနန္ဒာ။ ဣဓ၊ဤအရာ၌။ ဒါယကောစေဝ၊ အလှူပေးသော သူသည်လည်း။ ဒုဿီလော၊မကောင်းသောသီလရှိသည်၊ပါပ

ဓမ္မာ၊မိစ္ဆာအမြင်မစင်ကြယ်သောအယူဝါဒရှိသည်။ဟောတိ၊ ဖြစ်၏။ ပဋိဂ္ဂါဟာကာစ၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း၊ ဒုဿီလာ၊ မကောင်းသော သီလရှိကုန် သည်။ ပါပဓမ္မာ၊ ယုတ်မာသောမိစ္ဆာအမြင်မစင်ကြယ်သော အယူဝါဒဟူသော အဓမ္မဝါဒီပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာနန္ဒ၊ အာနန္ဒာ။ ခေါ်ပန၊ စင်စစ်။ ဧဝံ၊ ဤသို့။ ဒက္ခိဏာ၊ အလှူသည်။ ဒါယကတော၊ ပေးလှူသော ဒါယကာကြောင့်။ နေဝဝိသုဇ္ဈတိ၊ မစင်ကြယ်။ ပဋိဂ္ဂါဟကတော၊ အလှူခံပုဂ္ဂိုလ်ကြောင့်။ နောဝိသုဇ္ဈတိ၊ မစင်ကြယ်။ ။ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိအရာ၌ အဋ္ဌကထာအလာ။ သမဏအစစ်ဖြစ်သော အရှင်ဒီဃယောဏက မထေရ်အား ဆွမ်းသုံးကြိမ်လုပ်ကျွေးခဲ့ဘူးသော ဓမ္မိက တံငါကြီး၏ ကောင်းမှုစင်ကြယ်ခြင်း။ နောပဋိဂ္ဂါဟကတောဝိသုဇ္ဈတိအရာ၌ကား။ ဒီဃဂါမမုဆိုးကြီး၏အလှူကောင်းမှု၏အဘို့သည်သားဖြစ်သောပြိတ္တာအားမရောက်ခြင်းကြောင့် အလှူကိုခံသောဒုဿီလရဟန်းကြောင့်လည်းမစင်ကြယ်ဟူ၍ကျမ်းများ၌လာ၏။

ထိုကြောင့်အချို့သောကျမ်းဆရာကြီးများတို့သည်။ တံငါမုဆိုးကိုသာ ဒုဿီလပါပဓမ္မဟူ၍ ခေါ်လေ့ရှိကြသည် လက္ခဏာဖြစ်ရာ၏။ထိုမုဆိုးပင်လျှင်ရတနာသုံးပါးကိုကြည်ညိုသောပုဂ္ဂိုလ်ဖြစ်အံ့။ မိမိအဆွေတံငါသည်လည်းရတနာသုံးပါးအားကိုးကွယ်ခြင်းသို့ ရောက်သော မြန်မာလူမျိုးဖြစ်ငြားအံ့။ မုဆိုးလှည့်ပတ်လာရောက်ရာ။ တံငါအားအမဲဟင်းလျာကိုပေးသောကာလ။ တံငါကလည်းငါးကို ထိုမုဆိုးအားပေးသဖြင့်။ ။ထိုအခါ ထိုသူနှစ်ဦးတို့၌ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကိုဆောင်တတ်သောကောင်းမှုကြီးများသည်ဖြစ်ရာ၏။

အထက်ဝတ္ထုအလာပုဂ္ဂိုလ်များသည်သာသနာအတွင်း၌ရတနာသုံးပါးအားကိုးကွယ်ခြင်းသို့ရောက်သောပုဂ္ဂိုလ်များဖြစ်ကြ၍။ဒီဃဂါမမုဆိုး၏ ကောင်းမှုမစင်ကြယ်ခြင်းသည်ရဟန်းဒုဿီလ၏ အစွမ်းကြောင့်ဖြစ်သည်အတိုင်း ရဟန်းဒုဿီလကို

လည်းလူဒုဿီလနှင့်တပေါင်းတည်းပြုခြင်း။ရဟန်းသီလဝန္တကို လည်းလူသီလဝန္တနှင့်တပေါင်းတည်းပြုခြင်း။သောတာပတ္တိဖ လသစ္ဆိကြိယာယပဋိပန္နအလှူခံတွင်လည်းလူသီလဝန္တကလျာ ဏဓမ္မ။ ရဟန်းသီလဝန္တကလျာဏဓမ္မ။ လဒ္ဓိပေသလ ဓမ္မဝါဒီ တို့ကို သာရကြောင်း။ အလှူ ပေးသူ ဒါယကာ၏ အစွမ်းဖြင့် ဝိသုဒ္ဓိတိဖြစ်ခြင်းအင်္ဂါတို့သည် သီလဝါအရ၊ အကျင့်သီလရှိ ခြင်း။ကလျာဏဓမ္မအရ။ ဖြောင့်သောသမ္မာဒိဋ္ဌိအယူသမ္မာဒိဋ္ဌိ အမြင်ရှိခြင်းဟူ၍ အင်္ဂါနှစ်ပါး၊ ၎င်းအလှူခံပုဂ္ဂိုလ်၌လည်းနည်း တူ အင်္ဂါနှစ်ပါးရှိ၏။ အချို့ ဆရာတို့က ထိုအင်္ဂါနှစ်ပါးကို တ ပေါင်းတည်းပြုလုပ်၍ အနက်ယောဇနာသောကြောင့်။ အများ တွေဝေကြခြင်းလက္ခဏာရှိ၏။ အဘယ်သို့တပေါင်းတည်း ပြု လုပ်သနည်းဆိုသော်။ သီလဝါအရကို သီလရှိ၏ ဟူ၍၎င်း။ က လျာဏဓမ္မာ အရကောင်းသောအကျင့်လည်း ရှိသည်ဟူ၍ အ နက်ယောဇနာသောကြောင့်။ သီလနှင့် ကလျာဏ ဓမ္မသည်တ ပါးတည်းဖြစ်သကဲ့သို့ရှိ၏။ ထိုသို့ကားမဟုတ်နိုင်ရာချေ။သီလ နှင့်အကျင့်သည် အတူတူပင်ဖြစ်ထိုက်၏။ အကျင့်ကောင်းမှသီ လရှိနိုင်မည်။အကျင့်မကောင်းလျှင် သီလမရှိနိုင်ချေရာ။ကလျာ ဏ ဓမ္မဟူက။ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုသာလျှင် ရထိုက်ရာ၏။ သမ္မာ ဒိဋ္ဌိမဂ္ဂင်ကိုမရောက်သမျှကာလပတ်လုံး မိစ္ဆာဒိဋ္ဌိအမျိုးမျိုးဖြစ် တတ်ခြင်းကြောင့် ကလျာဏ ဓမ္မကို မရနိုင်ရာဟူ၍ မှတ်အပ် ၏။

ထိုကြောင့်ဝိစေယျဒါနံဒါတဗ္ဗံဟူသော်တရားတော်နှင့်။က ထဉ္စာ နန္ဒဒက္ခိဏာဒါယကတော စေဝဝိသုဇ္ဈတိ။ ပဋိဂ္ဂါဟက တောစ။ဣဓာနန္ဒဒါယကောစဟောတိသီလဝါကလျာဏဓမ္မော။ ဧဝံခေါပနာ နန္ဒဒက္ခိဏာဒါယကတောစေဝ ဝိသုဇ္ဈတိ။ပဋိဂ္ဂါ ဟကတောစ။ ဣမေခေါအာနန္ဒစတဿော ဒက္ခိဏာဝိသုဒ္ဓိ ယောတိ။ ။ဟူ၍ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော် အလာသည် ညီညွတ်ပေ၏။

အမေး။ ။ယခုအခါအလုံးစုံသော ရဟန်းတော်များသည် သံဃာဟူ၍ဝန်ခံကြကုန်၏။ အချို့ရဟန်းတော်များကလည်းငါတို့ဝါဒနှင့် ညီသော်သာလျှင်သံဃာ၊ မညီညွတ်ခဲ့သော် သံဃာမဟုတ်ဟူ၍ပြောဆိုလေ့ရှိကြကုန်၏။ တိဟိတ်ပုဂ္ဂိုလ်၊ သောတာပန်၊သကဒါဂါမ်၊ အစရှိသောအရိယာပရမတ္ထ သံဃာမရှိဟူ၍လည်းဆိုကြကုန်၏။ တိဟိတ်ပင်မရှိဟုဆိုကြသော်လည်းမိမိတို့ကားသံဃာဂုဏ်နှင့် ပြည့်စုံခြင်း၊ ကျင့်ခြင်းကြောင့်၊ သံဃာပင်တည်းဟုဆိုကြကုန်၏။ ။ဆရာဝေဘန်သည့်အတိုင်းယူသော် ဘိက္ခုသံဃာစစ်ကိုမရနိုင်ချေရာ။ ဂေါတြဘူဖြစ်သော ဥဒ္ဒိဿသံဃာသာလျှင် ဖြစ်ရာ၏။ ဤအချက်များကို ဝေဘန်စေလိုပါသည်။

အဖြေ။ ။သံဃာဟူက၊အနွယ်အားဖြင့်သံဃာ၊ ပုဂ္ဂိုလ်၏ဂုဏ်အားဖြင့်သံဃာ၊ အနွယ်ပုဂ္ဂိုလ်နှစ်ပါးစုံအားဖြင့်သံဃာဟူ၍သုံးပါးကွဲနည်းကိုမှတ်အပ်၏။ ။အနွယ်အားဖြင့်သံဃာဟူသည်ကား၊ပဋ္ဌမမဂ္ဂဉာဏ်တွင်သွတ်သွင်းခြင်းငှါမထိုက်သောအလဇ္ဇီ၊ ဒုဿီလ၊ သီလဝန္တ၊ အန္ဓပုထုဇဉ် ရဟန်းများသည်အနွယ်အားဖြင့်သာလျှင်သံဃာတော်၏ဝေါဟာရသမ္မုတိပညတ်အမည်ကိုရသောကြောင့်၊ဥဒ္ဒိဿသံဃာ၊ သို့မဟုတ်ဂေါတြဘူသံဃာမည်၏။

လူသောတာပန် အစရှိသော လူအရိယာ ပုဂ္ဂိုလ်တို့သည်ပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူးကြောင့်ပရမတ္ထသံဃာမည်ကုန်၏။

ရဟန်းသောတာပန်အစရှိသောပုဂ္ဂိုလ်တို့သည်အနွယ်အားဖြင့်လည်းသံဃာ၊ ပုဂ္ဂိုလ်၏ပညာသီလသမာဓိဂုဏ်တို့ကြောင့်လည်း သံဃာဖြစ်ကြသည်နှင့်ပရမတ္ထအရိယာသံဃာမည်ကုန်၏။

တပါးသောပုထုဇဉ်ရဟန်းသည် ရဟန်းအဖြစ်မှလျှောကျသဖြင့်သော်လည်းကောင်း၊ လူထွက်သော်လည်းကောင်း၊သာမညပုထုဇဉ်အဖြစ်သက်သက်သို့ရောက်ရာ၏။

တပါးသောပရမတ္ထအရိယာသံဃာတော်သည်လူထွက်အံ့၊ အန္တယ်မှချောကျသော်လည်းသံဃာတော်၏ဂုဏ်မှမယုတ်ရာ ပရမတ္ထသံဃာပင်မည်သေး၏။ ပုထုဇဉ်ရဟန်းလူထွက်သော်ကား၊သာမညလူပကတိဖြစ်ရာ၏။သောတာပန်ရဟန်းသည်လူထွက်သောအခါ၌ကား၊ အန္တယ်မှရှုံးသော်လည်းပုဂ္ဂိုလ်၏ဂုဏ်အကြွင်းရှိသေး၏။

သံဃာတော်၏ဂုဏ် ၉ ပါးတွင်၊သုပဋိပန္နတာဂုဏ်လည်းတပါး၊ ဥဇုပဋိပန္နတာ ဂုဏ်လည်းတပါး၊ ညာယပဋိပန္နတာဂုဏ်လည်းတပါး၊ သာမိစိပဋိပန္နတာဂုဏ်လည်းတပါး။ ဤသို့သောအင်္ဂါလေးပါးပြည့်စုံသော အားဖြင့်သာလျှင်ကြွင်းငါးပါးကိုေကန်ရအပ်၏။အင်္ဂါလေးပါးမပြည့်စုံသော်မရအပ်ချေရာ။သုပဋိပန္နတာဟူက၊သုသဒ္ဒါကိုအကြောင်းပြုသဖြင့်ကောင်းစွာကျင့်၏၊အရကား။ အပါယ်ပဋိသန္ဓေကိုများစွာဖြစ်စေထတ်သောပါတိမောက္ခသံဝရသီလကိုဖြည့်ကျင့်၏။လူတို့၌ကဲ့သို့ဝါရိတ္တသီလ၏စင်ကြယ် ခြင်းငှါ၊ အကုသိုလ် ကမ္မပထနှင့် ဒုစရိုက်ကို ရှောင်ကြဉ်သဖြင့်ကျင့်၏။ ။ထိုမျှလောက်သောအကြောင်းဖြင့်ဗြာဟ္မဏာ အဖြစ်သို့သာလျှင် ရောက်နိုင်ရာသည်။ သမဏာအဖြစ်သို့မရောက်နိုင်သေးဟူ၍မှတ်အပ်၏။

ဥဇုပဋိပန္နတာဂုဏ်သည်အလွန်နက်နဲ၏။သာမညအဓိပ္ပါယ်ဖြင့်ဖြောင့်စွာကျင့်၏ဟုဆိုလိုသည်။အတွင်းအနက်အားဖြင့်ကားနိဗ္ဗာနမဂ္ဂကထာကျမ်းပဋ္ဌမပိုင်း၌ပြသည်အတိုင်း။ ။ဥဇုကောနာမသောမဂ္ဂေါ။အဘယါနာမသာဒိသါ။ရထောအကူဇနောနာမ။ ဓမ္မစက္ကေဟိသံယုတ္တောဟိရိတသ္သအပါလမ္ဗော။သတျာဟံပရိဝါရဏံ။ဓမ္မဟံသာရထိဗြူမိ။သမ္မာဒိဋ္ဌိပုရေဇဝံ။ ။ဓမ္မပဒပါဠိတော်အလာအတိုင်း လောကုတ္တရာသမ္မာဒိဋ္ဌိရှေ့သွားရှိသောမဂ္ဂင်တရားရှစ်ပါးအားလျော်သောအကျင့်ကိုကျင့်ခြင်းမည်၏။

ညာယပဋိပန္နတာဂုဏ်ကား။ မဂ္ဂင်တရားရှစ်ပါးနှင့် ညီညွတ်သောအကျင့်သည်ပစ္စက္ခဘာဝ၌မဂ်ဖိုလ်နိဗ္ဗာန်ကိုေကန်လိုသော

ကြောင့် မဂ်ဟုတ်သည်မဟုတ်သည်ကိုရံခါရံခါဆင်ခြင်၍မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်စေခြင်း၄၊ မိမိအဇ္ဈတ္တသန္တာန်၊ သူတပါး၏ အဇ္ဈတ္တသန္တာန်၌ရှိသောကိလေသာတရား၊ သံယောဇဉ်တရား၊ နီဝရဏတရား၊ ဥပါဒါန်တရား၊ အစရှိသည်တို့ကိုဗလငါးပါးဖြင့် ဖြိုဖျက်နှိပ်နင်းပြီးလျှင်၊ ရသော အကျိုးတရားဟူသောသဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဣန္ဒြေငါးပါး၏ အစွမ်းကြောင့်ဟုတ်မှန်စွာမြင်တတ်သော လောကုတ္တရာယထာဘူတသမ္မာဒိဋ္ဌိဉာဏ်ပြည့်စုံခြင်း၊ နိဗ္ဗာန်၏ လက္ခဏာကိုထင်ရှားစွာမြင်တတ်သော အနုလောမဉာဏ်၏ အထွတ်သို့ ရောက်ခြင်း၊ ဂေါတြဘူဖြင့်ပုထုဇဉ်အနွယ်ကိုဖြတ်ခြင်းမည်၏။

သာမိစိပဋိပန္နတာဂုဏ်တော်ကား၊ အပအဓိပ္ပါယ်အားဖြင့် တရားတော်ကိုရိုသေစွာကျင့်ခြင်းမည်၏။ အတွင်းအနက်အားဖြင့်ကား မီးကိုမရိုသေသော်အိမ်နှင့်တကွ မြို့ရွာကိုမီးတိုက်၍ဖျက်ဆီးသေသဉ်မည့်သကဲ့သို့။တရားဟောခြင်း၌လွန်စွာသောသတိဖြင့် မိမိလည်းအန္တရာယ်မရှိ၊ ကိုးကွယ်ဆီးကပ်သောဒါယကာများ၌လည်းအန္တရာယ်မရှိစေခြင်းငှာမသိသော တရားကိုစိတ်ထင်ဖြင့်မဟော။ မဟုတ်သည်ကို အဟုတ်ယူ၍အဂတိလေးပါးသို့သက်၍ ဟောပြောမိခြင်း ကိုလည်းမပြု။ ဟုတ်ပင်ဟုတ်သော်လည်းဟောအပ်ဟောထိုက်သောတရား။ဖြေထိုက်မဖြေထိုက်သော ပြဿနာများကိုစဉ်းစားသဖြင့် ဝေဘန်ခြင်းတို့သည်သာမိစိပဋိပန္နတာဂုဏ်ပြည့်စုံသည်မည်ရာ၏။

ပါရမီဖြည့်ကျင့်နည်းဖြင့်ဝိသုဒ္ဓိခုနစ်ပါးတွင်တပါးမျှကေန်မဖြစ်နိုင်ရာ။ မဂ်သို့ရောက်သောခဏမှစ၍ ဖလဋ္ဌာန်ပုဂ္ဂိုလ် ဖြစ်သောကါလ၌သာလျှင်အလုံးစုံသောဝိသုဒ္ဓိ၊အလုံးစုံသောဝိပဿနာဉာဏ်ဆယ်ပါးတို့သည်တပြိုင်နက်ဖြစ်သဖြင့်ချုပ်ပြီးသည်နောက်မှထိုသောကာလ၌အစိုးရ၏။ ပုထုဇဉ်ကလျာဏပုဂ္ဂိုလ်၌ဖြစ်သော ဝိသုဒ္ဓိသည် တပါးတပါးကိုသာလျှင် မြင်ထိုက်သိထိုက်သလိုဉာဏ်၏ အလင်းသည်တဒင်္ဂပဟာန်၏ အစွမ်းဖြင့်မ

ထင်မရှားဖြစ်၏။ ဥပမာကားလျှပ်စစ်ပြက်သောအခါ၊ မှောင်မိုက်၍ ခေတ္တ ခဏမျှ မြင်ထိုက်၍ ထိုလျှပ်စစ် အရောင် ကွယ်လျှင် ပကတိမိုက်မြဲမိုက်ပြန်၏။ နေရောင်ဖြင့်သာလျှင် ထင်စွာမြင်ရသည့်ကာလဧကန်ရချသိရမြင်ရသကဲ့သို့ဉာဏ်၌ထင်၏။ ဉာဏ်သည်လည်း နာမ် လျှပ်စစ် ခါတ်မျှ ဖြစ်သော ကြောင့် ပညတ်ဖြစ်သောလျှပ်စစ်ကိုဥပမာပြု၍ဝေဘန်၏။

ထိုဂုဏ်လေးပါး၏ အစွမ်းဖြင့်သာလျှင် ကြွင်းငါးပါးသည် ဖြစ်သောကြောင့် ယခုကာလမဂ်ကို ဟောကြသော ပုဂ္ဂိုလ်များ၌ အရိယူပဝါဒကံ ထိုက်အောင် ဖြစ်မှားထိပါး ပြောဆိုခြင်း။ တိဟိတ်မရှိ မဂ္ဂဈာန်ဖလဈာန်မရှိဟူ၍ နတ္ထိကဒိဋ္ဌိထိုက်ရန်ပြောဆိုခြင်းဖြင့် ငါသည် သံဃာဂုဏ်နှင့်ပြည့်စုံသည်၊ ငါသည်ဗောဓိသတ်၊ ငါသည်ရဟန်းမြတ်ဟူ၍ ကလျာဏဓမ္မကို မရဘဲလျက်ရသကဲ့သို့ ထင်မှတ်ပြီးလျှင် အပအမှုအရာဖြင့် ဒါယကာအများကိုမှောင့်မှားကုန်သော ပုဂ္ဂိုလ်တို့ကိုအကြောင်းပြုသဖြင့် ဒါယကာတို့ကို တိုက်ရိုက် မဟောအပ်သည် အားလျော်စွာဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရကြ၍ ကိုယ်တိုင် ဟုတ်မှန်သည်အတိုင်းသိမြင်နိုင်ကြစေရန် နိဗ္ဗာနမဂ္ဂကထာကျမ်းနှင့်၊ ၎င်းကျမ်းတွင် ကွယ်သော အနက်များကို ဝေဘန်ရာ ဝေဘန်ကြောင်း ဖြစ်သော ဤနာနာဝါဒပုဗ္ဗာပိသမ္ဗန္ဓနီမည်သောကျမ်းကိုရေးသားလိုက်ပါသည်။ ။

ရဟန်းဒုသီလသည် အလှူခံပုဂ္ဂိုလ် ၁၄ ပါးတွင်မပါ။ သာသနာအပအခါ၌ ရဟန်း၏ အနွယ်မျှဖြစ်သော ယုတ်မာသော အကျင့်ရှိကုန်သောရဟန်းတို့ကိုအကြောင်းပြု၍ဒုသီလရဟန်းကိုလှူဒါန်းရာ၌လည်း သံဃာစစ်ကို ရည်မှန်း၍ လှူဒါန်းခြင်းအကျိုးကြီးကြောင်းကိုဘုရားရှင်ဟောတော်မူ၏ဟူ၍ ဘုရားရှင်၏ အကျိုးမဲ့ကို ပြောဆိုလေ့ ရှိကြသည်ကို ကြားသိရ သောကြောင့်သာသနာတော်၏အကျိုးဖြစ်ကိုရခံ၍ရေးအံ့။

ဘုရားရှင် ဟောတော်မူသည်မှာ။ ။ဘဝိသသုတ္တ ခေါပန

အာနန္ဒအနာဂတမဒ္ဓါနံ ဂေါတြဘုနောကာသာဝကဏ္ဌာဒုဿီ
လာပါပဓမ္မာတေသု ဒုဿီလေသု သံဃံဥဒ္ဒိဿဒါနံဒဒိဿန္တိ၊
တဒါပိတံ အာနန္ဒသံဃဂတံဒက္ခိဏံအသင်္ချေယျံအပ္ပမေယျန္တိ
ဝဒါမိ။ နတွေဝါဟံ အာနန္ဒကေနစိ ပရိယာယေန သံဃဂတာ
ယဒက္ခိဏာယပါဋိပုဂ္ဂလိကဒါနံမဟပ္ဖလတရံဝဒါမိ။ ။ဟူ၍
ဥပရိပဏ္ဏာသပါဠိတော်၌လာ၏။ ။အနက်ကား။ ။အာနန္ဒ၊ အာ
နန္ဒာ။ အနာဂတမဒ္ဓါနံ၊ နောင်လာလတ္တံ့သောကာလ၌။ ဂေါတြဘု
နော၊ ရဟန်း၏ အနွယ်မျှဖြစ်ကုန်သော။ ကာသာဝ ကဏ္ဌာ၊
သင်္ကန်းကိုဝတ်ရုံကုန်သော။ ဒုဿီလာ၊ မကောင်းသောသီလရှိ
ကုန်သော။ ပါပဓမ္မာ၊ မကောင်းသော မိစ္ဆာအမြင်မစင်ကြယ်
သောမိစ္ဆာဝါဒရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဝိဿန္တိ၊
ဖြစ်ကုန်လတ္တံ့။ တေသု ဒုဿီလေသု။ ထိုဒုဿီလ ရဟန်းတို့၌။
သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဒါနံ၊ အလှူကို။ ဒ
ဒိဿန္တိ၊ လှူကုန်လတ္တံ့။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုအခါ၌
လည်း။ သံဃဂတံ၊ သံဃာအားရည်မှတ်၍လှူသော။ ဒက္ခိဏံ၊
အလှူသည်။ အသင်္ချေယျံ၊ မရေတွက်နိုင်။ အပ္ပမေယျံ၊ မနှိုင်း
ယှဉ်အပ်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်
မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ကေနစိပရိယာယေန၊ တစုံတခုသောအ
ကြောင်းကြောင့်။ သံဃဂတာယ၊ သံဃာအား ရည်မှတ်၍ လှူ
သော။ ဒက္ခိဏာယ၊ အလှူထက်။ ပါဋိပုဂ္ဂလိကဒါနံ၊ ပုဂ္ဂိုလ်အား
အသီး ပိုင်းခြား ရည်မှတ်၍လှူအပ်သောဒါနသည်။ မဟပ္ဖလ
တရံ၊ အကျိုး ကြီးမြတ်သည် ဟူ၍။ အဟံ၊ ငါဘုရားသည်။
နတွေဝဝဒါမိ၊ ဟောတော် မမူသည် သာတည်း။ ။ဤအ
ချက်၌သာသနာအပအခါ ကိုဟောတော်မူသလော၊ သာသနာ
ငါးထောင်အတွင်း၌ ဖြစ်သော ယုတ်မာသော ရဟန်းများကို
အကြောင်းပြု၍ ဟောတော်မူ သလောဟု စောဒနာမူ။ မြတ်
စွာဘုရား တရားတော်ဟူသော ပိဋကတ်တော်သည် သာသ
နာအပအခါ၌ တစုံတခုမျှမရှိ။ ပါဠိအဋ္ဌကထာကို ယောဇနာ

ထို၍လည်းရှာမရဖြစ်လတံ့။ ထို့ကြောင့် သာသနာတွင်းအခါကိုအတည်ပြုစေလိုသည်တကြောင်း။

သာသနာအပအခါ၌ သာသနာ ရဟန်းသည် ရှိတော့မည်မဟုတ်။ တက္ကုတွန်းရဟန်းမျှရှိတော့မည်။ သင်္ကန်းကိုလည်မှာ ပတ်ရုံမျှ ဖြင့်ဥဒ္ဒိဿ သံဃာမဖြစ်ထိုက်သောကြောင့် ယခုအခါ သံဃာတော်၏ အမှုအရာမပြည့်စုံသော ဆံကျစ်ထုံးသော ကုလားဘုန်းကြီး။ သံဃာတော်တို့ ဝတ်ရုံနိုင်ရန် မအပ်သော အဝတ်အရုံကို ဝတ်ဆင်သော အပသာသနာရသေ့ရဟန်းကို သာသနာတွင်း၌ဖြစ်စေ။ သာသနာအပအခါ၌ဖြစ်စေ။ သံဃာတော်အားရည်မှတ်သဖြင့် သံဃိကဒါနမြောက်ရန် မလှူဒါန်းနိုင်မလှူဒါန်းအပ်သည်လည်းတကြောင်း။

ပါဠိတော်၌သာသနာငါးထောင်ကုန်သောကာလဟူ၍ကာလကိုပိုင်းခြား၍ ဟောကြားတော်မူခြင်း မရှိသည်လည်း တကြောင်း။

သရဏဂုံရှိသောဥပါသကာ၏ဒါန၊ သရဏဂုံရှိသောအလှူခံရဟန်းနှစ်ပါးပြည့်စုံမှ။ သံဃိကဒါနဖြစ်နိုင်သည်တကြောင်း။ သင်္ကန်းကို ဝတ်ရုံကာမျှဖြင့် ဂေါတြဘူသံဃာမဖြစ်နိုင်၊ ဉတ်ကမ္မဝါစာပါမှဂေါတြဘူသံဃာဖြစ်နိုင်ခြင်းတကြောင်း။

ဒုဿီလနှင့် ပါပဓမ္မနှစ်ပါးကို အင်္ဂါပြုလုပ်သဖြင့် ဒေသနာတော် တင်သော ကြောင့်၊ လူတို့ မကြည်ညို ဘွယ်သော မကောင်းသော အကျင့်သီလ အင်္ဂါအမူအရာတပါး၊ သာသနာတော်၏ အန္တရာယ်ဖြစ်သော မကောင်းသော မိစ္ဆာ အမြင်၊ မစင်ကြယ်သော မိစ္ဆာဝါဒအင်္ဂါတပါး၊ ထိုနှစ်ပါးကိုအသီးအခြားပြု၍ဟောတော်မူခြင်း၊ ဇင်းဘုရားရှင်၏သုဂတဂုဏ်တော်အလျောက်၊ အပသာသနာ၏မိစ္ဆာပါပဓမ္မကို ဗုဒ္ဓဘာသာဝင်လူတို့၌ အကျိုးမရှိသောကြောင့် သာသနာရဟန်း၏ ဒုဿီလအဖြစ်၊ ပါပဓမ္မ၏ အဖြစ်များကို အကြောင်းပြုသဖြင့် ဟော

ကြား တော်မူခြင်း လက္ခဏာ ထင်ရှား သောကြောင့် လည်း တပါး။

လှူဒါန်းရသောအကျိုးသည် သံဃာတော်တွင်ရဟန္တာ အရှင်မြတ်ကို သီးမှတ် ပိုင်းခြား၍ ပုဂ္ဂလိကဒါနလှူဒါန်းရသောအကျိုးထက် ကြီးသော ကြောင့်၊ သာသနာ ရဟန်းကို ဟောတော် မူလိုသော လက္ခဏာ ထင်ရှားခြင်းလည်း တကြောင်း၊ ထိုအကြောင်း အလုံးစုံတို့ကြောင့်သာ သနာတွင်း အခါ၌ ဖြစ်သော သာမညဒုဿီလရဟန်းလည်းတပါး၊ သီလပင်အနေကန်ရှိသော်လည်းသမ္မာဒိဋ္ဌိဥာဏ်မယှဉ်။ မိစ္ဆာအမြင်မိစ္ဆာဒိဋ္ဌိအယူကိုယူသောသာသနာပရဟန်း၊၎င်းနှစ်ပါးသောပုဂ္ဂိုလ်များကိုရ၏ဟူ၍ဥာဏ်ကို စေ့ဆော်ခဲ့ပြီးသည်အလျောက်ဟုတ်မှန်သည် အတိုင်းသိမြင်နိုင်ရာသည်။

ဤမျှဖြင့်နာနာဝါဒပုစ္ဆာ ဝိသဇ္ဇနီမည်သောကျမ်းသည် ဆုံးခမ်းသို့ရောက်၏။

---

## မှာတန်းချက်။

နိဒါန်း၌ပြခဲ့သောအကျိုးထူးများကိုလိုသောကြောင့်ဤကျမ်းနှင့်တကွ၊ မူလဖြစ်သော နိဗ္ဗါနမဂ္ဂကထာကျမ်းကိုရေးသားရာ၊ ဥပါသကာတို့ကမိမိတို့ဝါဒကိုနှိပ်စက်လှသည်ဟုဇွသာမန္တရိယ မဖြစ်မူ၍၊ သာသနာတော် မြတ်၏ ပြုစင်ခြင်း အကြောင်းကောင်းမြတ်သောဩဝါဒကထာ၊ မှတ်သားလောက်သော အရာဌာနကိုသုတ်သင်ခြင်းကိစ္စဟူ၍ ကြည်ဖြူ နှစ်သက်ကြသဖြင့် သာသနာတော်ကို ထောက်မခြင်းအမှု၌ ဂရုကတပြု၍ ဓမ္မဒါနအမှုတွင်ပါဝင်နိုင်ရန် သဒ္ဓါ စေတနာကို ရှေ့ထားကြလိမ့်မည်ဟူ၍မြော်လင့်ပါ၏။

သာသနာတွင်းမိစ္ဆာဒိဋ္ဌိအယူမရှိဟူ၍၊ မအောက်မေ့သင့်။

ပဠမသင်္ဂါယတနာတင် မင်းတုံးဘုရင် လက်ထက်။ ပုညာဘိသင်္ခါရကို အကျိုးမရှိဟူ၍ ဟောသောရတနာသုံးပါးအားကိုးကွယ်ခြင်းသို့ရောက် သောလူမောင်ပို။ ထိုလူ၏ အလားကိုလွန်စွာသနားလှေ့ရှိခြင်း လက္ခဏာရှိသော ရဟန်းကြီးမဟာထေရ်ကြီးများကို ထောက်သဖြင့်သာသနာတော်၌လည်းမိစ္ဆာဒိဋ္ဌိအမျိုးမျိုးရှိကြောင်း။ ၎င်းမိစ္ဆာဒိဋ္ဌိသည်ငယ်သော်၊သဂ္ဂါဝရဏာဟူ၍ အပါယ်သို့ဆောင်တတ်သောဌာန၊ ကြီးသော်မဂ္ဂါဝဏာဟူ၍မဂ်ဖိုလ်နိဗ္ဗာန်ကိုတားမြစ်တတ်သောဌာန၊အဂ္ဂိတ္တရဏေကနိပါတ်အဋ္ဌကထာမိစ္ဆာဒိဋ္ဌိသုတ် အဘွင့်၌လာသော။ ယထာဟိရဂ္ဂမာသပ္ပမာဏာပိ ပါသာဏ သက္ခရာဥဒကေ ပတိတာဥပရိပဝတ္တမာနာနာမနတ္ထိ။ကေန္တံ။ဟေဋ္ဌာဝပတတိ။ ဧဝမေဝအန္တံမသောသက္ကာယဒိဋ္ဌိပိ။ သဂ္ဂဥပနေတုံ သမတ္ထာနာမနတ္ထိ၊ အပါယေသုယေဝနိမုဇ္ဇာပေတိ။ ။ပါဌ်အရင်း၊ဥပါဒါန်၊ကာံ၊ဒုစရိုက်၊ကမ္မပထတရားလေးပါးလုံးပင် အယုတ်ဆုံးအားဖြင့်ဟောတုပစ္စည်းကိုရသည်အလျောက် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော ကာလတို့၌ မျက်မှောက်ခံစါးအပ်သာအကျိုးကိုဖြစ်စေနိုင်ကြောင်းအထက်ရေးသားခဲ့သည်နှင့်အညီ ယုံမှားခြင်းအမျိုးမျိုးတို့ကို လွှန်မြော်စေကြ၍ မဂ်ဖိုလ်နိဗ္ဗါန်ကိုမျက်မှောက်ပြုနိုင်ကြပါစေသောဟုမေတ္တာကိုရှေ့ထားသဖြင့်မှာကြားလိုက်ပါသည်။

အများပင်အကျိုးထူးကိုမခံစားရသော်လည်းမြတ်စွာဘုရားအမိန့်တော်မြတ်ကိုကြည်ညိုလေးမြတ်အပ်သည်အလျောက်။ ။ဒေသေသိ ဘိက္ခဝေဓမ္မံအာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယောသာနကလျာဏံ၊ အတ္ထံဗျဉ္ဇနံ၊ ကေဝလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ၊ ဗြဟ္မစရိယံပကာသေထ။သန္တိ သတ္တာအပ္ပရဇက္ခဇာတိကာ။ အဿဝနတာ ဓမ္မဿပရိဟာယန္တိ။ ဘဝိဿန္တိ ဓမ္မဿ အညာတာရော။ ။ဟူသောအာဏာတော်ခံသာဝကမှန်သပ္ပုရိသပုဂ္ဂိုလ်မွန်တို့ ကျင့်ထုံးကို နှလုံးသွင်း သဖြင့် အရင်းစရိပ်ငွေကို စိုက်ထုတ်သဖြင့် ဘုတ်အုပ် ပြုလုပ် ဟောကြားရပါသည်၊သူတော်

ကောင်းတစုတို့။ ဤကောင်းမှုအဘို့ကိုလည်း အမျှဝေ၍မြန်မာ ပြည်တွင် ကျရှိသော ပလိဂ်ရောဂါကပ်သည်၊ တရားတော်၏ အာနုဘော်ကြောင့်ပရိတ်ကြီးပါဠိတော်အလာဝေသာလီဂါမါ ဟိုင်းကြီး၌ာနာတွင် ထူးစွာကပ်ရောဂါကျရောက်သည့် အခါ၊ ပရိတ်မေတ္တာ အစရှိသော သာသနာတော်မြတ်၏ တန်းခိုးတေ ဇော် အာနုဘော်တော်ဖြင့် လျင်စွာပျောက်ပ ချမ်းသာခြင်းဖြစ် ခဲ့သည်အလျှော်၊ ယခုရေးသားသောသာသနသုဒ္ဓိအခြေဖြစ် သော နိဗ္ဗာနမဂ္ဂကထာကျမ်းနှင့် နာနာဝါဒပုဏ္ဏာဝိသဇ္ဇနီကျမ်း များ၏ တန်းခိုးတေဇော် အာနုဘော် တော်ကြောင့်။ လျင်စွာ ကွယ်ပျောက် ပါစေဟူ၍ သာသနာစောင့် နတ်များကိုလည်း အမျှဝေပါ၏။

---

ထိန်ဘောဂြိ

ဗုဒ္ဓနိဗ္ဗာန် - စာကြည့်တိုက်
အမှတ် ............
နေ့စွဲ ............
* မောင်စိုးညွန့် *

pdf creator - Wanna Soe